ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ဝါခေါင်လဆန်း (၁၂) ရက် ၊ သောကြာနေ့ ၊ (16-8-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၀၈)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ဖြူးမြို့နယ် ညောင်ပင်သာနှင့် ဖြူးဘူတာကြား မိုင်းပေါက်ကွဲမှုကြောင့် လုံခြုံရေးကင်းလှည့်သံလမ်းပြေးယာဉ် (RGC- 89) လမ်းချော်ကျမှုဖြစ်ပွားပြီး လူစီးရထားနှင့် ကုန်ရထားများ ကြန့်ကြာမှုဖြစ်ပေါ်ခဲ့





ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ဖြူးမြို့နယ် ညောင်ပင်သာနှင့် ဖြူးဘူတာကြား မိုင်းပေါက်ကွဲမှုကြောင့် လုံခြုံရေးကင်းလှည့် သံလမ်းပြေးယာဉ် (RGC-89) လမ်းချော်ကျမှုကို တွေ့ရစဉ်။

**နေပြည်တော် ဩဂုတ် ၁၅**

ယနေ့နံနက် ၁ နာရီခန့်တွင် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း ဖြူးမြို့နယ် ညောင်ပင်သာဘူတာမှ လုံခြုံရေးကင်းလှည့်ထွက်ခွာလာသည့် သံလမ်းပြေးယာဉ်(RGC-89)သည် နံနက် ၁ နာရီ ၁၅ မိနစ်ခန့်တွင် ညောင်ပင်သာနှင့် ဖြူးဘူတာကြား အဆန်လမ်း မိုင်တိုင်အမှတ်(၁၃၂) ကြေးနန်းတိုင်အမှတ် ၅ နှင့် ၆ ကြား၌ ဖြတ်သန်းစဉ် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က Remote မိုင်းဖြင့် ဖောက်ခွဲခဲ့သဖြင့် သံလမ်းပြေးယာဉ်(RGC-89) လမ်းချော်ကျမှုဖြစ်ပွားခဲ့ရခြင်းကြောင့် လူစီးရထားနှင့်ကုန်ရထားများ ကြန့်ကြာမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသ တာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီရောက်ရှိပြီး နယ်မြေရှင်းလင်းစစ်ဆေးခြင်း၊ မြန်မာ့မီးရထားဝန်ထမ်းများကလည်း လမ်းချော်ကျသော သံလမ်းပြေးယာဉ်အား မတင်၍

**စာမျက်နှာ ၂၁ ကော်လံ ၁**

## ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ ပူးပေါင်း၍ သိပ္ပံပွဲတော် ၂၀၂၄ ကျင်းပ

စာမျက်နှာ- ၁၆

## တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Wang Yi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

စာမျက်နှာ- ၁၇

## ၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲ ရောင်းချပွဲ စတုတ္ထနေ့တွင် ပုလဲအတွဲ ၂၁၀ ရောင်းချနိုင်ခဲ့

စာမျက်နှာ- ၁၈



## ယနေ့လူငယ်နှင့် ဗလငါးတန်ဖွံ့ဖြိုးရေး

ဆောင်းပါး

စာမျက်နှာ- ၂၃

သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ရွှေဖီဦး




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ရတနာပုံ
၂၀၁၆ ခုနှစ် ဩဂုတ် ၁၆ ရက်
အယ်ဒီတာ့အာဘော်

# မြန်မာ့အဖိုးတန်ပုလဲရတနာ

မြန်မာနိုင်ငံသည် သဘာဝသယံဇာတတွင်းထွက်ပစ္စည်းများနှင့် ကျောက်မျက်ရတနာမျိုးစုံထွက်ရှိသော အဖိုးတန်ရတနာမြေများပိုင်ဆိုင်ရာ နိုင်ငံဖြစ်သည့်အားလျော်စွာ တန်ဖိုးကြီးအရည်အသွေးမြင့်ပုလဲရတနာနှင့် အခြားသောကျောက်စိမ်း၊ ပတ္တမြား၊ နီလာ စသည့်အဖိုးတန်ရတနာများစွာလည်း ထွက်ရှိပေသည်။

မြန်မာနိုင်ငံနေရာဒေသအနှံ့အပြားမှထွက်ရှိသော တွင်းထွက်ရတနာများသည် ဒေသအလိုက် အမျိုးအစားများကွဲပြားသော်လည်း တန်ဖိုးနှင့်အရည်အသွေးမှာ နိုင်ငံတကာတွင် တန်ဖိုးအကြီးဆုံးနှင့် တန်ကြေးအမြင့်ဆုံးကျောက်မျက်ရတနာအဖြစ် အသိအမှတ်ပြုခြင်းခံရသဖြင့် မြန်မာနိုင်ငံသည် ပြည်ပနိုင်ငံအများစုက ကျောက်မျက်ရတနာမြေအဖြစ် အားကျရသောနိုင်ငံလည်းဖြစ်ပေသည်။

ထိုသို့ မြန်မာနိုင်ငံဒေသအနှံ့အပြားမှထွက်ရှိသော ကျောက်မျက်ရတနာများကို နိုင်ငံအတွင်းတွင် ကျောက်မျက်ရတနာပြပွဲများကျင်းပပြုလုပ်ရောင်းချခြင်းဖြင့် နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေရရှိစေသကဲ့သို့ နိုင်ငံသားများအတွက်လည်း အကျိုးစီးပွားဖြစ်ထွန်းစေမည်ဖြစ်သည်။ ထို့ကြောင့် ကျောက်မျက်ရတနာများကိုရောင်းချနိုင်မည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှစပြီး ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပေသည်။

ယခုအခါ (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲကို ဩဂုတ် ၁၂ ရက်တွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်သည်။ (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲကို ဩဂုတ် ၁၂ ရက်မှ ၁၅ရက်ထိ တောင်ပင်လယ်ပုလဲအလုံး ၁၇၅၀၀၀၊ အတွဲ ၇၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် သဘာဝအလျောက်ထွက်ရှိသည့် သယံဇာတပစ္စည်းများပေါကြွယ်လှသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ သတ္တုနှင့်သတ္တုရိုင်းများ၊ ကျောက်စိမ်းများ၊ အခြားသတ္တုများ၊ တွင်းထွက်ကျောက်များနှင့် သတ္တုတို့ကို ကျောက်မျက်ရတနာပြပွဲများကျင်းပပြုလုပ်ရောင်းချခြင်း၊ တန်ဖိုးမြင့်ပြုလုပ်ထားသော လက်ဝတ်ရတနာတင်ပို့ခြင်းဖြင့် နိုင်ငံခြားငွေများစွာ ရှာဖွေပေးလျက်ရှိပါသည်။ တွင်းထွက်ပစ္စည်းများအနက် ကျောက်စိမ်းသည် အများဆုံးထွက်ရှိသည့်ပစ္စည်းဖြစ်ပြီး ကချင်ပြည်နယ် မြစ်ကြီးနား၊ မိုးမိတ်၊ မိုးကောင်းမြို့နယ်တို့မှထွက်ရှိသည်။ ထို့ပြင် ပုလဲရတနာသည်လည်း တန်ဖိုးကြီးအရည်အသွေးမြင့်ပြီး နိုင်ငံခြားငွေများစွာရှိအောင် ရှာဖွေပေးသောပစ္စည်းတစ်မျိုးဖြစ်ပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံမှထွက်ရှိသည့် တန်ဖိုးမြင့်ပုလဲနှင့် ကျောက်မျက်ရတနာများကို ပြည်ပနိုင်ငံများသို့ရောင်းချခြင်းဖြင့် ပြည်တွင်းရှိကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့် ဆက်စပ်လုပ်ငန်းများတွင် လုပ်ကိုင်ကြသည့် ပြည်သူများအတွက် အကျိုးအမြတ်ရရှိစေနိုင်မည့်အပြင် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိစေမည်ဖြစ်သဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တစ်ဖက်တစ်လမ်းက အထောက်အကူပြုစေမည်ဟုယုံကြည်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတူးမြောင်းမကြီးအတွင်းသို့ရေဝင်ရောက်မှု စစ်ဆေး



**မန္တလေး ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ဩဂုတ် ၁၄ ရက် ညနေပိုင်းက ဆည်တော်လေးရေလွှဲဆည်မှတစ်ဆင့်ဆည်တော်ကြီးရေသောက်စနစ်မန္တလေးတူးမြောင်းမကြီးသို့ ရေဝင်ရောက်မှုနှင့် ပျိုးထောင်ထားသည့် မိုးစပါးပျိုးခင်းများသို့ ရေပေးသွင်းထားမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အမရပူရမြို့နယ်ရှိ ဆည်တော်ကြီးရေသောက်စနစ် တမုတ်ဆိုး(ဘီ)လက်တံမြောင်းသို့လည်းကောင်း၊ ပုသိမ်ကြီးမြို့နယ် ကျောက်မီးကျေးရွာရှိ ဆည်တော်ကြီးရေသောက်စနစ် မန္တလေးတူးမြောင်းမကြီးသို့လည်းကောင်း ရောက်ရှိပြီး ဆည်တော်လေးရေလွှဲဆည်မှရေဝင်ရောက်မှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် ဆည်တော်လေးရေလွှဲဆည်၏ ရေဆင်းဧရိယာဖြစ်သော ပြင်ဦးလွင်မြို့၌ မိုးရေချိန် ၂ ဒသမ ၃၂ လက်မ ရွာသွန်းခဲ့မှုကြောင့် နားဋောင်းကျချောင်းမှ စီးဝင်ရေ၊ ဆည်တော်လေးရေလွှဲဆည်ရေထိန်းတံခါးမှ ဆည်တော်လေး မြောင်းမတော်မြောင်းသို့ ရေပေးသွင်းခဲ့မှုနှင့် မန္တလေးတူးမြောင်းမကြီးအတွင်းသို့ရေများဝင်ရောက်နေမှု၊ မန္တလေးတူးမြောင်းမကြီးအတွင်း စီးဝင်ရေများ မြောင်းမကြီးအတွင်း စုဆောင်း သိုလှောင်ထားရှိမှုနှင့် ရေလိုအပ်သည့်အချိန်တွင် မန္တလေးတူးမြောင်းမကြီး အောက်ပိုင်း အမရပူရမြို့နယ်ရှိ မိုးစပါးစိုက်ပျိုးရေ ဖြည့်စွက်ပေးဝေနိုင်ရေးနှင့် သောက်သုံးရေပေးဝေနိုင်ရေးစီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို လိုက်ပါရှင်းလင်းပြသခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စုဆောင်းသိုလှောင်ရေများကို စိုက်ပျိုးရေးကဏ္ဍတွင် ထိရောက်စွာဖြည့်စွက်သုံးစွဲသွားရေးတို့ကို ဌာနချင်းချိတ်ဆက်၍ စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း စသည်ဖြင့်ပြောကြားပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၈၉၆ ဧက စိုက်ပျိုးပြီးစီး

**ကလေး ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၈၉၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၈၉၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကလေးခရိုင်အတွင်း ငှက်ပျော ၈၉၆ ဧကစိုက်ပျိုးဖို့လျာထားတယ်။ အခုလက်ရှိမှာတော့ ငှက်ပျောစိုက်ပျိုးမှုအနေနဲ့ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ အခုနောက်ပိုင်း လယ်ကန်သင်းတွေမှာ ငှက်ပျောစိုက်တာမျိုးလဲ တွေ့လာရတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် ငှက်ပျောစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ၅၉၆ ဧက၊ ကလေးဝမြို့နယ်တွင် ၁၁၅ ဧကနှင့် မင်းကင်းမြို့နယ်တွင် ၁၈၅ ဧက စုစုပေါင်း ၈၉၆ ဧကဖြစ်ကြောင်း သိရသည်။

ငှက်ပျောစိုက်တောင်သူများအနေဖြင့် မြေတစ်ဧကလျှင် ငှက်ပျောပင် ၁၀၀၀ ခန့်ထိ စိုက်ပျိုးပြီး တစ်ဧကလျှင် အသီးသီးသည်ထိ စိုက်ပျိုးစရိတ်ငွေကျပ် သိန်း ၂၀ ကုန်ကျမှုရှိရာ အသီးသီးချိန်တွင် တစ်ဧကလျှင် ငွေကျပ် သိန်း ၅၀ ခန့်ထိပြန်လည်ရရှိကြောင်း သိရသည်။

(၂၀၆)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး ဩဂုတ် ၁၅**

ကားဈေးကွက်တွင် ကြိုက်ရောင်းကြိုက်ဝယ် ပုံစံမျိုးဖြင့် အရောင်းအဝယ်ဖြစ်နေဆဲဖြစ်ပြီး ပွိုင့်သရီးကားလေးများမှာ ငွေကျပ် သိန်း ၃၅၀ မှ သိန်း ၈၀၀ ကြား အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

ထို့ပြင် ၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက်အော်တို ငွေကျပ် သိန်း ၁၉၀ ခန့် ဈေးပေါက်နေပြီး Manual ငွေကျပ် သိန်း ၁၇၀ ခန့် ဈေးပေါက်နေကြောင်း သိရသည်။

ပွိုင့်သရီးကားအမျိုးအစားများမှ ဟွန်ဒါဖစ်၊ တိုယိုတာဝစ်ရှ်၊ တိုယိုတာဗစ်ဇ်၊ တိုယိုတာရက်တစ်ဇ်၊ တိုယိုတာဘယ်လ်တာကားအမျိုးအစားများ အရောင်းအဝယ်ရှိကြောင်း၊ လျှပ်စစ်သုံးကားများမှာ ငွေကျပ် သိန်း ၇၀၀ ခန့်မှ သိန်း ၁၃၀၀ ခန့်ဈေးရှိကြောင်း၊ စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက်စလစ် ငွေကျပ် ၁၃၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၂၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၃၀ ခန့်ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

ဆိုင်ကယ်ဈေးကွက်အတွင်း တစ်ပတ်ရစ်ဘီးများ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်နေကြောင်း ၅၉ လမ်းဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

လျှပ်စစ်သုံးဆိုင်ကယ်များမှာ ငွေကျပ် ၁၅ သိန်းခန့်မှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိကြောင်း၊ တစ်ပတ်ရစ်ဆိုင်ကယ်အရောင်းအဝယ်ဖြစ်မှုအနေဖြင့် တရုတ်ဘီးများမှ ကန်ဒါ၊ ဆိုင်ကလုန်း၊ ဇောင်ချမ်းအမျိုးအစားများ ပို၍ အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ်နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ ၇၅ သိန်းခန့်၊ အနိမ့်ဘီး Click များမှာ ငွေကျပ် သိန်း ၂၀ မှ ၃၅ သိန်းခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် သိန်း ၂၀ မှ ၃၃ သိန်းခန့်ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ်အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၉ သိန်းမှ ၁၇ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၉ သိန်း ၅ သောင်းမှ ၁၉ သိန်း ၅ သောင်းခန့်ရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပျော်ဘွယ်မြို့နယ် ညောင်ဇောက်ကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပျော်ဘွယ် ဩဂုတ် ၁၅

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ညောင်ဇောက်ကျေးရွာ၌ ပထမအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၉၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ညောင်ဇောက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ်သိန်း ၁၈၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၄၉ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၆၈ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၉၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဒေါ်ဝင်းဝင်းမာ၊ ဒေါ်ထွေးထွေး မိသားစုက ကွယ်လွန်သူ ဖခင် ဦးခင်မောင်တာနှင့် မိခင် ဒေါ်တင်မေတို့ အားရည်စူး၍ ဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၆၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ ခေါင်းဆောင် ဦးစိုးလင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်နှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၁၂၈၁ ဧက စိုက်ပျိုးပြီးစီး



မြောင်းမြ ဩဂုတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၁၂၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြောင်းမြမြို့နယ်၌ ပီလောပီနံ ၁၂၈၁ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စိုက်ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ပီလောပီနံ ၁၂၈၁ ဧက အားလုံး စနစ်တကျ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

"မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ပီလောပီနံ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့နဲ့ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေကို အချိုးကျအသုံးပြုတတ်စေဖို့၊ စိုက်ပျိုးထားတဲ့သီးနှံတွေ ပိုးမွှားကျရောက်မှုမရှိစေဖို့ ဝန်ထမ်းတွေကကြီးကြပ်ကွင်းဆင်းနည်းပညာပေး လုပ်ငန်းတွေကို ဆောင်ရွက်ပေးထားပါတယ်။ တောင်သူတွေကလဲ ပီလောပီနံ စိုက်ဖူးတဲ့ အတွေ့အကြုံရှိတဲ့အတွက် အခက်အခဲမရှိစိုက်ပျိုးနိုင်ပါတယ်။ ဒေသခံတောင်သူတွေ စိုက်ပျိုးတဲ့ ပီလောပီနံတွေက အထွက်နှုန်းကောင်း အမျိုးအစားတွေပါ"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ပီလောပီနံကို ဒေသခံတောင်သူ ၁၁၉ ဦးက စိုက်ပျိုးကြပြီး အဆိုပါ ဒေသ၌ စိုက်ပျိုးသည့် ပီလောပီနံပင်သည် စတင်စိုက်ပျိုးသည့်အချိန်မှ လေးလခန့်အကြာတွင် ပြန်လည်တူးဖော်ပြီးရောင်းချနိုင်ကြောင်း၊ အဆိုပါ ထွက်ရှိလာသည့် ပီလောပီနံများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သာစည်မြို့နယ် မယ်ဇလီကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

သာစည် ဩဂုတ် ၁၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာစေရန် ရည်ရွယ်၍ မယ်ဇလီကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်ထားရှိမှုကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မယ်ဇလီကန်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၃ ဒသမ ၁ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

မယ်ဇလီကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ဦး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ၁၂၈ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၃ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ရေဦးမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၈၀၁၁ ဧက ရိတ်သိမ်းပြီးစီး

ရေဦး ဩဂုတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၈၀၁၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ရေဦးမြို့နယ်တွင် စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် ဇွန်လမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၈၀၁၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၇ ဒသမ ၆၈ တင်း ထွက်ရှိကြောင်း သိရသည်။

"ရေဦးမြို့နယ်မှာ နွေသီးနှံစိုက်ပျိုးရာသီက နွေစပါး ၈၀၁၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာနဲ့ သီးနှံတွေပျက်စီးဆုံးရှုံးမှုမရှိစေဖို့၊ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် အသိပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာပေးခြင်း၊ နွေသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရန် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တောင်သူများအနေဖြင့် နွေစပါးနှင့် အခြားသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပြန်ထားသည့်သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များ၊ မြေဆီလွှာအာဟာရဖြည့်တင်းရေးဆိုင်ရာ လုပ်ငန်းများနှင့် မျိုးကောင်းမျိုးသန့်များ ကြိုတင်စုဆောင်းရေးဆိုင်ရာလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ ကြိုတင်ပြင်ဆင်ထားကြောင်း သိရသည်။

(၂၀၆)



# သဒ္ဓါမစဲလှူဒါန်းပွဲနှင့် မစဲသွန်းဖြိုးမေတ္တာမိုး

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

''သာစွလေ- တိမ်ခြေမှိုင်းထန်၊ လဗိမာန်နှင့် သရဝဏ်နက္ခတ်၊ ပြည်မှတ်တစ်လီ၊ သိဟ်ရာသီဟု၊ ခတ္တရီခတ္တာ၊ ပင်တိုင်းဖြာသား၊ နံ့ကာဆန်းစ၊ ဝါခေါင်လကား၊ ကျောင်းမှမကွာ၊ ထေရ်သံဃာတို့၊ သဒ္ဓါရွှင်လန်း၊ ဆွမ်းပန်းကျွေးဟန်၊ စာရေးတံဟု ကောင်းမွန်စီရင်...''

(ဦးအောင်ကြီးဖွဲ့-လူးတား)

''စုံကာခေါ်ကြ၊ ဝါခေါင်လ၊ သီဟရာသီထား၊
စာရေးတံပွဲ၊ ခြိမ့်ခြိမ့်သဲ၊ လှူမြဲကျော်ထင်ရှား၊
သရဝဏီနက္ခတ်၊ စန်းယှဉ်လတ်၊ ခတ္တာပွင့် ထွားထွား...''

(ရှေးစာဆိုတစ်ဦးဖွဲ့-သံပေါက်)

**ဝါဆိုဝါခေါင် ရေဖောင်ဖောင်**

မြန်မာ့ဆယ့်နှစ်လရာသီတွင် (၁)ဂိမှာန(နွေဥတု)၊ (၂)ဝဿာန(မိုးဥတု)၊ (၃)ဟေမန္တ(ဆောင်းဥတု)ဟူ၍ ဥတုသုံးပါးရှိရာ ဝါခေါင်လသည် ဝဿာန(မိုးဥတု) တွင်ပါဝင်သည်။

(၁)ဝသန္တရတု၊ (၂) ဂိမှရတု၊ (၃)ဝဿာနရတု၊ (၄) သာရဒရတု၊ (၅)ဟေမန္တရတုနှင့် (၆)သသိရရတု ဟူ၍ ရတုခြောက်ဖြာရှိရာ ဝါခေါင်လသည် ဝဿာနရတု(မိုးရာသီ)ထဲတွင် ပါဝင်လျက်ရှိသည်။ ထို့ကြောင့် **'ဆရာကြီးမင်းသုဝဏ်'** က **'ဝါဆိုဝါခေါင် ဝဿာန၊ အနောင်တောင်က မိုးသက်ကျ'**ဟူ၍ ရတုခြောက်ဖြာသံပေါက်ကို ရေးစပ်ခဲ့သည်။ မုံရွေး ဇေတဝန်ဆရာတော်၏ **တစ်ဆယ့်နှစ်လ မိုးလက်ာ** မှတ်စုစာအုပ်ထဲတွင် **'ဝါခေါင်တစ်ကြောင်း၊ ထနောင်းကြောင်ကျစ်၊ ဆူးရစ်ပွင့်ခါ၊ မိုးမရွာ၊ ရွာပါသော်လည်း မိုးမသည်း'** ဟုလည်း ရေးသားထားသည်။ ရာသီက လောကသဘာဝအရ အမျိုးမျိုးဖောက်ပြန်နေကြလေရာ၊ ခန့်မှန်းချက်များလွဲသည့်အခါ လွဲနေသည်။ သို့သော် မိုးကြီးမိုးထန်သည်ကတော့ များနေသည်။ ယခုနှစ်ဆိုလျှင် ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဆိုသော ဆိုထုံးစကားနှင့်အညီ မိုးကြီးသည်းထန်မှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေကြသည်မှာ လက်တွေ့ပင်တည်း။

ဝါခေါင်လနှင့် ပတ်သက်၍ ရှေးမြန်မာစာပေဂီတ ပညာရှင်ကြီးများက စာပန်းချီမျိုးစုံခြယ်သကာ အမွှန်းတင်ဂုဏ်ပြုခဲ့ကြသည်။ ဝါခေါင်လ၏ ရာသီအမည်က **''သိဟ်''**၊ စန်းပြည့်နက္ခတ်က **''သရဝဏ်''**၊ ယှဉ်တာရာက **''ဗျိုင်းတာရာ''**၊ ရာသီရုပ်က **''ခြင်္သေ့''**၊ ရာသီပန်းက **''ခတ္တာပန်း''**၊ ရာသီပွဲက **''စာရေးတံပွဲ''**၊ လပြည့်သန်းခေါင်၊ နတ်ပေါင်းခပင်က **''ပုဏ္ဏရိုက်ပင်''**၊ ရက်ရာဇာက **''ဗုဒ္ဓဟူး၊ သောကြာ''**၊ ပြဿဒါးက **''ကြာသပတေး၊ စနေ''** စသည်ဖြင့် နက္ခတ်ဗေဒပညာရှင်များကလည်း ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇာ၊ ပြဿဒါးကအစ အသေးစိတ်ဖော်ထုတ်မှတ်တမ်းတင်ထားခဲ့ကြသည်။

ပုဂံခေတ်ကျောက်စာတွင် ဝါခေါင်လကို **''နံကာလ''**ဟု ကမ္ပည်းရေးထိုးထားသည်။ **နံ=** အချိန်ကာလ။ **ကာ** = လယ်ယာလုပ်ကိုင်ထွန်ယက်စိုက်ပျိုးခြင်း၊ လယ်ယာထွန်ယက်စိုက်ပျိုးသည့် အချိန်ကာလဟု ဖွင့်ဆိုထားသည်။ ထို့ကြောင့် **''နယုန်ဝါလ၊ ကြဲကြပျိုးထောင်၊ ဝါခေါင်ကန်သင်း၊ နှစ်လတွင်းမှူ၊ ဆင်းကြလယ်ယာ၊ တောင်သူမယ်တို့''**ဟု မှတ်တမ်းပြုခဲ့ကြသည်။

ဗုဒ္ဓသာသနာကို အခြေပြု၍ **''နံကာလ''**မှ **''ဝါခေါင်လ''**သို့ ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်ဟုလည်း မှတ်တမ်းပြုထားကြသည်။ ဝါခေါင်ဆိုသောဝေါဟာရတွင် **''ဝါ''**သည် ရဟန်းတော်များ ဝါဆိုဝါကပ်ခြင်းဖြစ်ပြီး **''ခေါင်''** သည် အလယ်ဗဟိုဖြစ်၏။ ထို့ကြောင့် ဝါခေါင်လသည် ဝါတွင်းသုံးလ အလယ်ဗဟိုကို ဆိုလိုခြင်းဖြစ်သည်။

**စာရေးတံမဲ၊ လှူမစဲ**

''သိဟ်ရာသီ ဝါခေါင်လမို့ မောင်နှမ တစ်ကျွန်းစံ၊
လွမ်းရဖန်ဖန်၊ အဆွေးငယ်လျှံ၊ စာရေးတံအလှူ
တော်ပွဲနှင့်လွဲပြီဗျလေး''

(ရှေးစည်တော်သံ)

စာကဗျာ၊ တေးထပ်၊ သံပေါက်များတွင် ပါဝင်သော ဆယ့်နှစ်လရာသီပွဲတော်များထဲတွင် ဝါခေါင်လရာသီပွဲတော်မှာ စာရေးတံပွဲတော်ပါဝင်ပါသည်။

စာရေးတံပွဲ(တစ်နည်းအားဖြင့်) စာရေးတံအလှူပွဲတော်ဖြစ်ပေါ်လာခြင်းမှာ မြတ်ဗုဒ္ဓဘုရားရှင်သည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ်အချိန်က ရာဇဂြိုဟ်ပြည်တွင် ပြည်သူပြည်သားများသည် စားရေရိက္ခာရှားပါးပြီး ငတ်မွတ်ခေါင်းပါးမှုဒုက္ခမျိုးစုံ ကြုံတွေ့နေခဲ့ကြသည်။ ထို့ကြောင့် ရဟန်းသံဃာများအားလုံးကို ဒါယကာ၊ ဒါယိကာမများက

**❖ ဝါခေါင်လတွင် မိုးကမစဲဘဲ သဲသဲမဲမဲ ရွာလေ့ရှိခဲ့ရာ ဝါဆိုနေကြသော သံဃာတော်များအတွက် ဆွမ်း၊ ကွမ်း ပစ္စည်းလေးပါး မချို့တဲ့စေရေးကိုအလေးထားကြကာ နေရာဒေသအနှံ့အပြားတွင် အလှူဒါနပွဲများ ကျင်းပကြလေ့ရှိသည်။ ထိုသို့ကျင်းပကြရာတွင် ကြွရောက်လာကြသည့် ဝါဆိုသံဃာတော်များနှင့် သာမဏေများကို ဝါးတံတွင် စာရေးပြီး သို့မဟုတ် စက္ကူလိပ်တွင်စာရေးပြီး စာရေးတံမဲဖောက်၍ လှူဖွယ်ပစ္စည်းများကို သီးသန့်လှူဒါန်းကြလေ့ရှိသည်။ ဆွမ်း၊ ကွမ်း၊ ပစ္စည်းလေးပါးအပြင် သီးခြားစာရေးတံမဲဖောက်၍ လှူဒါန်းကြခြင်းသည် ဝါခေါင်လ၏ထူးခြားလှသော ''စာရေးတံပွဲ'' ပင်ဖြစ်သည်။ ❖**

ဆွမ်းဆက်ကပ်လှူဒါန်းကြရန် အလွန်ပင်ခက်ခဲလာခဲ့ကြသောအခါ သံဃာငါးပါး၊ ဆယ်ပါး၊ အပါး(၂၀) စသည်ဖြင့် တတ်စွမ်းနိုင်သမျှ သဒ္ဓါတရားနှင့် ဆက်ကပ် လှူဒါန်းလိုကြသည်။ ထိုသို့သောစေတနာဆန္ဒကို မြတ်ဗုဒ္ဓဘုရားရှင်ထံ ခွင့်ပန်ခဲ့ရာ၊ မြတ်ဗုဒ္ဓက ခွင့်ပြုတော်မူခဲ့သည်။ ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြရာတွင် **'စာရေးတံမဲ'**ချ၍ လှူဒါန်းခဲ့ကြသည်။ စာရေးတံမဲချနည်းမှာဝါးနီးပြား သို့မဟုတ် သစ်သား၏ထိပ်တွင် ဆွမ်းဒကာအမည်နှင့် နေရပ်တို့ကို ရေးမှတ်ထားရသည်။ ရဟန်းသံဃာတော်များက အလှည့်ကျမဲနှိုက်ရပြီး မဲကျသောဆွမ်းဒကာ၏ နေအိမ်သို့ ဆွမ်းစားကြွရောက်ကြရသည်။

ယနေ့ခေတ်ကာလတွင် စာရေးတံမဲများပုံစံ ပြောင်းလဲသွားခဲ့ကြသည်။ စာရေးတံစက္ကူမဲလိပ်တွင် ဆွမ်းအလှူရှင်များ၏အမည်များကို မရေးသားရတော့ဘဲ ရဟန်းသံဃာတို့နှင့် ကျောင်းတိုက်အမည်ကိုသာရေးသားရပြီး ဒကာ၊ ဒကာမများက မဲနှိုက်ကြရသည်။ မဲပေါက်သောရဟန်းသံဃာတော်ကို မိမိတို့အိမ်သို့ပင့်ဆောင်ကာ ဆွမ်းဆက်ကပ်ကြရသည်။

ဝါခေါင်လတွင် မိုးကမစဲဘဲ သဲသဲမဲမဲ ရွာလေ့ရှိခဲ့ရာ ဝါဆိုနေကြသော သံဃာတော်များအတွက် ဆွမ်း၊ ကွမ်း ပစ္စည်းလေးပါးမချို့တဲ့စေရေးကို အလေးထားကြကာ နေရာဒေသအနှံ့အပြားတွင် အလှူဒါနပွဲများ ကျင်းပကြလေ့ရှိသည်။ ထိုသို့ကျင်းပကြရာတွင် ကြွရောက်လာကြသည့် ဝါဆိုသံဃာတော်များနှင့် သာမဏေများကို ဝါးတံတွင်စာရေးပြီး သို့မဟုတ် စက္ကူလိပ်တွင်စာရေးပြီး စာရေးတံမဲဖောက်၍ လှူဖွယ်ပစ္စည်းများကို သီးသန့်လှူဒါန်းကြလေ့ရှိသည်။ ဆွမ်း၊ ကွမ်း၊ ပစ္စည်းလေးပါးအပြင် သီးခြားစာရေးတံမဲဖောက်၍လှူဒါန်းကြခြင်းသည် ဝါခေါင်လ၏ထူးခြားလှသော ''စာရေးတံပွဲ'' ပင်ဖြစ်သည်။

**မေတ္တာတရား ပွားများကြ**

ပို၍ထူးခြားမှုမှာ **''မေတ္တာအခါတော်နေ့နှင့် မေတ္တာအခါတော်လ''**ဟူသော သတ်မှတ်အမွှမ်းတင် ဂုဏ်ပြုချက်ပင်ဖြစ်သည်။ မြတ်ဗုဒ္ဓသက်တော်ထင်ရှားရှိခဲ့စဉ်က ရဟန်းတော်ငါးရာတို့သည် မြတ်ဗုဒ္ဓထံမှ ကမ္မဋ္ဌာန်းတရားကိုယူဆောင်၍ တောအုပ်တစ်အုပ်တွင် ဝါဆိုဝါကပ်တော်မူခဲ့ကြသည်။ ရဟန်းတော်များ၏ သီလတန်ခိုးကြောင့် နေရာဖယ်ပေးကြရသော နတ်များက အမျိုးမျိုးခြောက်လှန့်ကြသောကြောင့် တရားဖြောင့်ဖြောင့်မထိုင်နိုင်ကြတော့ဘဲ မြတ်ဗုဒ္ဓ သီတင်းသုံးတော်မူရာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်သို့ ပြန်လည်ကြွသွားခဲ့ကြသည်။

မြတ်ဗုဒ္ဓက အကြောင်းစုံသိတော်မူသောအခါ **''မေတ္တာသုတ်ဒေသနာတော်''**ကို ဟောကြားတော်မူခဲ့ပြီး ထိုမေတ္တာသုတ်ဒေသနာတော်ကို မေတ္တာလက်နက်အဖြစ် ရွတ်ဖတ်ကျင့်ကြံစေခဲ့သည်။ ရဟန်းတော်ငါးရာတို့သည် ထိုတောအုပ်ထဲမှာပင် မေတ္တာသုတ်ဒေသနာတော်ကို ရွတ်ဖတ်ကျင့်ကြံခဲ့ကြရာ နတ်များချစ်ခင်လာကြသောကြောင့် ငြိမ်းချမ်းစွာ သီတင်းသုံးကျင့်ကြံနိုင်ခဲ့ကြသည်။ ဝါမကျွတ်မီကာလမှာပင် ရဟန်းတော်အားလုံး ရဟန္တာများဖြစ်ခဲ့ကြသည်။

ထိုသို့ဝါခေါင်လတွင် မြတ်စွာဘုရားရှင်သည် **''မေတ္တာသုတ်တော်''**ကို ဟောကြားတော်မူခဲ့သောကြောင့် ဝါခေါင်လကို **''မေတ္တာအခါတော်လ''** ဝါခေါင်လပြည့်နေ့ကို **''မေတ္တာအခါတော်နေ့''**ဟု သတ်မှတ်ဂုဏ်ပြုပူဇော်ခဲ့ကြရာ မေတ္တာအခါတော်နေ့ အခမ်းအနားများကျင်းပခဲ့ကြပြီး မေတ္တာဘာဝနာ ပွားများခြင်းကုသိုလ်ထူးကို ရှေးရိုးစဉ်လာမပျက် ကျင်းပခဲ့ကြပါသည်။ မေတ္တာတရားထားကြပါက၊ စေတနာမှန်သော မေတ္တာတရားကြောင့် ထိုက်တန်သောတုံ့ပြန်မှုကို ရရှိကြသည်။

မေတ္တာသုတ်ထဲတွင် ''**မာတာ**=မြင်းမိုရ်တောင်ဦး၊ မကကျူးသည့် ကျေးဇူးဂုဏ်ရှင် မွေးသမိခင်သည်။ နိယံပုတ္တံ = မိမိရင်နှစ် သားရင်းဖြစ်သော။ **ကေပုတ္တံ** =အရေထူအရေပါး၊ အသားကိုဖောက်၊ အရိုးရောက်အောင်၊ မြားမြောက်ခင်တွယ် တစ်ယောက်တည်းသောသားငယ်ကို။ **မာယုသာ** =ဇီဝိန်အသက်၊ ယင်းအတွက်ကြောင့်။ **မနုရက္ခေကထာ**= မချို့တိုက် ကျွေး၊ ပိုက်ထွေးယုယ၊ နေ့ညမသွေ၊ စောင့်ရှောက်လေသကဲ့သို့။ **ဧဝမ္ပိတထာ** = ပမာမခြား၊ ထိုအလားသာလျှင်။ **သဗ္ဗဘူတေသု**= ခပ်သိမ်းရှိသမျှသော သတ္တဝါအနန္တတို့သည်။ **အပရိမာဏံ** = အတိုင်းအရှည်ကင်းပ၊ များပြားလှစွာသော။ **မာနသံ**= ထွေထွေယိုဖိတ်၊ မေတ္တာစိတ်ကို။ **ဘာဝယေ**= ပွားများစေကုန်သတည်း'' ဟု ပါရှိသည်။

မိခင်တစ်ဦးသည် တစ်ဦးတည်းသာရှိသောသားကို အသားကိုဖောက် အရိုးရောက်အောင် မိခင်မေတ္တာစိတ်နှင့် မေတ္တာထားပြီး ကျွေးမွေးစောင့်ရှောက်နေသကဲ့သို့၊ လူအချင်းချင်းစာနာမေတ္တာထားကြရန်နှင့် သတ္တဝါအနန္တကိုလည်း စာနာသနားမေတ္တာထားကြရန် မြတ်ဗုဒ္ဓက မေတ္တာသုတ်ဒေသနာတော်မှာ ဟောကြားတော်မူခဲ့ခြင်းဖြစ်သည်။ အလွန်ပင်လေးနက်ထိရောက်လှပါပေသည်။

မေတ္တာဘာဝနာပွားများကြရာတွင် မေတ္တာသုတ်မှလာသည့် မေတ္တာဘာဝနာပွားများနည်း ၁၁ နည်းရှိသည်။ ထို ၁၁ နည်းမှာ-

၁။ လုံးစုံများစွာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၂။ ကြောက်တတ် မကြောက်တတ်၊ နှစ်ရပ်များစွာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၃။ မြင်အပ်၊ မမြင်အပ်၊ နှစ်ရပ်များစွာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၄။ ဝေးနေ၊ နီးနေ၊ နှစ်ထွေများစွာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၅။ ဘဝဇာတ်ဆုံး၊ မဆုံးများစွာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၆။ ရှည်၊ တို၊ အလတ်၊ သုံးရပ်ခန္ဓာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၇။ ကြီး၊ ငယ်၊ အလတ်၊ သုံးရပ်ခန္ဓာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၈။ ဆူ၊ ကြုံ၊ အလတ်၊ သုံးရပ်ခန္ဓာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၉။ လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ။


၁၀။ အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

၁၁။ ဆင်းရဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

ဟူ၍ဖြစ်သည်။ မေတ္တာပွားနည်းများက အရပ် ၁၀ မျက်နှာ မေတ္တာပွားနည်း အပါအဝင် များစွာရှိကြသော်လည်း အဓိကအချက်မှာ နှစ်နှစ်ကာကာ ရင်ထဲနှလုံးသားထဲမှလာသော စာနာသနားမေတ္တာထားခြင်းမျိုးမှသာ ထိရောက်မှုအကျိုးအာနိသင် ရှိနိုင်သည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရူးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၉၀၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ပွင့်ဖြူ ဩဂုတ် ၁၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၉၀၉ ကေထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၉၁၄ ကေစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၀၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဟင်းသီးဟင်းရွက်သီးနှံစုံ ၉၁၄ ကေစိုက်ပျိုးဖို့လျာထားပြီး ဒေသခံတောင်သူတွေက လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ မေလက စပြီးစိုက်ပျိုးခဲ့တာ ဒီနေ့ထိ ၉၀၉ ကေ စိုက်ပျိုးပြီးပြီဖြစ်ပါတယ်။ တောင်သူတွေအဓိကစိုက်ပျိုးတဲ့ သီးနှံတွေကတော့ ခရမ်းချဉ်၊ မုန်ညင်း၊ မုန်လာဥဖြူ၊ ခရမ်းညို၊ ခရမ်းစိမ်း၊ ရွှေဖရုံ၊ ဘူး၊ သခွား၊ ဂေါ်ဖီ၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ခဝဲ၊ တိုင်ထောင်ပဲ၊ ချဉ်ပေါင်၊ ကန်စွန်း၊ ကိုက်လန် စတဲ့သီးနှံတွေကိုစိုက်ပျိုးကြပါတယ်။ ဟင်းသီးဟင်းရွက်သီးနှံ စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး စားသုံးသူတွေ ဘေးကင်းလုံခြုံစေဖို့အတွက် စိုက်ပျိုးရေးအလေ့အကျင့်ကောင်းတွေဖြစ်တဲ့ GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို အသိပညာပေးလုပ်ငန်းတွေဆောင်ရွက်ပေးထားပါတယ်"ဟု ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများက သီးနှံဝင်ငွေတိုးပွားရေးအတွက် နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံးဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးရေအဆင်ပြေမှုကြောင့် ဟင်းသီးဟင်းရွက်သီးနှံစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းမှုရှိကြောင်းနှင့် GAP စနစ်ကိုအသုံးပြုပြီး စိုက်ပျိုးကြ၍ ဈေးကွက်၌အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# တန်ဖိုးရှိစွာပြောဆိုရာ

- စကားတစ်လုံး
  အမှားသုံး
  အများမုန်းလို့ ရှုံးတတ်ပေ။

- အမှားကိုပစ်
  တရားချစ်
  အများနှစ်သက် တိုးတက်စေ။

- လူကြီးလူငယ်
  အသိကြွယ်
  ဆိုဖွယ်စကား မမှားပေ။

- အကြင်နာဖက်
  မေတ္တာစွက်
  ချစ်သက်ရှည်ကြာ ပေါင်းဖက်စေ။

- ချိုသာစကား
  သကာပျား
  ကြီးပွားဖို့တွေး ဆောင်ပါလေ။

- တန်ဖိုးမဲ့ပြား
  ဆိုစကား
  ရှောင်ရှားတတ်ဖို့ ဆင်ခြင်စေ။

- တန်ဖိုးရှိရာ
  စကားသာ
  သေချာကျန ပြောကြစေ။

- လူချစ်နတ်ချစ်
  ဖြဟ္မာချစ်
  စင်စစ်ချမ်းသာ ရနိုင်စေ။ ။

**စန်းထက်(ဖန်ခါးမြေ)**

➤ စာမျက်နှာ ၄ မှအဆက်

ထိရောက်မှုအကျိုးအာနိသင်ဆိုတာက **"အိပ်သော်ချမ်းသာ၊ နိုးခါသုခ၊ မြတ်လှအိပ်မက်၊ နှစ်သက် လူတို့၊ နတ်တို့ချစ်ခင်၊ နတ်ပင်စောင့်နေ၊ မီးရေမဖျက်၊ ငြိမ်သက်တည်ကြည်၊ ရွှင်ကြည်မျက်နှာ၊ သေခါမမိုင်၊ ဗြဟ္မာတိုင်သား၊ ဆယ့်တစ်ပါး၊ ကျမ်းဂန်ဆိုသည်၊ လူဗိုလ်အများ၊ မေတ္တာပွား"** ဟူ၍ မေတ္တာအကျိုး (၁၁)ပါးရခြင်းပင်ဖြစ်သည်။ (၁) ကောင်းစွာအိပ်ရခြင်း၊ (၂) ကောင်းစွာနိုးရခြင်း၊ (၃) ကောင်းသောအိပ်မက်ကိုမြင်မက်ရခြင်း၊ (၄)လူများချစ်မြတ်နိုးခြင်း၊ (၅)နတ်တို့ချစ်မြတ်နိုးခြင်း၊ (၆)နတ်တို့ကောင်းစွာစောင့်ရှောက်ခြင်း၊ (၇) မီးလက်နက်၊ အဆိပ် စသည်တို့ဖြင့် မနှိပ်စက်နိုင်ခြင်း၊ (၈) စိတ်တည်ကြည်ခြင်း၊ (၉)မျက်နှာအဆင်းတင့်တယ်ခြင်း၊ (၁၀)တွေဝေမှုမရှိဘဲဘဝကူးကောင်းခြင်း၊ (၁၁) ဗြဟ္မာ့ပြည်သို့လားရခြင်းဟူသော မေတ္တာအကျိုး (၁၁)ပါးကို ရရှိနိုင်ကြစေရေးအတွက် မေတ္တာအခါတော်လ (ဝါခေါင်လ)နှင့် မေတ္တာအခါတော်နေ့(ဝါခေါင်လပြည့်နေ့)တွင် မြန်မာနိုင်ငံနေရာဒေသအနှံ့အပြား၌ မေတ္တာပြန့်ပွားအောင် နှစ်စဉ်ဆောင်ရွက်ခဲ့ကြသည်။

ကပ်ကြီးသုံးပါးနှင့် ရင်ဆိုင်ကြုံတွေ့နေကြရသောကြောင့် ပရိတ်တရားတော်များ ပဋ္ဌာန်းရွတ်ဆိုပွဲများကို အလေးထားဆောင်ရွက်နေကြသကဲ့သို့ စစ်မှန်သော မေတ္တာတရားထားရှိရေး၊ ပွားများရေးကိုလည်း အလေးထားဆောင်ရွက်ကြစေလိုသည်။ မေတ္တာနှင့် ဆန့်ကျင်ဘက်က လောဘ၊ ဒေါသ၊ မောဟများပင်ဖြစ်သည်။ လောဘ၊ ဒေါသ၊ မောဟကြောင့် လူအချင်းချင်းလှည့်စားခြင်း၊ လုပ်ကြံခြင်း၊ ရက်စက်ခြင်း၊ ယုတ်မာခြင်းများရှိနေကြလေရာ ကပ်ဘေးများထဲတွင် မြွေပူရာကင်းမှောင့်ဖြစ်နေကြသည်။ **"သုတရတနာဆုံးမစာ"** တွင် **"ဆုတ်ကပ်အခါ၊ မကြင်နာ၊ မေတ္တာမရှိပါ"**ဟူ၍လည်းကောင်း၊ **"ကျည်းကန်စကားပုံ"** တွင် **"သံပရာတစ်ခြမ်း၊ ပျားတစ်ခြမ်းချဉ်ချို၊ နှလုံးညို၍၊ အလိုအပါ၊ မေတ္တာမသက်က၊ ထန်းလျက်မှ အခါးဖြစ်ရမြဲဖြစ်ချေသည်"** ဟူ၍လည်းကောင်း စာဆိုရှိခဲ့ရာ လက်ရှိကာလတွင် ထိုစာဆိုနှင့်ကိုက်ညီသူများရှိနေကြသည်။

လောဘ၊ ဒေါသ၊ မောဟ၏ အဖျက်စွမ်းအားကြောင့် အများသူငါဆင်းရဲကြပင်ပန်းကြသည်။ သီလ၊ သမာဓိ၊ ပညာ၊ မေတ္တာ၏အပြုစွမ်းအားကြောင့် အများသူငါချမ်းသာကြငြိမ်းအေးကြသည်။ ကိုယ်၏လောဘ၊ ဒေါသ၊ မောဟကို ထိန်းချုပ်နိုင်လေလေ၊ ပြဿနာနည်းလေ ဒုက္ခနည်းလေ လူသက်သာလေပင်။ လောဘ၊ ဒေါသ၊ မောဟကိုထိန်းချုပ်နိုင်သောနည်းလမ်းမှာ တွေ့ကြုံသမျှကို အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲဟုခံယူပြီး ခန္တီတရားလက်ကိုင်ထားကာ မေတ္တာဘာဝနာပွားများနေကြရန်ပင်ဖြစ်သည်။

**"ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ရန်တို့သည် အဘယ်အခါမျှ မငြိမ်းအေးနိုင်ကြကုန်။ ရန်တုံ့မမူခြင်းဖြင့်သာလျှင်၊ ရန်အေးကုန်နိုင်၏။ ဤသဘောကား၊ ရှေးရိုးစဉ်လာ ဓမ္မတာတည်း"**

**(ဓမ္မပဒ)**

**"ရှင်မဟာသီလဝံသစကားပုံ"**ထဲတွင် **"ရန်ကိုအောင်စေလိုသော် မေတ္တာ"**ဟု လမ်းညွှန်ထားရာလိုက်နာကြသင့်သည်။ ဤနေရာတွင် ဗန်းမော်ဆရာတော်ဘုရားကြီး၏ သာရဏီယဩဝါဒကထာကို သတိရမိသည်။ ဆရာတော်ဘုရားကြီး၏ သာရဏီယဩဝါဒကထာအနှစ်ချုပ်မှာ မြတ်ဗုဒ္ဓဘုရားရှင်လက်ထက်က တန်ဖိုးနည်းလှသော လယ်ရေသွင်းရောဟဏီမြစ်ရေကြောင့် ကပိလဝတ်ပြည်သားများနှင့် ကောလိယပြည်သားတို့၏စစ်ဆင်ရေးကို အချိန်မီတားဆီးခဲ့ရပုံ၊ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထုလာ၊ ဖန္ဒနဇာတ်တော်ထဲမှ ဝက်ဝံနှင့်ကြို့ပင်စောင့်နတ်၊ တစ်ဦးနှင့်တစ်ဦး အထင်မှား ရန်ငြိုးထားမှုကြောင့် နှစ်ဦးစလုံး ပျက်စီးဆုံးရှုံးရပုံ၊ ကဋ္ဌကိကဇာတ်တော်လာ အားကြီးသောဆင်ရိုင်းကြီး၏ ရက်စက်မှုကို အားငယ်သောနှံစုတ်ငှက်ငယ်လေးနှင့် ကျီး၊ ယင်မမဲရိုင်း၊ ဖားတို့ မိတ်ဆွေတစ်စုက အံတုနှိမ်နင်းခဲ့ပုံ စသည်မှတ်သားဖွယ်ရာစုံလင်လှသည်။

**"ဗန်းမော်ဆရာတော်ဘုရားကြီး"**က

"မြန်မာနိုင်ငံ၏ရေမြေတွင်မွေးဖွားပြီး မြန်မာနိုင်ငံရေမြေတွင်ကြီးပွားကာ၊ မြန်မာနိုင်ငံ၏မြေမှာပင် ဘဝနိဂုံးအဆုံးသတ်ကြမည့် ပြည်သူပြည်သား ဘာသာဝင်ရဟန်းရှင်လူအများတို့သည် မိမိတို့၏စိတ်နှလုံးတွင် လောင်မြိုက်နေကြသည့် လောဘမီး၊ ဒေါသမီး၊ မောဟမီးတို့ကို ဗုဒ္ဓဘုရားရှင်ဟောကြားတော်မူသည့် ငြိမ်းချမ်းရေးအသိတရားမေတ္တာရေစင်ဖြင့် အတူတကွ သွန်းလောင်းကြလျက် တစ်ဦးက တစ်ဦးအပေါ် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဗြဟ္မစိုရ်တရားများ ပွားများနိုင်ကြပါစေကြောင်း ဆန္ဒလောင်းလျက် သာရဏီယ ဩဝါဒတရား ချီးမြှင့်လိုက်ပါသတည်း"ဟု သာရဏီယ ဩဝါဒကို ဟောပြောလမ်းညွှန်ခဲ့သည်။

ဗန်းမော်ဆရာတော်ကြီး၏ သာရဏီယဩဝါဒတရားသည် ငြိမ်းချမ်းရေးကို လမ်းညွှန်သည့်တရားဖြစ်သည့်အပြင် ဗြဟ္မစိုရ်တရားလေးပါးနှင့်အကျုံးဝင်နေသော မေတ္တာအခါတော်လနှင့် မေတ္တာအခါတော်နေ့နှင့်လည်း ဆက်စပ်ထပ်တူကျနေသဖြင့် ကပ်ကြီးသုံးပါးနှင့် ရင်ဆိုင်နေကြရသော တိုင်းရင်းသားပြည်သူများအနေဖြင့် မေတ္တာလက်နက်ကိုယ်စီဖြင့် ခုခံကာကွယ်အနိုင်ယူသွားကြစေချင်သည်။

**"နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး"**

**"မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး"**

**"အေးစေ မြစေ၊ မေတ္တာရေ၊ သုံးလေရပ်ရွာသုံး"**

**"မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး"**

**"မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး"**

**"ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်"**၏ အေးစေမြစေ၊ မေတ္တာရေဖြင့် လောဘမီး၊ ဒေါသမီး၊ မောဟမီးများကို ငြိမ်းသတ်နိုင်ကြပါစေ။ ။

**ကိုးကား-**

(၁) သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၏ ဗုဒ္ဓဘာသာကောင်းတစ်ယောက်

(၂) ပြည်ထွန်းရွှေ၏ မြန်မာလများနှင့်စပ်လျဉ်း၍

## နိုင်ငံတကာ သတင်းများ

# ထိုင်းညွှန့်ပေါင်းအုပ်စု မဟာမိတ်များက ဖယ်ထုန်ထန် ရှင်နာဝပ်ကို ဝန်ကြီးချုပ်လောင်းအဖြစ် ရွေးချယ်

ဗန်ကောက် ဩဂုတ် ၁၅

ထိုင်းညွှန့်ပေါင်းအစိုးရ မဟာမိတ်များသည် ဖေ့ထိုင်းပါတီခေါင်းဆောင် ဖယ်ထုန်ထန်ရှင်နာဝပ်ကို ဝန်ကြီးချုပ်လောင်းအဖြစ် ယနေ့တွင် ရွေးချယ်ခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်ဟောင်း ဆရက်သာ သာဗီဆင်ကို ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက ရာထူးမှ ဖယ်ရှားခဲ့ပြီးနောက် ထိုင်းညွှန့်ပေါင်းအုပ်စု မဟာမိတ်များက အသက် ၃၇ နှစ်အရွယ် ဖယ်ထုန်ထန်ရှင်နာဝပ်ကို ဝန်ကြီးချုပ်လောင်းအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးချုပ်ဟောင်း ဆရက်သာ သာဗီဆင်ကို ထောင်ဒဏ်ချမှတ်ခံခဲ့ရဖူးသော ရှေ့နေတစ်ဦးကို အစိုးရအဖွဲ့ဝင် ဝန်ကြီးအဖြစ် ခန့်အပ်မှုအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ချိုးဖောက်မှုအတွက် ထိုင်းဖွဲ့စည်းပုံ အခြေခံဥပဒေတရားရုံးက ဩဂုတ် ၁၄ ရက်တွင် ရာထူးမှ ဖယ်ရှားခဲ့ခြင်းဖြစ်သည်။

ထိုင်းဝန်ကြီးချုပ်လောင်းအဖြစ် ရွေးချယ်ခံထားရသည့် ဖယ်ထုန်ထန်ရှင်နာဝပ်သည် နိုင်ငံရေးဩဇာအလွန်ကြီးမားသည့် ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်၏ သမီးဖြစ်သည်။

ဖယ်ထုန်ထန်ရှင်နာဝပ်ကို ထိုင်းဝန်ကြီးချုပ်သစ်အဖြစ် ထိုင်းလွှတ်တော်အမတ်များက ဩဂုတ် ၁၆ ရက်တွင် မဲခွဲအတည်ပြုပေးရမည်ဖြစ်ပြီး လွှတ်တော်က မဲခွဲအတည်ပြုပေးခဲ့ပါက ဖယ်ထုန်ထန်ရှင်နာဝပ်သည် ထိုင်းနိုင်ငံ၏ ဒုတိယမြောက် အမျိုးသမီးဝန်ကြီးချုပ်အဖြစ် မှတ်တမ်းဝင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



# ပြင်သစ်တိုက်လေယာဉ်နှစ်စင်း ပျံသန်းစဉ် ဝင်တိုက်မှုဖြစ်ပွား နှစ်ဦးသေဆုံး

ပဲရစ် ဩဂုတ် ၁၅

ပြင်သစ်နိုင်ငံ အရှေ့ပိုင်း၌ ဩဂုတ် ၁၄ ရက်က ပြင်သစ်လေတပ် ဂျက်တိုက်လေယာဉ်နှစ်စင်း ပျံသန်းစဉ် ဝင်တိုက်မိရာ နှစ်ဦးသေဆုံး၍ တစ်ဦးအသက်ရှင်ခဲ့ကြောင်း ပြင်သစ်တာဝန်ရှိသူများက ပြောကြားသည်။

ပျံသန်းနေစဉ်အတွင်း ဝင်တိုက်ခဲ့သော တိုက်လေယာဉ်များမှာ ရာဖေးလ်အမျိုးအစား တိုက်လေယာဉ်များ ဖြစ်ကြောင်း သိရသည်။

တိုက်လေယာဉ်နှစ်စင်း ဝင်တိုက်မှုကြောင့် သေဆုံးခဲ့ရသူနှစ်ဦးအနက် တစ်ဦးမှာ အမောင်းသင်လေယာဉ်မှူးဖြစ်ပြီး ကျန်တစ်ဦးမှာ လေယာဉ်မှူးဖြစ်ကြောင်း ပြင်သစ်တာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါ တိုက်လေယာဉ်များသည် ပြင်သစ်အရှေ့မြောက်ပိုင်း စိန့်ဒီဇီယာ လေတပ်စခန်းတွင် အခြေစိုက်ထားသည့် လေယာဉ်များဖြစ်ကြသည်။

လက်ရှိတွင် ရာဖေးလ်တိုက်လေယာဉ်နှစ်စင်း ဝင်တိုက်ခဲ့မှု နောက်ခံ အကြောင်းတရားကို ပြင်သစ်တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

လေယာဉ်နှစ်စင်း ဝင်တိုက်မှုအတွင်း အသက်ရှင်ခဲ့သည့် လေယာဉ်မှူးမှာ ဝင်တိုက်မှုဖြစ်ဖြစ်ချင်းမှာပင် အရေးပေါ်ခုန်ထွက်စနစ်ဖြင့် ခုန်ထွက်လွတ်မြောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# သီရိလင်္ကာသမ္မတရွေးကောက်ပွဲ၌ပါဝင်ရန် သမ္မတလောင်း ၃၉ ဦးမှတ်ပုံတင်သွင်း



ကိုလံဘို ဩဂုတ် ၁၅

သီရိလင်္ကာသမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့်သမ္မတလောင်း ၃၉ ဦးတို့သည် ယနေ့တွင် သမ္မတလောင်းများအဖြစ် မှတ်ပုံတင် စာရင်းသွင်းခဲ့ကြကြောင်း သိရသည်။

သမ္မတရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်ရေးအတွက် ယနေ့ မှတ်ပုံတင်သွင်းခဲ့သည့် သမ္မတလောင်း ၃၉ ဦးထဲတွင် လက်ရှိသမ္မတ ဝစ်ခရီမီဆင်းလည်း ပါဝင်ကြောင်း သိရသည်။

ယခုနှစ် စက်တင်ဘာ ၂၁ ရက်တွင်ကျင်းပမည့် သီရိလင်္ကာသမ္မတရွေးကောက်ပွဲသည် ဘဏ္ဍာရေးအကျပ်အတည်း နောက်ဆက်တွဲပြဿနာများနှင့် ရင်ဆိုင်နေရသော သီရိလင်္ကာနိုင်ငံအတွက် အရေးကြီးသည့် ရွေးကောက်ပွဲဖြစ်သည်။

အဆိုပါသမ္မတရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော သီရိလင်္ကာပြည်သူ ၁၇ သန်းခန့် ထိရှိကြောင်း သီရိလင်္ကာရွေးကောက်ပွဲကော်မရှင်၏အဆိုအရ သိရသည်။

သီရိလင်္ကာသမ္မတရွေးကောက်ပွဲ၌ လက်ရှိသမ္မတ ဝစ်ခရီမီဆင်း၊ အတိုက်အခံခေါင်းဆောင် ဆာဂျစ်ပရီမာဒါဆာနှင့် မာ့စ်ဝါဒီလွှတ်တော်အမတ် အနူရာကူမာရဒစ်ဆာ နာယာကီတို့က သမ္မတရာထူးအတွက် အဓိကယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

အဆိုပါ သမ္မတရွေးကောက်ပွဲတွင် သမ္မတဟောင်း မဟင်ဒါရာဇပတ်ဆာ၏သား နာမဲလ်ရာဇပတ်ဆာလည်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံကြား အလုပ်သဘောအဆင့် တိုင်ပင်နှီးနှောကော်မတီဖွဲ့စည်းရန် တောင်ကိုရီးယားသမ္မတကမ်းလှမ်း

ဆိုးလ် ဩဂုတ် ၁၅

တင်းမာမှုများ လျှော့ချရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပြန်လည်စတင်နိုင်ရေးတို့အတွက် တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံကြား အလုပ်သဘောအဆင့် တိုင်ပင်နှီးနှောကော်မတီ ဖွဲ့စည်းရန် တောင်ကိုရီးယား သမ္မတ ယွန်းဆွတ်ယိုးက ယနေ့တွင် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

ကိုရီးယားကျွန်းဆွယ် လွတ်လပ်ရေးရရှိမှု ၇၉ နှစ်မြောက်အခမ်းအနားမိန့်ခွန်းတွင် တောင်ကိုရီးယားသမ္မတက ထိုကဲ့သို့ကမ်းလှမ်းခဲ့ခြင်းဖြစ်ပြီး နှစ်နိုင်ငံပြည်လည်ပေါင်းစည်းရေးနှင့် ပတ်သက်၍ ၎င်း၏ ရပ်တည်ချက်သဘောထားများကိုလည်း ချပြခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ အနေဖြင့် နျူကလီးယားလက်နက်ဖျက်သိမ်းရေးအတွက် ခြေတစ်လှမ်းစလှမ်းခဲ့လျှင်ပင် တောင်ကိုရီးယားအနေဖြင့် မြောက်ကိုရီးယားနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပြန်လည်စတင်ရန် အသင့်ရှိကြောင်း သမ္မတ ယွန်းဆွတ်ယိုးက ပြောကြားခဲ့သည်။

သို့ရာတွင် ကိုရီးယားနှစ်နိုင်ငံ ပြန်လည် ပေါင်းစည်းနိုင်ရေး အလားအလာမှာ ကိုရီးယားကျွန်းဆွယ်၌ လက်ရှိပေါ်ပေါက်နေသော စစ်ရေး တင်းမာမှုများကြောင့် အလှမ်းဝေးနေဆဲဖြစ်သည်။

ထို့ပြင် ယခုနှစ်စပိုင်းမှာပင် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က တောင်ကိုရီးယားနိုင်ငံကို မြောက်ကိုရီးယားနိုင်ငံ၏ အဓိကရန်သူတော်အဖြစ် ကြေညာထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# မျောက်ကျောက်ဗိုင်းရပ်စ်ရောဂါကူးစက်မှုကို တစ်ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ဒဗလျူအိတ်ချ်အိုကြေညာ

ဂျီနီဗာ ဩဂုတ် ၁၅

မျောက်ကျောက် ဗိုင်းရပ်စ်ရောဂါကူးစက်မှုကို တစ်ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က ဩဂုတ် ၁၄ ရက်တွင် ကြေညာထားကြောင်းသိရသည်။

ဒဗလျူအိတ်ချ်အိုသည် မျောက်ကျောက်ရောဂါဗိုင်းရပ်စ် ကူးစက်မှုပြဿနာကို နှစ်နှစ်တာကာလအတွင်း ဒုတိယအကြိမ်အဖြစ် တစ်ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ခြင်းဖြစ်သည်။

ဒဗလျူအိတ်ချ်အို အရေးပေါ်ကော်မတီသည် မျောက်ကျောက်ဗိုင်းရပ်စ်ရောဂါ ကူးစက်မှုကို တစ်ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာရန် သင့်၊ မသင့်နှင့် ပတ်သက်၍ ဒဗလျူအိတ်ချ်အို ညွှန်ကြားရေးမှူးချုပ် တီဒရော့စ် အက်ဒ်ဟာနွမ် ဂျီဘရီယေးဆပ်စ်ကို




အကြံပေးနိုင်ရေး ဩဂုတ် ၁၄ ရက်က အစည်းအဝေးကျင်းပခဲ့သည်။

၎င်းအစည်းအဝေး ပြီးဆုံးပြီးနောက် မျောက်ကျောက်ဗိုင်းရပ်စ်ရောဂါကို တစ်ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ဒဗလျူအိတ်ချ်အိုက ကြေညာခဲ့ခြင်းဖြစ်သည်။

တစ်ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေသည် ဒဗလျူအိတ်ချ်အို၏ အမြင့်ဆုံးအဆင့် သတိပေးချက်ဖြစ်သည်။

မျောက်ကျောက်ရောဂါ ဗိုင်းရပ်စ်သည် လက်ရှိတွင် ကွန်ဂို၊ ဘူရွန်ဒီ၊ ကင်ညာနှင့် ရဝမ်ဒါစသည့် အာဖရိကတိုက် နိုင်ငံများ၌ ကူးစက်နေကြောင်းသိရသည်။

မျောက်ကျောက် ဗိုင်းရပ်စ် ကူးစက်မှုကို တားဆီးရေးအတွက် နိုင်ငံတကာ၏ ညှိနှိုင်းပေါင်းစပ်တုံ့ပြန်မှု လိုအပ်ကြောင်း ဒဗလျူအိတ်ချ်အို ညွှန်ကြားရေးမှူးချုပ် ဂျီဘရီယေးဆပ်စ်က ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## CAS Space ကုမ္ပဏီက အကြိမ်ကြိမ် ပြန်လည်အသုံးပြုနိုင်မည့် Kinetica-2 ဒုံးပျံသစ်ကို လာမည့်နှစ်အတွင်း လွှတ်တင်မည်



**ပေကျင်း ဩဂုတ် ၁၅**

တရုတ်နိုင်ငံ အခြေစိုက် ပုဂ္ဂလိက အာကာသနည်းပညာ ကုမ္ပဏီတစ်ခုဖြစ်သော CAS Space ကုမ္ပဏီသည် အကြိမ်ကြိမ် ပြန်လည်အသုံးပြုနိုင်မည့် Kinetica-2 အမည်ရှိ ဒုံးပျံသစ်တစ်မျိုးကို လာမည့်နှစ်အတွင်း လွှတ်တင်မည်ဖြစ်ကြောင်း ဩဂုတ် ၁၄ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် CAS Space ကုမ္ပဏီသည် Kinetica-2 ဒုံးပျံ၏ အဓိကအစိတ်အပိုင်းများကို စတင် စမ်းသပ်နေပြီဖြစ်ကြောင်း သိရသည်။

CAS Space ကုမ္ပဏီသည် Kinetica-2 ဒုံးပျံ၏ ပထမအဆင့် ပင်မ ဒုံးယာဉ်နှင့် ဘေးတွဲဒုံးယာဉ်များကို ၂၀၂၈ ခုနှစ်တွင် စတင်ရယူ၍ ပြန်လည်အသုံးပြုနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

Kinetica-2 ဒုံးပျံသည် အလေးချိန် ရှစ်တန်ထိရှိသော ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

CAS Space ကုမ္ပဏီသည် Kinetica-2 ဒုံးပျံကို တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ တီယန်ကောင်း အာကာသစခန်းထောက်ပို့မစ်ရှင်များ လွှတ်တင်ရေးအတွက် အသုံးပြုရန် စီစဉ်ထားသည်။

Kinetica-2 ဒုံးပျံသည် ကိုယ်ထည်အလျား ၁၇၄ ပေရှိပြီး ဘေးတွဲဒုံးယာဉ်နှစ်စင်းဖြင့် ဒုံးပျံ၏ တွန်းပင့်အားကို မြှင့်တင်ပေးထားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်က ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်း၏ အနောက်ဘက် အနားစွန်းနယ်မြေသို့ တက်ရောက်မည်

**ဝါရှင်တန် ဩဂုတ် ၁၅**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် ဂျီဇီးရိုး ဥက္ကာချိုင့်ဝှမ်း၏ အနောက်ဘက် အနားစွန်းနယ်မြေသို့ မကြာမီကာလအတွင်း စတင်တက်ရောက်မည်ဖြစ်ကြောင်း ဩဂုတ် ၁၄ ရက် သတင်းများအရ သိရသည်။

ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ် မျက်နှာပြင် လေ့လာရေးယာဉ်သည် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းလွင်ပြင်၏ မြစ်ဝကျွန်းပေါ်နယ်မြေ၌ နှစ်နှစ်ခွဲကြာလေ့လာပြီးနောက် အဆိုပါ ဥက္ကာချိုင့်ဝှမ်း၏ အနောက်ဘက် အနားစွန်းသို့ တက်ရောက်ရန် စီစဉ်ထားခြင်းဖြစ်သည်။

ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်အနေဖြင့် ဩဂုတ် ၁၉ ရက်တွင် ဂျီဇီးရိုး



ဥက္ကာချိုင့်ဝှမ်း အနောက်ဘက် အနားစွန်းသို့ တက်ရောက်ရန်စီစဉ်ထားကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ စတင်ဆင်းသက်ခဲ့သည်။

ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ ဆင်းသက်ခဲ့ပြီးနောက်ပိုင်း စူးစမ်းလေ့လာရေးလုပ်ငန်း ငါးခုကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါကာလအတွင်း ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ အကွာအဝေး ၁၈ မိုင်ထိ လှည့်လည်သွားလာခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## ပရိုဂရက်စ်အမ်အက်စ်-၂၈ အာကာသကုန်တင်ယာဉ်ကို နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်ခဲ့

**မော်စကို ဩဂုတ် ၁၅**

ရုရှား အမျိုးသားအာကာသအေဂျင်စီသည် ဩဂုတ် ၁၄ ရက်တွင် ပရိုဂရက်စ်အမ်အက်စ်-၂၈ အာကာသကုန်တင်ယာဉ်ကို နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်ခဲ့ကြောင်း သိရသည်။

ရုရှားအမျိုးသား အာကာသအေဂျင်စီသည် ပရိုဂရက်စ်အမ်အက်စ်-၂၈ အာကာသကုန်တင်ယာဉ်ကို ဆိုယုဇ်ဒုံးပျံဖြင့် ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော့အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပရိုဂရက်စ် အမ်အက်စ်-၂၈ အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းအတွက် စားရေရိက္ခာနှင့် အခြားလိုအပ်သည့် ပစ္စည်းကိရိယာစုစုပေါင်း အလေးချိန် သုံးတန်ခန့် သယ်ဆောင်ထားသည်။

အဆိုပါမစ်ရှင်သည် ရုရှားအမျိုးသား အာကာသအေဂျင်စီက လွှတ်တင်ခဲ့သည့် ၈၉ ကြိမ်မြောက် နိုင်ငံတကာ အာကာသစခန်းထောက်ပို့မစ်ရှင်ဖြစ်သည်။

ပရိုဂရက်စ်အမ်အက်စ်-၂၈ အာကာသကုန်တင်ယာဉ်သည် ဩဂုတ် ၁၇ ရက်တွင် နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်နိုင်ဖွယ်ရှိသည်။

ရုရှားအမျိုးသား အာကာသအေဂျင်စီ၏ အခြားကုန်တင်ယာဉ်တစ်စင်းဖြစ်သည့် ပရိုဂရက်စ်အမ်အက်စ်-၂၇ မှာ လက်ရှိအချိန်တွင် နိုင်ငံတကာ အာကာသစခန်း၌ ဆိုက်ကပ်ထားဆဲဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# HEALTH

## အနီရောင်အသားများတွင် တွေ့ရတတ်သည့် သံဓာတ်တစ်မျိုးပါဝင်မှုမြင့်မားသူများ၌ ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်မား

**နယူးယောက် ဩဂုတ် ၁၅**

Heme Iron ခေါ် အနီရောင်အသားများတွင် တွေ့ရတတ်သည့် သံဓာတ်တစ်မျိုးပါဝင်မှုမြင့်မားသူများ၌ ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက် ၂၆ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း ဩဂုတ် ၁၄ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် လူပေါင်း ၂၀၀၀၀၀ ကျော်ပါဝင်သည့် လေ့လာချက်တစ်ရပ်မှ ရယူထားသောသတင်းအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ Heme Iron သံဓာတ်ပါဝင်မှုမြင့်မားသူများတွင် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်တက်လာတတ်သည်ကို တွေ့ရကြောင်း သိရသည်။

သို့ရာတွင် ပဲနှင့်ဟင်းနုနယ်ကဲ့သို့ အပင်ထွက်အစားအစာများတွင် ပါဝင်သည့် သံဓာတ်များကမူ ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်မားမှုနှင့် ဆက်စပ်မှုမရှိကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်သည် ပုံစံ-၂ ဆီးချိုဖြစ်နိုင်ခြေကို လျှော့ချရေးအတွက် အနီရောင်အသားများ လျှော့စားရန်လိုအပ်မှုကို ပြသနေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များ၏အဆိုအရ Heme Iron သံဓာတ်အားဖြည့်ဆေး သုံးစွဲနေသော အသီးအရွက် အဓိကစားသုံးသူများတွင်လည်း ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်မားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## ရောင်ရမ်းမှုတားဆီးနိုင်သည့်ဓာတ်စာများက Dementia ဖြစ်နိုင်ခြေကို လျှော့ချနိုင်

**စတော့ဟုမ်း ဩဂုတ် ၁၅**

ရောင်ရမ်းမှုပြဿနာကို တားဆီးနိုင်သော ကျန်းမာရေးနှင့် ညီညွတ်သည့် ဓာတ်စာများက ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေကို လျှော့ချနိုင်ကြောင်း ဩဂုတ် ၁၄ ရက် သတင်းများအရ သိရသည်။

ရောင်ရမ်းမှုပြဿနာကို တားဆီးနိုင်သည့် ဓာတ်စာများမှာ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊လုံးတီးကောက်နှံများ၊ ငါးနှင့် ပဲအမျိုးမျိုး တို့ပါဝင်သည့် ဓာတ်စာများဖြစ်ကြကြောင်း သိရသည်။

ဆွီဒင် သုတေသနပညာရှင်များသည် သက်ကြီးပိုင်း ၈၄၀၀ ကျော်တို့ကို ၁၂ နှစ်ကျော်ကြာ စောင့်ကြည့်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ ရောင်ရမ်းမှုတိုက်ဖျက်ရေးဂုဏ်သတ္တိပါ ဓာတ်စာများစားသုံးသူများသည် အခြားဓာတ်စာပုံစံများ စားသုံးသူများထက် Dementia ဖြစ်နိုင်ခြေ ၂၁ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သိရသည်။

အလားတူ နှလုံးကျန်းမာရေးပြဿနာနှင့် ပုံစံ-၂ ဆီးချိုရောဂါရှိထားသူ သက်ကြီးပိုင်းများတွင်မူ ရောင်ရမ်းမှုတိုက်ဖျက်ရေး ဓာတ်စာများဖြင့် Dementia ဖြစ်နိုင်ခြေကို ၃၁ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဘရိုက်တန်အသင်းက မိန့်ဇ်အသင်းကစားသမား ဂရူဒါကို ယူရို သန်း ၃၀ ဖြင့်ခေါ်ယူ

**လန်ဒန် ဩဂုတ် ၁၅**

ဘရိုက်တန် အသင်းသည် တိုက်စစ်ပိုင်း လိုအပ်ချက်အတွက် မိန့်ဇ်အသင်း ကွင်းလယ်တိုက်စစ်ကစားသမား ဂရူဒါကို ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ဖြင့် ခေါ်ယူခဲ့ကြောင်း သိရသည်။

ကွင်းလယ် တိုက်စစ်ကစားသမား ဂရူဒါသည် ပြီးခဲ့သည့် ဘောလုံးရာသီက မိန့်ဇ်အသင်း တိုက်စစ်ပိုင်းတွင် ခြေစွမ်းပြသနိုင်ခဲ့ကာ ပြိုင်ပွဲစုံ ၂၈ ပွဲတွင် သွင်းဂိုး လေးဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် ဘရိုက်တန်အသင်းက အသင်းတိုက်စစ်ပိုင်းကို မြှင့်တင်ပေးနိုင်ရန် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ၂၀၂၈ ခုနှစ်ထိ လေးနှစ်စာချုပ် ချုပ်ဆိုခဲ့သည်။

ထို့ပြင် အသက် ၂၀ ရှိ လူငယ်ကစားသမားသည် တစ်ဦးချင်း စွမ်းဆောင်ရည် ကောင်းမွန်ပြီး ပြိုင်ဘက်ကို ဖြတ်ကျော်နိုင်မှု ၇၆ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သဖြင့် ပြီးခဲ့သည့် ဘောလုံးရာသီက ဘွန်ဒက်လီဂါတွင် တိုက်စစ်မှူးဆာနေး ၉၄ ကြိမ်၊ တိုက်စစ်မှူး ဖူးလ်ခရက်စ် ၈၃ ကြိမ်ပြီးလျှင် တတိယမြောက် ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

လက်ရှိ အပြောင်းအရွှေ့ကာလတွင် ဘရိုက်တန်အသင်း အနေဖြင့် အပြီးသတ်ခေါ်ယူခဲ့သည့် ကစားသမားများထဲတွင် နယူးကာဆယ်အသင်း တောင်ပံကစားသမား မင်တက်ခ်ကို ပြောင်းရွှေ့ကြေးယူရို ၃၅ သန်းဖြင့် ခေါ်ယူခဲ့ပြီးနောက် ကွင်းလယ်ကစားသမား ဂရူဒါကို ဒုတိယမြောက် ပြောင်းရွှေ့ကြေး အများဆုံးဖြင့် ထပ်မံ ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Bein sports**
**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- ကာတာကလပ် အယ်အာရာဘီအသင်းတွင် ကစားနေသည့် ကွင်းလယ်ကစားသမား ဗာရက်တီကို ပရီးမီးယားလိဂ် အသင်းများဖြစ်သည့် မန်ယူ၊ မန်စီးတီး ၊လီဗာပူးနှင့် အာဆင်နယ်အသင်းတို့ကခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိသည်။
- မန်စီးတီးကွင်းလယ်ကစားသမား ကင်ဗင်ဖီးလစ်ကို အစ်ဗှစ်အသင်းက ကာလရှည်အငှားစာချုပ်ဖြင့် ခေါ်ယူရန် ကြိုးပမ်းခဲ့ရာ သဘောတူညီမှုရရှိရန် နီးစပ်လျက်ရှိကြောင်း သိရသည်။
- ဝက်စ်ဟမ်းအသင်းနည်းပြ လိုပက်တီဂူက တိုက်စစ်မှူးဘိုဝင်ကို ယခုနှစ်ပရီးမီးယားလိဂ် ဘောလုံးရာသီတွင် အသင်းခေါင်းဆောင်အဖြစ် ခန့်အပ်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။
- မန်ယူအသင်း ကွင်းလယ်ကစားသမား တွန်မီနေးကို ခေါ်ယူမည့်အသင်းများထဲတွင် နာပိုလီအသင်းလည်း ပါဝင်လာခဲ့ကြောင်း သိရသည်။

ML

# အမေရိကန်အသင်းက နည်းပြပိုချက်တီနိုကို နည်းပြသစ်ခန့်အပ်ရန် သဘောတူညီမှုရရှိ



**နယူးယောက် ဩဂုတ် ၁၅**

အမေရိကန် အသင်းသည် ကိုပါအမေရိကဖလား ပြိုင်ပွဲအပြီးတွင် နည်းပြဘာဟတ်တာကို ရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် နည်းပြသစ်ခန့်အပ်ရန် ကြိုးပမ်းလျက်ရှိရာ ယခုအခါ ချဲလ်ဆီးအသင်းနှင့်လမ်းခွဲခဲ့သည့် နည်းပြပိုချက်တီနိုကိုခန့်အပ်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း အမေရိကန်ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်။

အသက် ၅၂ နှစ်ရှိ နည်းပြပိုချက်တီနိုသည် ချဲလ်ဆီးအသင်းအား ဘောလုံးရာသီ တစ်ရာသီ တာဝန်ယူပြီးနောက် ရာသီပိတ်သိမ်းချိန်တွင် အသင်းနှင့် နှစ်ဖက်သဘောတူလမ်းခွဲခဲ့ကာ အသင်းလက်မဲ့ဖြစ်နေချိန်တွင် အမေရိကန်အသင်းက နည်းပြတာဝန်ထမ်းဆောင်ရန် ကမ်းလှမ်းခဲ့ရာ သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။

အမေရိကန် ဘောလုံးအဖွဲ့ချုပ်သည် အစောပိုင်းက လီဗာပူးအသင်းနည်းပြဟောင်း ကလော့ပ်ကိုခန့်အပ်ရန် ဆွေးနွေးခဲ့သော်လည်း မအောင်မြင်ခဲ့သဖြင့် နည်းပြ ပိုချက်တီနိုကိုခေါ်ယူရန် ဆွေးနွေးခဲ့ရာ အမေရိကန်အသင်းနည်းစနစ် ဒါရိုက်တာသည် ယခင်က ဆောက်သမ်တန်အသင်းတွင် တာဝန်ထမ်းဆောင်ဖူးသည့်အတွက် နည်းပြ ပိုချက်တီနိုနှင့် ဆက်ဆံရေးကောင်းများရှိသဖြင့် ပိုချက်တီနိုကို ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

အမေရိကန် အသင်းသည် လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကနေဒါ၊ မက္ကဆီကိုအသင်းတို့နှင့် ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပခွင့်ရထားသဖြင့် တိုက်ရိုက်ဝင်ခွင့်ရရှိထားပြီး နည်းပြပိုချက်တီနိုအနေဖြင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အမေရိကန်အသင်းကို အောင်မြင်မှုရရှိအောင် စွမ်းဆောင်ပေးရမည်ဖြစ်သည်။

နည်းပြပိုချက်တီနိုနှင့် အမေရိကန် ဘောလုံးအဖွဲ့ချုပ်တို့အနေဖြင့် စာချုပ်နှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာခြင်း မရှိသေးသော်လည်း လာမည့်စက်တင်ဘာ ၇ ရက်တွင် ကနေဒါအသင်းနှင့် ပွဲစဉ်မတိုင်မီ စတင်တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် နည်းပြပိုချက်တီနိုကို အင်္ဂလန်အသင်းကလည်း နည်းပြ ဆောက်ဂိတ်နေရာတွင် အစားထိုးရန် ကြိုးပမ်းလျက်ရှိပြီး ပိုချက်တီနိုက ဆုံးဖြတ်ချက်မပေးခဲ့ဘဲ အမေရိကန်အသင်းကို တာဝန်ယူရန် သဘောတူညီမှု ရယူခဲ့ကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**

# Cincinnati Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ စဝီယာတက်ခ် တက်ရောက်

**အိုဟိုင်းယိုး ဩဂုတ် ၁၅**

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် စင်စင်နာတီမြို့တွင် ကျင်းပနေသည့် Cincinnati Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်နှင့် ပြင်သစ်တင်းနစ်မယ် ဂရာချီဗာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်ခ်က (၆-၀၊ ၆-၇၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

စဝီယာတက်ခ်သည် ပထမပွဲငယ်တွင် ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ဂရာချီဗာက tie-break အဆင့်တွင် စဝီယာတက်ခ်ကို အနိုင်ရသဖြင့် အဆုံးအဖြတ်ပွဲစဉ်အဖြစ် တတိယပွဲငယ်အား ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်က ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

စဝီယာတက်ခ်သည် တတိယအဆင့်တွင် ယူကရိန်းတင်းနစ်မယ် ကော့ယူ့ခ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

စဝီယာတက်ခ်က "ပြိုင်ပွဲတိုင်းနီးပါး ပါဝင်ယှဉ်ပြိုင်ထားတဲ့အတွက် မတူညီတဲ့ကွင်းတွေမှာ ကစားခဲ့ရတယ်။ ပဲရစ်အိုလံပစ်အားကစားပွဲတော်မှာ ကစားရတာ ကွင်းတွေက နည်းနည်းလေး တုံ့ပြန်မှုနှေးတဲ့ ကွင်းတွေပါ။ အခုဒီပြိုင်ပွဲမှာကျတော့ ကွင်းရဲ့ အနေအထား တုံ့ပြန်မှုမြန်ဆန်တဲ့ ကွင်းအမျိုးအစားတွေဖြစ်တယ်။ ကွင်းအပြောင်းအလဲတွေ ရှိခဲ့သလို ကစားပုံတည်ငြိမ်မှုမရှိပေမဲ့လဲ စွမ်းဆောင်ရည်ပိုင်းအပေါ်မှာ အားရကျေနပ်မှုရှိပါတယ်။ အနိုင်ရဖို့ ခက်ခက်ခဲခဲကစားခဲ့ရတယ်ဆိုပေမဲ့ တတိယအဆင့်ကို တက်ရောက်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်းသိရသည်။



**Ref : RT**
**Trs : AZL**

# မန်စီးတီးကစားသမား အော်စကာဘော့ ခြေထောက်ကျိုးဒဏ်ရာကြောင့် ရာသီအစပွဲစဉ်များကို လွဲချော်မည်



**မန်ချက်စတာ ဩဂုတ် ၁၅**

မန်စီးတီးအသင်း တိုက်စစ်ကစားသမား အော်စကာဘော့သည် လေ့ကျင့်ရေးအစီအစဉ်တွင် ရရှိခဲ့သည့်ခြေထောက်ကျိုးဒဏ်ရာကြောင့် ရာသီအစ ပရီးမီးယားလိဂ်ပွဲစဉ်များကို လွဲချော်မည်ဟု မန်စီးတီးအသင်းက ထုတ်ပြန်ခဲ့သည်။

အသက် ၂၁ နှစ်ရှိ လူငယ်ကစားသမားသည် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေး အစီအစဉ်တွင် အခြားကစားသမား တစ်ဦးတစ်ယောက်နှင့်မှ မထိခိုက်ဘဲ မတော်တဆဖြစ်ရပ်ကြောင့် ခြေထောက်ကျိုးဒဏ်ရာ ရရှိခဲ့ပြီး လက်ရှိတွင် ဒဏ်ရာကို လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်နေသဖြင့် မည်သည့်ကာလထိ အနားယူရမည်ကို အတိအကျမထုတ်ပြန်နိုင်သော်လည်း ရာသီအစ ပရီးမီးယားလိဂ်ပွဲစဉ်များကို လွဲချော်မည် ဖြစ်ကြောင်း သိရသည်။

အော်စကာဘော့သည် အသင်းတိုက်စစ်ပိုင်းတွင် လစ်လပ်သွားသည့် တိုက်စစ်မှူး အယ်ဗာရက်ဇ်နေရာတွင် ဖြည့်ဆည်းကစားနိုင်သည့် ကစားသမားတစ်ဦးဖြစ်ပြီး ရာသီကြို ခြေစမ်းပွဲစဉ်များတွင်လည်း အသင်းနှင့်အတူ ခြေစွမ်းပြသနိုင်ခဲ့သည့်အပြင် မန်ယူအသင်းနှင့်ကစားခဲ့သည့် ကွန်မြူနတီဒိုင်းပြိုင်ပွဲတွင်လည်း အသင်းအတွက် ချေပဂိုးရရှိရန် ကူညီပေးနိုင်ခဲ့ကာ အသင်းကို ဆုဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

မန်စီးတီး အသင်းသည် လာမည့် တနင်္ဂနွေနေ့တွင် ချဲလ်ဆီးအသင်းနှင့် ပရီးမီးယားလိဂ် အဖွင့်ပွဲစဉ်ကစားရမည်ဖြစ်ပြီး အဖွင့်ပွဲစဉ်တွင် တောင်ပံကစားသမား အော်စကာဘော့အပါအဝင် တိုက်စစ်မှူး ဂရီလစ်တို့ကိုလည်း ဒဏ်ရာကြောင့် လက်လွှတ်ရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Guardian**
**Trs : ML**

# ဥရောပစူပါဖလားဗိုလ်လုပွဲတွင် ရီးရဲလ်မက်ဒရစ်အသင်းက အတ္တလန်တာအသင်းကို အနိုင်ယူကာ ချန်ပီယံဆုဖလား ဆွတ်ခူး

မက်ဒရစ် ဩဂုတ် ၁၅

ဥရောပစူပါဖလား ဗိုလ်လုပွဲအဖြစ် ပိုလန်နိုင်ငံတွင် ရီးရဲလ်မက်ဒရစ် အသင်းနှင့် အတ္တလန်တာအသင်းတို့ ကစားခဲ့ရာ ရီးရဲလ်မက်ဒရစ်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ယခုနှစ် ဘောလုံးရာသီတွင် ပထမဆုံးဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။




ဥရောပစူပါဖလား ဗိုလ်လုပွဲကို ပြီးခဲ့သည့်ဘောလုံးရာသီက ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်ခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ယူရိုပါလိဂ်ဖလား ဆွတ်ခူးနိုင်ခဲ့သည့် အတ္တလန်တာအသင်းတို့ ကစားခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် အတ္တလန်တာအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာ ဂိုးပေါက်ခြိမ်းခြောက်မှုအသာနှင့် ပွဲချိန်တစ်လျှောက်လုံး ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၅၉ မိနစ်တွင် ဗယ်လ်ဗာဒီနှင့် ပွဲချိန် ၆၈ မိနစ်တွင် အမ်ဘက်ပီတို့က ရီးရဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးများ သွင်းနိုင်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင် ပထမဆုံးဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်း၌ လက်ရှိ နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလ၌ အသင်းခေါ်ယူထားသည့် အမ်ဘက်ပီသည် ရီးရဲလ်မက်ဒရစ်အသင်း ကစားသမား ဘဝ ပထမဆုံး ပါဝင်ကစားခဲ့ခြင်းဖြစ်ပြီး အသင်းနှင့် ပထမဆုံးပွဲစဉ်မှာပင် ဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် ပထမဆုံးဆုဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ဥရောပ စူပါဖလားပြိုင်ပွဲတွင် ဗိုလ်လုပွဲစဉ် ကိုးပွဲကစားခဲ့ရာတွင် ၂၀၀၂-၂၀၀၃ ဘောလုံးရာသီ၊ ၂၀၁၄-၂၀၁၅ ဘောလုံးရာသီ၊ ၂၀၁၆-၂၀၁၇ ဘောလုံးရာသီ၊ ၂၀၁၇-၂၀၁၈ ဘောလုံးရာသီ၊ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီနှင့် လက်ရှိ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတို့တွင် ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၈-၁၉၉၉ဘောလုံး ရာသီ၊ ၂၀၀၀-၂၀၀၁ ဘောလုံးရာသီနှင့် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီတို့တွင် ဒုတိယဆုဆွတ်ခူးနိုင်ခဲ့သည်။

အတ္တလန်တာ အသင်းသည် ဥရောပစူပါဖလား ဗိုလ်လုပွဲကို အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ကစားခဲ့ပြီး ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်(၇)ကို ဩဂုတ် ၁၆ ရက်မှ ၁၉ ရက်ထိ ဆက်လက်ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာ နေရှင်နေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၇) ပွဲစဉ်များကို ဩဂုတ် ၁၆ ရက်မှ ၁၉ ရက်ထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၇) ပွဲစဉ်များအဖြစ် ဩဂုတ် ၁၆ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ဒဂုံပေါ်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ ဩဂုတ် ၁၇ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ISPE အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ကစားသွားမည်ဖြစ်သည်။

အလားတူ ဩဂုတ် ၁၈ ရက် ညနေ ၃ နာရီခွဲတွင် ပုသိမ်မြို့ အားကစားကွင်း ဧရာဝတီယူနိုက်တက်အသင်းနှင့် ဒဂုံစတား အသင်း၊ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ရတနာပုံ အက်ဖ်စီအသင်းနှင့် မြဝတီအက်ဖ်စီအသင်း၊ ဩဂုတ် ၁၉ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် မဟာယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲတွင် ပွဲစဉ် ခြောက်ပွဲကစားပြီးချိန်၌ ရှမ်းယူနိုက်တက် အသင်းက ငါးပွဲနိုင် တစ်ပွဲသရေ ရှုံးပွဲမရှိသေးဘဲ ရမှတ် ၁၆ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဂိုးကွာခြားချက်အသာဖြင့် ရပ်တည်လျက်ရှိသော်လည်း ဟံသာဝတီယူနိုက်တက်အသင်းက ငါးပွဲနိုင် တစ်ပွဲသရေ ရမှတ် ၁၆ မှတ်ဖြင့် အမှတ်ပေးဇယား ဒုတိယနေရာမှ ဖိအားပေးလျက်ရှိကြောင်း သိရသည်။

STA

# တိုက်စစ်မှူး ဒိုင်ဘာလာ အယ်ကွာစီယာအသင်းသို့ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိ




ရောမ ဩဂုတ် ၁၅

ရိုးမားအသင်း တိုက်စစ်မှူး ဒိုင်ဘာလာသည် ဆော်ဒီအာရေဗျ ကလပ် အယ်ကွာစီယာအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

ဒိုင်ဘာလာသည် ရိုးမားအသင်းနှင့် စာချုပ်သက်တမ်း တစ်နှစ်သာ ကျန်ရှိတော့သည့်အတွက် ရိုးမားအသင်းက လာမည့် ၂၀၂၇ ခုနှစ်ထိ သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် မျှော်လင့်ထားသော်လည်း ကစားသမားကိုယ်တိုင်က အသင်းမှထွက်ခွာရန်တောင်းဆိုခဲ့ပြီး အယ်ကွာစီယာအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှုရယူခဲ့သည်။

အယ်ကွာစီယာ အသင်းသည် ကစားသမားနှင့် သဘောတူညီမှု ရယူနိုင်ခဲ့ပြင့် ရိုးမားအသင်း တာဝန်ရှိသူများနှင့် ဆက်လက်ဆွေးနွေးမှုပြုလုပ်နေကာ စာချုပ်ဖျက်သိမ်းကြေးအတွက် ယူရို ၁၂ သန်းပေးချေရန် စီစဉ်ထားပြီး ဒိုင်ဘာလာကို တစ်နှစ်လုပ်ခ ယူရို ၁၅ သန်းဖြင့် သုံးနှစ်စာချုပ် ချုပ်ဆိုသွားမည် ဖြစ်ကြောင်း သိရသည်။

အသက် ၃၀ ရှိ တိုက်စစ်မှူး ဒိုင်ဘာလာသည် ၂၀၁၁ ခုနှစ်က ကစားသမားဘဝကို အာဂျင်တီးနားကလပ် အင်စတီကျူတိုအသင်းနှင့်စတင်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် စီးရီးအေကလပ် ပါလာမိုအသင်းသို့ ပြောင်းရွှေ့ခဲ့ရာ ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် ၂၀၁၅ ခုနှစ်တွင် ဂျူဗင်တပ်အသင်းက ခေါ်ယူခဲ့ပြီး ဂျူဗင်တပ်အသင်းတွင် ပြိုင်ပွဲစုံ ၂၉၃ ပွဲ ကစားခဲ့ရာတွင် သွင်းဂိုး ၁၁၅ ဂိုးထိ သွင်းယူနိုင်ခဲ့သည့်အပြင် စီးရီးအေချန်ပီယံဆု ကိုပါအီတာလီယာဖလားနှင့် အီတလီစူပါဖလားတို့ကိုရယူ၍ ကစားသမားဘဝ အောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။

Ref : Romapress
Trs : ML

# နေရှင်နယ်လိဂ်-၂ ပြိုင်ပွဲတွင် Universityအသင်းနှင့် ဆေးဘားစတားအသင်းတို့ နိုင်ပွဲရရှိ

ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၄)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ယှဉ်ပြိုင်ကစားခဲ့ရာ University အသင်းနှင့် ဆေးဘားစတားအသင်းတို့ နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြောင်း သိရသည်။

မြန်မာ နေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၄) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ တက္ကသိုလ်အားကစားကွင်းတွင် University အသင်းနှင့် Glory Goal အသင်းတို့ ကစားခဲ့ရာ University အသင်းက လေးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး University အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၅ မိနစ်၊ ၅၇ မိနစ်၊ ၇၂ မိနစ်နှင့် ၈၅ မိနစ်တို့တွင် ဇော်ဇော်ထိုက် တစ်ဦးတည်းက သွင်းယူနိုင်ခဲ့ရာ နိုင်ပွဲရရှိခဲ့သည့်အတွက် အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ပဒမ္မာအားကစားကွင်းတွင် ဧရာဝတီရိန်းဂျားအသင်းနှင့် ဆေးဘားစတားအသင်းတို့ကစားခဲ့ရာ အပြန်အလှန်သွင်းဂိုးများဖြင့် ဆေးဘားစတားအသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဆေးဘားစတားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ကိုးမိနစ်တွင် ကျော်ဖြိုးဦး၊ ပွဲချိန် ၄၃ မိနစ်တွင် သက်ဝင်းထွန်းနှင့် ပွဲချိန် ၇၁ မိနစ်တွင် ကျော်ဖေယျတို့က သွင်းယူပေးခဲ့ပြီး ဧရာဝတီရိန်းဂျားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၉ မိနစ်တွင် ထိုက်သူဟန်၊ ပွဲချိန် ၅၄ မိနစ်တွင် ဝေယံဖြိုးတို့က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

STA



# Women's Scottish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အောင်မြင်မှုရယူလိုကြောင်း လိုင်ဒီယာကိုပြောကြား

အီဒင်ဘာ့ဂ် ဩဂုတ် ၁၅

စကော့တလန်နိုင်ငံ အိုင်ရှိုင်းယားမြို့တွင် ကျင်းပသွားမည့် Women's Scottish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကာ အောင်မြင်မှုရယူသွားရန် ပစ်မှတ်ထားနေကြောင်း ပဲရစ်အိုလံပစ် ရွှေတံဆိပ်ဆုရှင် လိုင်ဒီယာကိုက ယနေ့တွင် ပြောကြားခဲ့သည်။

လိုင်ဒီယာကိုသည် ယခုနှစ်တွင် LPGA ဂေါက်သီးရိုက်ပြိုင်ပွဲများ၌ အောင်မြင်မှုမရသေးသော်လည်း ပဲရစ်အိုလံပစ်အားကစားပွဲတော်တွင် ရွှေတံဆိပ်ဆုကို ဆွတ်ခူးရယူထားနိုင်ခဲ့သည်။

ထို့ပြင် လိုင်ဒီယာကိုသည် အသက် ၁၈ နှစ်အရွယ်ကတည်းက အောင်မြင်မှုများ ဆွတ်ခူးရရှိထားပြီး ကစားသမားဘဝ သက်တမ်းတစ်လျှောက် LPGA Tour ဆုဖလား အလုံး ၂၀ ထိ ရရှိထားသူဖြစ်သည်။

လိုင်ဒီယာကိုက "Women's Scottish Open ဂေါက်သီးရိုက်ပြိုင်ပွဲဟာ အဓိကပြိုင်ပွဲတွေထဲက တစ်ပွဲဖြစ်ပါတယ်။ ကစားသမားဘဝကနေ အနားမယူမီ အဓိကဆုဖလားတွေ ဆွတ်ခူးရယူချင်ပါသေးတယ်။ ပဲရစ်အိုလံပစ် အားကစားပွဲတော် မတိုင်မီက ကျွန်မရဲ့နည်းပြအဖွဲ့ကို Women's Scottish Open ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မှာမဟုတ်ဘူးလို့တော့ ပြောခဲ့ဖူးပါတယ်။ အိုလံပစ်ရွှေတံဆိပ်ဆု ရရှိခဲ့ပြီးတဲ့နောက် နည်းပြအဖွဲ့ဝင်တစ်ဦးကလာပြောတယ်။ နောက်ထပ် အစီအစဉ်ကဘာလဲတဲ့။ Women's Scottish Open ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားမယ်လို့ ပြန်ဖြေခဲ့ပါတယ်။ အိုလံပစ်ပွဲတော် မတိုင်မီက Women's Scottish Open ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖြစ်မှာ မဟုတ်ဘူးလို့ ဘာလို့ပြောဖြစ်ခဲ့တယ်ဆိုတာ ကျွန်မလဲ စဉ်းစားမရဘူး"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# ကဗျာအလှ စာအလှ (၂၀)

**မန်းတင့်မော်**

ကဗျာဟူသော စာပေအမျိုးအစားတစ်ရပ် ပေါ်ပေါက်လာခဲ့သည်မှာ ကြာမြင့်ခဲ့ပြီ။ မြန်မာကဗျာ ပေါ်ထွန်းခဲ့သည်မှာပင် ပုဂံခေတ်မှ စတင်ခဲ့သည်ဟု ပညာရှင်များသတ်မှတ်ခဲ့ရာ ရာစုနှစ်ပေါင်းများစွာကို ဖြတ်သန်းခဲ့ပြီးဖြစ်သည်။ ကဗျာ့ခရီးရှည်ကြီးဟုဆိုနိုင်ပါလိမ့်မည်။ ခေတ်အလိုက်ပြောင်းလဲလာသော ကဗျာ အမျိုးအစားများစွာကလည်း ရှိသေးသည်။ တိမ်ကော ပျောက်ကွယ်သွားသော ကဗျာအမျိုးအစားနှင့် ကဗျာ များရှိသကဲ့သို့ ဂန္ထဝင်မြောက်စွာ ဆက်လက်တည်မြဲ နေသောကဗျာများလည်းရှိပါသည်။ မည်သည့်ကဗျာ ပင်ဖြစ်စေ ကဗျာတွင်မွေ့လျော်သူများ၊ ကဗျာရွတ်သူ ဆိုသူများ၊ ကဗျာရေးဖွဲ့သူများနှင့် ကဗျာဆိုင်ရာ အကဲဖြတ်ပညာရှင်များက လက်ခံ၊ ရွတ်ဆို၊ ရေးဖွဲ့ မှတ်တမ်းပြုကြလျှင် လှပသောကဗျာအမျိုးအစားနှင့် ကဗျာများဟု မှတ်ယူနိုင်ပါသည်။ ကဗျာစံချိန်စံညွှန်း များစွာရှိရာတွင် "ခေတ်ပြိုင်ခံစားမှု"ဟူသောအချက် တစ်ချက်ပါရှိပါသည်။ ကဗျာနှင့်သက်ဆိုင်သူအားလုံး သတိမူရမည့်အချက်ဟူ၍လည်း ညွှန်ပြမှုများကို မှတ်သားမိပါသည်။

ကဗျာတစ်ပုဒ်တွင် ဂုဏ်အင်္ဂါရပ်များစွာ ပါရှိနေရာ ထိုအင်္ဂါရပ်များနှင့်ပြည့်စုံသောကဗျာကို ကဗျာကောင်းကဗျာလှဟုဆိုနိုင်သည်။ ခေတ်အဆက်ဆက် ရေးဖွဲ့ခဲ့သော ကဗျာအားလုံးကို ကဗျာကောင်းချည်းသာဟုမဆိုနိုင်ပေ။ ထို့အတူ ယနေ့ရေးဖွဲ့နေသော ကဗျာများကိုလည်း အားလုံးကို ပစ်ပယ်ရန်မဟုတ်ဘဲ လက်ကမ်းကြိုဆိုရမည့် ကဗျာကောင်းများရှိနေတတ်ကြောင်းကိုလည်း သတိပြုသင့်ပါသည်။ ကဗျာဖွဲ့သူများက သူကျင်လည်ရာပတ်ဝန်းကျင်ကို ဖွဲ့နိုင် သည်။ သူနှင့်ထိတွေ့ဆက်ဆံရသည့် လူတို့၏ သဘော သဘာဝစရိုက်များကို ထင်ဟပ်အောင် စပ်ဆိုလေ့လည်းရှိသည်။ သဘာဝပတ်ဝန်းကျင်နှင့် လူ့စရိုက်ကို ယှဉ်တွဲပေါ်လွင်အောင် ကဗျာရေးရသည်လည်း ရှိပါသည်။

သဘာဝပတ်ဝန်းကျင်အလှကို ခံစားတတ်ရန်နှင့် စိတ်ထားတတ်ရန် ညွှန်းဆိုသော ဆရာတင်မိုး၏ "တောင်ပေါ်ကတဲကလေး"အမည်ရှိကဗျာတစ်ပုဒ်ကို မျှဝေချင်ပါသည်။ စိတ်ကူးချိုချိုအနုပညာ(စာအုပ်)မှ ၂၀၁၉ ခုနှစ် ဇွန်လတွင်ထုတ်ဝေခဲ့သော တင်မိုး ကဗျာပေါင်းချုပ်(၂)တွင် ပါရှိပါသည်။ ၁၉၈၉ ခုနှစ် ဇွန်လထုတ် ပေဖူးလွှာ မဂ္ဂဇင်းကြီးတွင် စတင်ဖော်ပြခဲ့သော ကဗျာတစ်ပုဒ်လည်းဖြစ်ပါသည်။ ကဗျာ၏ ပထမပိုဒ်တွင်

- တောင်ကုန်းပေါ်က တဲကလေး
  ဘူးစင်သီးပင်ခင်းတဲ့ဈေး" ဟူ၍ စတင်ပါ

သည်။ အဖွဲ့အနွဲ့မှာ ရိုးရှင်းသည်။ တောင်ကုန်းငယ် တစ်ခုလည်းဖြစ်နိုင်သည်။ တောင်တန်းတောင်စွယ်ဟုလည်း ယူနိုင်ပါသည်။ အတွေးဆန့်လျှင် ဆန့်သလောက် "တောင်"နှင့်ဆက်နွယ်နေသည်။ "အမြင်နိမ့်၍ ခရီးဝေးသည့်တောင်"၊ အပင်ကြီး၍ အသီးသေးသည့်ညောင်"ဟူသောစကားကို သတိရဖွယ်ဖြစ်သည်။ "တဲ"ဆိုသည်မှာ ရပ်နားရန်၊ နေထိုင်ရန် သစ်ငယ်ဝါးငယ်တို့ဖြင့်ဆောက်လုပ်ထားသောအဆောက်အအုံဟူ၍ မြန်မာအဘိဓာန်တွင် တွေ့ရသည်။ တဲငယ်ကို တဲကုပ် သို့မဟုတ် တဲပုတ်ဟူ၍လည်း ခေါ်ကြောင်း မှတ်သားမိသည်။

မြန်ပြည်တစ်ဝန်း တောင်ပေါ်မြေပြန့်ဒေသ အားလုံးတွင် တောင်သူလယ်သမားအများစု နေထိုင်လျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းကို "ခေးမဦးချ" ဘိုးဘွားမိဘ အစဉ်အဆက်လုပ်ကိုင်ကြသူများလည်း ဖြစ်ကြသည်။ ပင်မသီးနှံဖြစ်သော စပါး၊ ဂျုံ၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါတို့ကို အလေးထားစိုက်ပျိုးလျက် တစ်ဖက်တွင်လည်း မီးဖိုချောင်သီးနှံများကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးလျက်လည်းရှိပါသည်။ တဲကလေး၏ ဘေးပတ်ပတ်လည်တွင် သီးပင်စားပင်များက အစုံအလင်။ "ဖရုံမြေလူး ဘူးစင်ခံ"ဟူသောအဆိုအတိုင်း ဘူးစင်ကလေးကလည်း အသင့်ဆောက်ပြီးဖြစ်သည်။ ဘူးနွယ်၊ ဘူးခက်၊ ဘူးရွက်တို့ကလည်း ညွှန့်ရှင်ဖားဖား၊ အပင်သန်လှသည်။ သီးကင်း၊ သီးငယ်၊ သီးရင့်တို့ကလည်း အားရစရာ။ အပွင့်ဖြူဖြူတို့လည်း အရွက်ကြားမှာ ဝေဝေဆာဆာ။ ဘူးကောင်းသဖြင့် စင်ခံခဲ့ပြီ။ ဘူးသီး သီးလျက် အရိုးတော်မည့်သူများကိုလည်း မျှော်နေသယောင် ရှိခဲ့ပြီ။

အထူးအစုံများတဲ့ ဘူး၊ ဖရုံ၊ သခွားအပြင် ငရုတ်၊ ကန်စွန်း၊ ချဉ်ပေါင်တို့ကလည်း အတန်းလိုက်ညီညီညာညာ။ ရာသီပေါ်သီးနှံ မုန်ညင်း၊ မုန်လာ၊ ခရမ်း၊ ကြက်ဟင်းခါး စသော သီးနှံတို့ကလည်း ရေတွက်မကုန်နိုင်။ ခေတ်ဟောင်းတေးတစ်ပုဒ်ဖြစ်သော "မိလေးတို့ရွာ"သီချင်းထဲမှာ နိုင်ငံကျော်သရုပ်ဆောင် ကြည်ကြည်ဌေးက "ကမ္ဘာသားတွေရဲ့ လာစားလေကွဲ့ခေါ်တဲ့ပမာ" ဟူသော တေးသွားကို သတိရမိပါသေးသည်။ မြန်မာ့ဆိုရိုး "အိမ်နောက်ဖေးဈေးဆိုင်တည်"ဟူသည်ကို "တောင်ပေါ်ကတဲကလေး"ကဗျာတွင် တဲပတ်ပတ်လည်ဈေးဆိုင်တည်"ဟု ဆိုနိုင်ပါလိမ့်မည်။ "ဘူးစင်သီးပင်ခင်းတဲ့ဈေး"ဟူ၍ ဖွဲ့ထားသည်ကို ဖတ်ရှုရပြန်သည်။

- ပန်းမွှေးမျိုးစုံပွင့်ကြပြီ
  သူ့ရာသီနဲ့သူ့ရာသီ
  ဖြူနီပြာဝါ ရောင်စုံသမ်း
  တောင်ခြေအောက်က မြည်ိုစမ်း။

ကဗျာ၏ ဒုတိယအပိုဒ်ဖြစ်ပါသည်။ "လျှိုမြောင်အရပ်ရပ်၊ တောတောင်အထပ်ထပ်၊ ဖြတ်ကျော်စီးဆင်းလာသော မြစ်မင်းရေ" ဟူသော တေးတစ်စကို သတိရဖွယ်ဖြစ်သည်။ တောင်တန်းအခြေကမြောင်စမ်းချောင်းအပါးရောက်ရှိသွားသလို ခံစားရနိုင်သည်။ ပန်းဟူသည် သဘာဝအလျောက်ပွင့်သောပန်းနှင့် လူတို့စိုက်ပျိုးကြသော ပန်းဟူ၍ရှိကြရာ နှစ်မျိုးစလုံး လှကြမွှေးကြသည်သာ။ မြန်မာ့ရာသီဥတုသုံးမျိုး နွေ၊ မိုး၊ ဆောင်းရှိရာ ရာသီအလိုက် ပန်းများက ဝေဝေဆာဆာ ဖူးပွင့်ကြစမြဲ။ အရောင်အသွေးစုံပန်းများက ရနံ့မွှေးထုံလျက်ရှိရာ မြင်ရသူ ဘဝင်အေးဖွယ်ဖြစ်ပါသည်။

> ❖လူသားတိုင်းတွင် လောဘ၊ ဒေါသ၊ မောဟ ဟူသော အရာသုံးပါးနှင့်မကင်းကြပါ။ လောဘမီး၊ ဒေါသမီးနှင့် မောဟအမိုက်အမှောင်ဟူ၍လည်း တင်စားလေ့ရှိပါ၏။ လောဘမီးတောက်က တောင်လောင်လျက် ဒေါသမီးလျှံကလည်း တရှိန်ရှိန်။ မောဟအမှောင်ထုကလည်း မိုက်မလင်းနိုင်။ နေရောင်ကိုလည်းမမြင်နိုင်။ လရောင်ကိုလည်း မခံစား။ ပူပြီးရင်း ပူလျက်ပင်။ လောဘမီးက အတောမသတ်။ ဒေါသမီးက ခြားရပ်ပါဟတ်။ မောဟအမှောင်က ရစ်ပတ်နှောင်။ မျက်စိပါလျက် အမြင်ခံကသည့် အကန်းပမာ။ အများစုသော သူသူငါငါ၏ နှလုံးစိတ်ဝမ်းတွင် ထိုအရာတို့က အားသာလျက်ရှိနေဆဲ။ ❖

သဘာဝပတ်ဝန်းကျင်သည် လူသားတို့ကို လက်ဆောင်များစွာ ဝေငှလျက်ရှိသည်။ အသက်ရှူရန် လေရသည်။ အသက်ရှင်ရန် ရေရသည်။ အစားအစာအတွက် အပင်နှင့်သတ္တဝါမျိုးစုံကလည်း လွယ်ကူစွာ ရသေးသည်။ နားနေခိုလှုံရန် အရိပ်နှင့်သစ်ဝါးအဖုံဖုံကလည်းအဆင်သင့်။ သစ်ပင်ပန်းမန်တို့က ဝန်းကျင်ကို အလှဆင်သည်။ ပျားပိတုန်းလိပ်ပြာတို့က အလှဖြည့်စွက်သည်။ ကျေးငှက်သာရကာတို့က တေးချိုချိုနှင့်နှုတ်ဆက်သည်။ သားရဲတိရစ္ဆာန်တို့ကလည်း တောမှာမြဲသည်။ သည်ဝန်းကျင်သည် အလှတို့ကို စိတ်အလှဖြင့်သာ ခံစားနိုင်ကြမည်ဖြစ်သည်။ စိတ်ထားဖြူစင်ခြင်းမရှိပါက မခံစားနိုင်။ မမြင်နိုင်။ ကဗျာဆရာက အဆိုပါအချက်များကိုပေါင်းရုံးလျက်-

- ငြိမ်းချမ်းသာတဲ့ ပတ်ဝန်းကျင်
  ဟိုမှာထန်းပင် သည်အုန်းပင်
  စိတ်ဖြူစင်ခြင်းမရှိပါက
  သည်အလှကိုမမြင်နိုင်ကြ ဟူ၍ ဆက်လက်

ရေးဖွဲ့ပါသည်။

လူသားတိုင်းတွင် လောဘ၊ ဒေါသ၊ မောဟ ဟူသောအရာသုံးပါးနှင့်မကင်းကြပါ။ လောဘမီး၊ ဒေါသမီးနှင့် မောဟ အမိုက်အမှောင်ဟူ၍လည်း တင်စားလေ့ရှိပါ၏။ လောဘမီးတောက်က တောင်လောင်လျက် ဒေါသမီးလျှံကလည်း တရှိန်ရှိန်။ မောဟအမှောင်ထုကလည်း မိုက်မလင်းနိုင်။ နေရောင်ကိုလည်းမမြင်နိုင်။ လရောင်ကိုလည်း မခံစား။ ပူပြီးရင်း ပူလျက်ပင်။ လောဘမီးက အတောမသတ်။ ဒေါသမီးက ခြားရပ်ဟတ်။ မောဟအမှောင်က ရစ်ပတ်နှောင်။ မျက်စိပါလျက် အမြင်ခံကသည့် အကန်းပမာ။ အများစုသော သူသူငါငါ၏ နှလုံးစိတ်ဝမ်းတွင် ထိုအရာတို့က အားသာလျက်ရှိနေဆဲ။ ကမ္ဘာ့သမိုင်းက သက်သေခံလျက်ရှိသည်ကို တွေ့မြင်ကြားသိကြရသည်။ စာဆိုဆရာတင်မိုးက လူသားတိုင်းတွင် ကိန်းအောင်းလျက် ရှိနေတတ်သော အထက်ပါသဘောများကို ဆင်ခြင်လျက် ဆက်လက်စပ်ဆိုလိုက်ပုံမှာ-

- လောဘဒေါသမီးတောက်လောင်
  မောဟဖုံးတဲ့အမှောင်
  နေရောင်ရွှေစ ကျတိုင်းလှ
  အမှောင်လွှမ်းတော့ အကန်းပ ဟူ၍ ဖြစ်ပါ

သည်။ အထက်ပါကဗျာအပိုဒ်တွင် ပါဝင်နေသော လောဘ၊ ဒေါသ၊ မောဟတို့သည် စိတ်ခံစားမှုတွင် အခြေခံသည်။ စိတ်၏အလုပ်မှာ များပြားကြောင်း စိတ်ပညာရှင်များက ဆိုပါသည်။ သက်ဆိုင်ရာဘာသာတရားများကလည်း စိတ်နှင့်စပ်လျဉ်း၍ အဆုံးအမများစွာလည်းရှိပါသည်။ မိမိစိတ်ကိုအောင်နိုင်ခြင်း (တစ်နည်းအားဖြင့် ကောင်းစွာမွေးမြူစောင့်ရှောက်ခြင်း၊ကောင်းမှုမြတ်နိုးကောင်းအောင်ကြိုးခြင်း)သည် ကြီးစွာသော အောင်မြင်မှုဖြစ်ကြောင်းကိုလည်း မှတ်သားဖူးပါသည်။ သို့သော် လူသားအားလုံး မိမိစိတ်ကိုမိမိ ထိန်းချုပ်နိုင်ကြသည်မဟုတ်ပေ။

မြန်မာတိုင်းရင်းသားဆွေမျိုးအားလုံး တောင်ပေါ်မြေပြန့်အနှံ့ နေထိုင်လျက်ရှိကြသည်။ လယ်ယာစိုက်ပျိုးရေးကို အထူးအားထားရသော နိုင်ငံဖြစ်ပြီး တောင်သူအလုပ်ဖြင့် အသက်မွေးကြသူ အများစုဖြစ်သည်။ တောင်သူလယ်သမားအများစုတို့မှာ အနေအထိုင်ရိုးသားကြသည်။။ အစားအသောက်မှာလည်း ရိုးရိုးပဲစားကြသည်။ အထူးအဆန်းမစားတတ်ကြ။ စားလေ့လည်းမရှိ။ အနေရိုး၊ အစားရိုးသလို သဘောထားလည်းရိုးသားကြသည်။ ဟန်ဆောင်မှုကို မလိုလား။ ပွင့်လင်းမှုကို အလေးထားသည်။ လောဘ၊ ဒေါသ၊ မောဟလည်းနည်းပါးကြပါသေးသည်။ လူ့သဘာဝ မဟုတ်မခံစိတ်ကတော့ ရှိစမြဲပင်။ ကဗျာဆရာက တောင်ပေါ်ကတဲကလေးဟု နိမိတ်ပုံဆောင်သော်လည်း လူသားအားလုံးကို ညွှန်းဆိုလိုဟန်ရှိသည်။ လူတို့၏ စိတ်နေသဘောထား အတက်၊ အကျ၊ အနိမ့်၊ အမြင့်၊ အဖြူ၊ အမည်းသည် သဘာဝတရားနှင့် ဆက်စပ်လျက်ရှိကြောင်းကို ကဗျာအဆုံးသတ်တွင်-

- စိတ်အနည်ထသူတို့မှာ
  ရောင့်ရဲမှုကို မရနိုင်ပါ
  တောင်ပေါ်ရွာက တဲကလေး
  စိတ်နှလုံး၏ ငြိမ်းချမ်းရေး။ ။ ဟူ၍ နိဂုံး

ချုပ်ထားပါသည်။ "စိတ်အနည်ထသူ"ဟူသောစကားအသုံးမှာ မြင်လွယ်၊ သိလွယ်သောစကားဖြစ်သော်လည်း အတွေးကွန်ရက်ဖြန့်စေရန် နှိုးဆော်ချက်ဟု ယူချင်ပါသည်။ ရောင့်ရဲမှုဟူသည် စိတ်နှလုံးငြိမ်းချမ်းရေးကို ပေးစွမ်းနိုင်သည်မှာလည်း သေချာမှုတစ်ခုပင်ဖြစ်ပါ၏။ ဖတ်ရှု၍နားလည်နိုင်သော ကဗျာအလှတစ်ပုဒ်ဖြစ်သကဲ့သို့ တွေးတောစရာ၊ ဆင်ခြင်စရာ၊ လိုက်နာစရာများကိုလည်းလက်ဆောင်ပါးသော ကဗျာကောင်းတစ်ပုဒ်အဖြစ် မျှဝေလိုက်ရပါသည်။

**ကိုးကား**

**- တင်မိုး ကဗျာပေါင်းချုပ်(၂)**

ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊

ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ဒဂုံမြို့နယ် ရွှေတိဂုံစေတီတော်၌ မေတ္တာအခါတော်နေ့တွင် ပန်းပေါင်း ၈၄၀၀၀ ပါဝင်သည့် ပန်းစေတီကပ်လှူပူဇော်ပွဲ ပြုလုပ်သွားမည်



**ရန်ကုန် ဩဂုတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်၌ မေတ္တာအခါတော်နေ့တွင် ပန်းပေါင်း ၈၄၀၀၀ ပါဝင်သည့် ပန်းစေတီ ကပ်လှူပူဇော်ပွဲကို ထည့်သွင်းကာ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောပြ၍ သိရသည်။

ရွှေတိဂုံစေတီတော်တွင် အခါတော်နေ့ အခမ်းအနားများကို တစ်နှစ်တာကာလပတ်လုံး ကျင်းပလျက်ရှိရာ ဩဂုတ် ၁၉ ရက် (ဝါခေါင်လပြည့်နေ့တွင်) ကျရောက်မည့် မေတ္တာအခါတော်နေ့ အခမ်းအနားကိုလည်း ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပေါ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဝါခေါင်လပြည့်နေ့ မေတ္တာအခါတော်နေ့မှာ ရွှေတိဂုံစေတီတော်ကို ပန်းပေါင်း ၈၄၀၀၀ ပူဇော်ပွဲ ထည့်သွင်းဆောင်ရွက်မှာဖြစ်ပါတယ်။ နံနက် ၅ နာရီခွဲမှာ ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်း ဂေါပကအဖွဲ့ဝင်တွေ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းတွေနဲ့ ဝန်ထမ်းတွေက ရွှေတိဂုံစေတီတော်ကို ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်တွေနဲ့ အရဏ်ဆွမ်းတော်ကြီး ကပ်လှူပူဇော်ကြမှာ ဖြစ်ပါတယ်။ နံနက် ၆ နာရီမှာ ရှေးဟောင်း ရုပ်ပွားတော်တွေ တန်ဆောင်းမှာ မေတ္တာအခါတော်နေ့အခမ်းအနား ကျင်းပမှာဖြစ်ပါတယ်။ နံနက် ၇ နာရီမှာ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်တွေ တန်ဆောင်းကနေ စတင်ပြီးတော့ ပန်းစေတီတွေကို ပင့်ဆောင်ပြီး ရင်ပြင်တော်တစ်ပတ် လှည့်လည်ပူဇော်ကြမှာ ဖြစ်ပါတယ်။ ပြီးရင်တော့ မုခ်လေးမုခ်က ဗုဒ္ဓရုပ်ပွားတော်တွေနဲ့ အထက်ပစ္စယာကျ ပတ္တမြားမျက်ရှင်ရုပ်ပွားတော်ကြီးကို ပန်းစေတီတွေနဲ့ ပူဇော်မှာဖြစ်ပါတယ်။ နံနက် ၉ နာရီခွဲမှာတော့ ဝါတွင်းသီလခံယူပွဲနှင့် ရေစက်ချအခမ်းအနားနဲ့ ဩဝါဒါစရိယဆရာတော်ကြီးတွေနဲ့ ပင့်သံဃာတွေကို နေ့ဆွမ်း ဆက်ကပ်လှူဒါန်းမှာဖြစ်ပါတယ်"ဟု ဦးဘိုးသင်းက ပြောပြ၍ သိရသည်။

ASH

# Avatar: Fire and Ash ၌ မင်းသမီး မီရှဲယို ပါဝင်မည်မဟုတ်

**နယူးယောက် ဩဂုတ် ၁၅**

၂၀ ရာစု ရုပ်ရှင်စတူဒီယို၏ တတိယမြောက် Avatar ဇာတ်ကားဖြစ်သည့် Avatar: Fire and Ash ဇာတ်ကား၌ မင်းသမီး မီရှဲယို ပါဝင်မည်မဟုတ်ကြောင်း ဩဂုတ် ၁၄ ရက် သတင်းများအရ သိရသည်။

Avatar: Fire and Ash ဇာတ်ကား၌ မင်းသမီး မီရှဲယိုပါဝင်မည်မဟုတ်ကြောင်းကို ကမ္ဘာကျော် ဒါရိုက်တာကြီး ဂျိမ်းကင်မရွန်က အတည်ပြု ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် မင်းသမီး မီရှဲယို အနေဖြင့် Avatar: Fire and Ash ဇာတ်ကား၌ ပါဝင်ရန်မရှိသော်လည်း Avatar-4 နှင့် Avatar-5 တို့တွင် ပါဝင်မည်ဖြစ်ကြောင်း ဒါရိုက်တာ ဂျိမ်းကင်မရွန်၏ အဆိုအရ သိရသည်။

Avatar: Fire and Ash ဇာတ်ကားကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် ရုံတင်ပြသရန် ၂၀ ရာစု ရုပ်ရှင်စတူဒီယိုက စီစဉ်ထားကြောင်း သိရသည်။

ဒါရိုက်တာ ဂျိမ်းကင်မရွန်သည် လက်ရှိအချိန်တွင် တရားဝင်ဇာတ်ကားနာမည်များ မပေးရသေးသည့် Avatar-4 နှင့် Avatar-5 ဇာတ်ကားများကို ဆက်လက်ရိုက်ကူးနေဆဲဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# Creature From the Back Lagoon ဇာတ်ကားကို ဒါရိုက်တာ ဂျိမ်းဝမ် တာဝန်ယူရိုက်ကူးပေးဖွယ်ရှိ

**နယူးယောက် ဩဂုတ် ၁၅**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ ဂန္ထဝင်မြောက် ထိတ်လန့်သည်းဖို ဇာတ်ကားဖြစ်သော Creature From the Black Lagoon ဇာတ်ကားကို ကမ္ဘာကျော် ဒါရိုက်တာ ဂျိမ်းဝမ်က ရိုက်ကူးပေးဖွယ်ရှိကြောင်း ဩဂုတ် ၁၄ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် Creature From the Black Lagoon ဇာတ်ကားကို ရိုက်ကူးရေးအတွက် ဒါရိုက်တာ ဂျိမ်းဝမ်နှင့် ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီတို့ကြား စတင် ဆွေးနွေးနေပြီဖြစ်ကြောင်း သိရသည်။

Creature From the Black Lagoon ဇာတ်ကားသည် ဒါရိုက်တာ ဂျက်အာနိုးက ၁၉၅၄ ခုနှစ်တွင် ရိုက်ကူးခဲ့သော ထိတ်လန့်သည်းဖို ဇာတ်ကားဖြစ်သည်။







အဆိုပါဇာတ်ကားသည် ရေအောက်တွင်နေနိုင်သည့် လူတစ်ပိုင်း မကောင်းဆိုးဝါးတစ်ပိုင်း သတ္တဝါတစ်မျိုးအကြောင်း ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Creature From the Black Lagoon ဇာတ်ကားသစ်၌ ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင်များကို ယူနီဗာဆယ်ကုမ္ပဏီက ထုတ်ပြန်ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

ဒါရိုက်တာ ဂျိမ်းဝမ်သည် Saw နှင့် The Conjuring ကဲ့သို့ ကမ္ဘာကျော် ထိတ်လန့်သည်းဖိုဇာတ်ကားများကို ရိုက်ကူးပေးခဲ့သူဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# ဇာတ်ဝင်တေးသီချင်းများကို မူပိုင်ခွင့်ရယူထားကြောင်း ဆင်ဆာတွင်တင်ပြရမည်

**ရန်ကုန် ဩဂုတ် ၁၅**

မြန်မာရုပ်ရှင်ဇာတ်ကား၊ မြန်မာရုပ်သံဇာတ်လမ်းတွဲများတွင် ထည့်သွင်းအသုံးပြုမည့် ဇာတ်ဝင်တေးသီချင်းများနှင့် ပတ်သက်၍ မူပိုင်ခွင့်ရယူထားကြောင်း ဆင်ဆာတင်သည့်အခါ တင်ပြရမည်ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

ထိုကဲ့သို့ ဇာတ်ဝင်တေးသီချင်း မူပိုင်ခွင့်စနစ်သစ် ကျင့်သုံးတော့မည်ဖြစ်သည့်အတွက် ရုပ်ရှင်ဇာတ်ကား၊ ရုပ်သံဇာတ်လမ်းတွဲများတွင် ထည့်သွင်းအသုံးပြုမည့် ဇာတ်ဝင်တေးသီချင်းများ မူပိုင်ခွင့်ရယူပြီးမှသာ အဆိုပါ ရုပ်ရှင်ဇာတ်ကား၊ ဇာတ်လမ်းတွဲများကိုရိုက်ကူးရမည်ဖြစ်ကြောင်း သိရသည်။

"ဒီဟာက ဇာတ်ဝင်တေးသီချင်းမူပိုင်ခွင့် စနစ်သစ်ခေါ်မှာပါ။ ဒီနေ့ကစတင်ပြီးတော့အသက်ဝင်မှာဖြစ်တဲ့အတွက် အဲဒီရက်နောက်ပိုင်း ဆင်ဆာတင်မဲ့ ဇာတ်လမ်းတွဲတွေ၊ ဇာတ်ကားတွေအနေနဲ့ ဇာတ်ဝင်တေးတွေအတွက် ကြိုတင်ပြီးတော့ မူပိုင်ခွင့်ယူထားဖို့ လိုမှာပါ။ ဇာတ်ဝင်တေးနဲ့ပတ်သက်ပြီး မူပိုင်ခွင့်ယူပြီးမှ ရိုက်ကူးရမဲ့အထဲမှာ ရုပ်ရှင်တွေ၊ ဇာတ်လမ်းတွဲတွေအပြင် ကြော်ငြာတွေ၊ တေးသီချင်း MV တွေလဲပါဝင်ပါတယ်"ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

အဆိုပါ ဇာတ်ဝင်တေးသီချင်း မူပိုင်ခွင့်စနစ်သစ် စတင်ကျင့်သုံးနေပြီဖြစ်သည့်အတွက် ရုပ်ရှင်ဇာတ်ကားနှင့် ဇာတ်လမ်းတွဲ ရိုက်ကူးထုတ်လုပ်သူများအနေဖြင့် ဇာတ်ကား၊ ဇာတ်လမ်းတွဲ၊ တေးသီချင်း MV နှင့် ကြော်ငြာများ ရိုက်ကူးမည့် အသုံးပြုမည့် ဇာတ်ဝင်တေးများအတွက် မူပိုင်ခွင့် ရယူရန် မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)နှင့် ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ဦးအေးကြူလေးက ဆက်လက်ပြောပြ၍သိရသည်။

ASH

# ကြို့ပင်ကောက်မြို့နယ် လယ်ဦးစုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ကြို့ပင်ကောက် ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်ဦးစုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်၊ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် တာဝန်ခံအင်ဂျင်နီယာများက သက်ဆိုင်ရာ ကုမ္ပဏီမှတာဝန်ရှိသူများ၊ ကျေးရွာ ရပ်မိရပ်ဖများနှင့်အတူ လယ်ဦးစုကျေးရွာ၌ သောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ကြို့ပင်ကောက်မြို့နယ် လယ်ဦးစုကျေးရွာ၌ သောက်သုံးရေရရှိရေး အနက်ပေ ၃၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်းနှင့် ရေစက်ရုံ တည်ဆောက်ခြင်း လုပ်ငန်းတို့ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၃၆ ဒသမ ၁၇၅ သန်းဖြင့် ငွေသွန်းလျှံကုမ္ပဏီက ဇူလိုင်လ ဒုတိယပတ်မှစ၍ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက လယ်ဦးစုကျေးရွာရှိ အိမ်ခြေ ၁၁၉၊ လူဦးရေ ၄၉၃ ဦးအတွက် ရာသီမရွေး သောက်သုံးရေ အခက်အခဲများ အဆင်ပြေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# Sterculia versicolor planted on more than 2,000 acres of land in Sagaing district


A sterculia versicolor plantation.

**Sagaing August 15**

According to the statistics of Sagaing District Agriculture Department, a total of 2,694 acres of Sterculia versicolor plants have been grown in Sagaing District of Sagaing Region.

In 2024-25 monsoon season, Sagaing Township planted 579 acres of Sterculia versicolor plants, Myinmu Township 2,056 acres and Myaung Township 59 acres, totalling 2,694 acres meet the target cultivation.

Daw Thida Lwin, Head of Sagaing District Agriculture Department stated, “Local authorities set a plan to grow 2,694 acres of Sterculia versicolor plants this monsoon. Local farmers have planted all sown acreage of Sterculia versicolor plants meeting the target cultivation. The plants can grow in all types of soils. So, farmers can expand their sown acreage in all types of soil.”

The Agriculture Department urged local farmers to grow the plants with chemical residue and apply GAP system. The products of Sterculia versicolor plants will be issued with the GAP certificate to have larger prices in the market.

Moreover the department will cooperate with chamber of commerce to have a market share for Sterculia versicolor plants in the domestic market.

206

# Taze Township completes cultivation of vegetable crops on more than 1,300 acres of land

**Taze August 15**

A total of 1,352 acres of vegetable plants have been grown in Taze Township of Sagaing Region this monsoon, according to YeU District Agriculture Department.

The township earmarked cultivation of 1,352 acres of vegetables this monsoon but local farmers have met the target cultivation of all 1,352 acres of vegetables.

U Zaw Myint Tun, Head of YeU District Agriculture Department said: “Local farmers could meet the target cultivation of 1,352 acres of vegetables this monsoon. They grow mustard, chilli, spicy, potato, cabbage, cauliflower and Chinese cabbage in the township. We help local farmers use GAP system and produce healthy vegetable with reduced chemical residue.”

This year, the Township Agriculture Department conducted training courses for local farmers to have higher capacity of applying GAP system, producing healthy crops and expanding sown acreage.

Taze Township’s farmers can earn increased incomes from thriving vegetable plantations. Agricultural staff gave techniques of making natural fertilizers and pesticides to local farmers.

206


A vegetable patch.

# Budalin Township farmers cultivate 56,206 acres of rain-fed oilseed crops

**Budalin August 15**

A total of 56,206 acres of oilseed crops have been planted in Budalin Township, Monywa District, Sagaing Region in this rain crops planting season, according to statistics from Department of Agriculture for Budalin Township.

During the 2024-2025 rain crops planting season, 92,476 acres of oilseed crops are planned to be planted in Budalin Township, and 56,206 acres have been planted since May this year.

“We are working to reach the target area. As for oilseeds, we are in a successful position," said U Phyo Wai, head of the Department of Agriculture for Budalin Township.

This year, according to oil crop cultivation in Budalin Township, 31,346 acres of peanuts, 20,818 acres of sesame and 4,042 acres of sunflower, totaling 56,206 acres of oilseed crops, were planted.

According to the 2024-2025 rain crops planting season, 34,700 acres of peanuts, 52,070 acres of sesame, and 5,706 acres of sunflowers, totaling 92,476 acres, were earmarked for oil crop cultivation in Budalin Township.

206

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# KhinU Township farmers cultivate 533 acres of rain-fed rice

**KhinU August 15**

A total of 533 acres of rice have been planted in KhinU Township, Shwebo District, Sagaing Region in this year rain crops planting season, according to Department of Agriculture for KhinU Township.

During the 2024-2025 rain crops planting season, 100,000 acres of rain-fed rice have been earmarked to be planted in KhinU Township, and 533 acres have been planted since July this year.

“We are providing the necessary technology and varieties to reach the target rain-fed rice. We are conducting fieldwork in order to plant rain-fed rice on time," said U Nay Win Naing, head of Department of Agriculture for KhinU Township.

During this year's rain crops planting season, the relevant township Department of Agriculture and local farmers are cooperating with each other to ensure that there is no difficulty in planting rain-fed rice.

The department is providing agricultural technology, education on prevention of pest infestation, preventing damage to crops, and the timely arrival of the harvested rice under the shelter to rain-fed rice farmers in KhinU Township.

206


A monsoon paddy plantation.

# More than 54,000 acres of summer paddy harvested in Shwebo Township



Summer paddy being harvested.

**Shwebo August 15**

A total of 54,436 acres of summer paddy has been harvested in Shwebo Township of Sagaing Region, statistics of Shwebo Township Agriculture Department indicated.

In 2023-24 summer season, farmers started harvesting of summer paddy in Shwebo Township, and so far, they have reaped 54,436 acres of summer, yielding 88.21 baskets per acre.

U Hsan Oo, Head of Shwebo Township Agriculture Department said: "A total of 54,436 acres of summer paddy has been planted in Shwebo Township. So far, farmers have harvested all acres of summer paddy. Our department raised awareness of farmers to prevent pests, minimize loss and waste of summer paddy in harvesting process and keep harvested paddy under shelter in time."

In 2023-24 summer season, farmers could meet the target cultivation of 54,436 acres of summer paddy in Shwebo Township.

This year, agricultural staff conducted training courses for local farmers to have knowledge about of boosting per-acre yield of summer paddy, use of quality strains of paddy seeds, field demonstration, and distribution of agricultural inputs.

206

# U.S. releases preliminary report on plane crash in Alaska

**San Francisco August 15**

A plane that crashed last month in Glacier Bay National Park, U.S. state of Alaska, was a few hundred feet below a high ridge when it struck the mountainside, killing three people aboard, according to an official preliminary report released on Wednesday.

The 1948 Beechcraft Bonanza left Juneau, the capital city of Alaska, on July 20 for Yakutat, but crashed into the east side of Mount Crillon, one of the higher mountains of the coastal Fairweather Range, the U.S. National Transportation Safety Board said in the report.

The plane's tracking signal stopped at an altitude of about 10,875 feet (about 3,315 meters), 345 feet (about 105 meters) below the top of the ridge, according to the report, which also referenced a forecast warning of clouds obscuring mountaintops in the region.

An aerial search on Aug. 5 revealed "portions of highly fragmented airplane wreckage" at about 6,200 feet (about 1,890 meters), more than 4,500 feet (about 1,372 meters) below the area where authorities believed the plane initially crashed, the report said.

Xinhua

# Mawlaik District completes growing of more than 600 acres of banana this monsoon

**Mawlaik August 15**

A total of 647 acres of land has been placed under banana plants in Mawlaik District of Sagaing Region, according to the statistics of Mawlaik District Agriculture Department.

Local authorities earmarked cultivation of 645 acres of banana plantations this monsoon but local farmers exceeded their cultivation of banana on 647 acres—157 acres in Mawlaik township and 490 acres in Phaungpyin township.

Daw Kywe Kywe Hlaing, Head of Mawlaik District Agriculture Department said: "We planned to grow 645 acres of banana this monsoon but local farmers have planted 647 acres of banana exceeding the target cultivation this monsoon. Now, local farmers grow banana plants on dykes of paddy fields as part of efficiently utilizing the farmlands. So, these plants can be free from danger of pests due to side effects from spraying paddy fields to prevent pests."



A banana plantation.

In 2024-25 monsoon season, Mawlaik District earmarked 155 acres of banana plants in Mawlaik Township and 490 acres in Phaungpyin Township, totalling 645 acres.

Farmers grow 1,000 banana plants per acre. It can cost some K2 million per acre for agricultural charge but they can earn some K5 million per acre in harvesting.

Mawlaik District Agriculture Department holds talks with local farmers to minimize chemical residue, use prescribed chemical pesticides and use GAP system in order to produce healthy crops.

206

# Ethiopian PM inaugurates construction of Chinese-contracted economic city

**Addis Ababa August 15**

Ethiopian Prime Minister Abiy Ahmed on Wednesday launched the construction of a Chinese-contracted economic city, known as "Addis Tomorrow Special Economic Zone," at the heart of Addis Ababa, the country's capital.

The launching ceremony came a year after the Addis Ababa City Administration and China Communications Construction Company (CCCC) inked a deal to build the economic city, with a planned area of 35 hectares, at an estimated cost of 700 million U.S. dollars.

Speaking at the event, Abiy said the economic city is part of the government's commitment to transforming Addis Ababa into one of the most beautiful cities in the world by building smart communities with various facilities, including residential houses, shopping malls, hotels, and recreational centers.

"This is the start of our big dream of making Addis Ababa attractive as its name 'New Flower' refers to, and my gratitude goes to CCCC and the city administration for kicking start this project," Abiy said.

According to the prime minister, the Addis Tomorrow Special Economic Zone will be connected to other economic areas whose constructions are underway in other parts of the capital through the ongoing Addis Ababa corridor development.

Xinhua




Ethiopian Prime Minister Abiy Ahmed speaks at the launching ceremony of the construction of a Chinese-contracted economic city in Addis Ababa, Ethiopia, on Aug. 14, 2024.

# 420 acres of pigeon pea successfully planted in Kawlin District for 2024-2025 monsoon season

**Kawlin August 15**

This year, during the monsoon crop planting season, it has been reported that 420 acres of pigeon pea crops have already been planted in Kawlin District, Sagaing Region, according to the records from the Kawlin District Agriculture Department.

For the 2024-2025 monsoon crop planting season, the plan was to plant 475 acres of pgeon pea in Kawlin District. Starting from May this year, planting commenced, and so far, 343 acres in Kawlin Township and 77 acres in Wuntho Township, totaling 420 acres, have been completed.

"This year, we planned to plant 475 acres of pigeon pea crops in Kawlin District during the monsoon crop planting season. As of today, 420 acres have been planted. We are also working to ensure good yields in pigeon pea cultivation. Pigeon peas are planted both as a primary crop and as an additional crop," said U Win Thein, the head of the Kawlin District Agriculture Department.

For the 2024-2025 monsoon crop planting season, the plan for pigeon pea cultivation in Kawlin District is to plant 394 acres in Kawlin Township and 81 acres in Wuntho Township, totaling 475 acres.

It is also reported that during this year's pigeon pea planting in Kawlin District, the respective Township Agriculture Departments are providing on-site training to farmers on selecting good quality seeds, using proper planting methods, ensuring protection from pests, and achieving good yields.

The relevant Township Agriculture Departments in Kawlin District are distributing technologies to farmers that involve using a mixture of urea and lime to reduce costs when purchasing foliar fertilizers. It is reported that this method not only reduces planting costs but also helps keep the plants free from pests and promotes healthy plant growth.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားနိုင်ငံက Army-2024 တွင် Rapira-3 ယာဉ်တင်လေကြောင်းရန်ကာကွယ်ရေးစနစ် ထုတ်ဖော်ပြသ



ရုရှားနိုင်ငံ Army-2024 နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ်တွင် ရုရှားအင်ဂျင်နီယာများသည် AMN-590951 Spartak MRAP ခြံခိုတိုက်ခိုက်မှုနှင့် မိုင်းဒဏ်ခံယာဉ်ပေါ်တွင် တင်ဆောင်ထားသည့် Rapira-3 ယာဉ်တင်လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစနစ်တွင် ဝေဟင်မှပစ်လွှတ်သည့် S-8 ရော့ကတ်(ဒုံးကျည်) ၁၀ စင်း တပ်ဆင်ထားပြီး အဆိုပါရော့ကတ်များကို ဒရုန်းများ တန်ပြန်တိုက်ခိုက်ရန် မြေပြင်မှ ဝေဟင်ပစ်ဗားရှင်းအဖြစ် ပြန်လည်ပြင်ဆင်ထားခြင်းလည်းဖြစ်သည်။ ဤလက်နက်စနစ်သစ် တိုးတက်ဖွံ့ဖြိုးလာမှုသည် ယူကရိန်းအထူးစစ်ဆင်ရေးတွင် အသေခံဒရုန်းတိုက်ခိုက်မှုများအပါအဝင် ဒရုန်းများ၏ ခြိမ်းခြောက်မှုကို တန်ပြန်ရာတွင် စွမ်းဆောင်ရည်အဆင့်မြှင့်တင်ရန် ရုရှားနိုင်ငံမှ အင်ဂျင်နီယာပညာရှင်များ၏ ကြိုးပမ်းအားထုတ်လာမှု တစ်စိတ်တစ်ပိုင်းဖြစ်သည်။

ရုရှားနိုင်ငံက အရွယ်အစား သေးငယ်သော ဒရုန်းများနှင့်ဒရုန်းများကဲ့သို့ လေကြောင်းပစ်မှတ်များကို ထောက်လှမ်းရှာဖွေ၊ တန်ပြန်ပစ်ချနိုင်ရန်အတွက် ဒီဇိုင်းထုတ်ထားသည့် Rapira-3 နှင့် Rapira-2 လေကြောင်းရန် ကာကွယ်ရေးစနစ် နှစ်ခုစလုံးပြသထားခြင်းဖြစ်သည်။ အဆိုပါစနစ်များကို Spartak(2-axle) သံချပ်ကာယာဉ်များပေါ်တွင် တပ်ဆင်ထားပြီး ရွေ့လျားစစ်ကစားနိုင်မှုနှင့် ပြောင်းလွယ်ပြင်လွယ်ရှိမှုကို တိုးမြှင့်ပေးထားကြောင်း သိရသည်။

ဒရုန်းအမျိုးမျိုးကို ကြားဖြတ်ပစ်ချနိုင်ရန်ရည်ရွယ်၍ Rapira-2 စနစ်တွင် ၇ ဒသမ ၆၂ မီလီမီတာ စက်သေနတ်များ၊ Rapira-3 စနစ်တွင် မီလီမီတာ ၈၀ S-8 ဝေဟင်ပစ် ရော့ကတ် ၁၀ စင်းကို တပ်ဆင်ထားကြောင်း သိရသည်။

Rapira-3 လေကြောင်းရန်ကာကွယ်ရေးစနစ်သည် ဝေဟင်မှမြေပြင်ပစ် S-8 ရော့ကတ်ကို မြေပြင်မှ ဝေဟင်ပစ်ရော့ကတ်အဖြစ် အသုံးပြုနိုင်ရန် ပြုပြင်မွမ်းမံထားခြင်းဖြစ်ပြီး ယူကရိန်းအထူးစစ်ဆင်ရေးအတွင်း ထွက်ပေါ်လာသောဒရုန်းခြိမ်းခြောက်မှုအန္တရာယ်များကို တုံ့ပြန်တိုက်ဖျက်ရန်၊ လက်ဝယ်ပိုင်ဆိုင်ထားသောလက်နက်များကို အခန်းကဏ္ဍသစ် အသုံးပြုနိုင်ရန် ပြောင်းလွယ်ပြင်လွယ်ရှိစွာ ဖန်တီးလုပ်ဆောင်နိုင်မှုကို ဖော်ပြနေခြင်းလည်းဖြစ်သည်။

Tiger သံချပ်ကာယာဉ်တင် Rapira-3 လေကြောင်းရန် ကာကွယ်ရေးစနစ်၏ အစောပိုင်းဗားရှင်းကို ယခင်ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ်တွင် ပြသခဲ့ဖူးသည်။ အဆိုပါစနစ်ဗားရှင်းတွင် ဝေဟင်ပစ်မှတ်များကို အကွာအဝေး မီတာ ၂၀၀၀၀ ထိ ထောက်လှမ်းနိုင်သည့် Active Phased Array ရေဒါတစ်ခုပါရှိသည်။

စစ်ဆင်ရေးရည်မှန်းချက်တာဝန်ပေးအပ်နိုင်မှုနှင့် အသုံးပြုပစ်ခတ်မည့်ထိပ်ဖူးကျည်အမျိုးအစားပေါ်မူတည်၍ S-8 ရော့ကတ်သည် ထိရောက်အကွာအဝေး နှစ်ကီလိုမီတာမှ လေး ကီလို မီတာအတွင်း တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ၂၀၂၃ ခုနှစ်တွင် စတင်အသုံးပြုလာသော S-8OFP ရော့ကတ်ဗားရှင်းတွင် ထိရောက်အကွာအဝေး၊ ထိပ်ဖူးအလေးချိန်နှင့် ဒစ်ဂျစ်တယ်စနစ်သုံးစနက်တံ စသည့်အပိုင်းများ၌ အဆင့်မြှင့်တင်မှုများ ပြုလုပ်ထားသည့်အတွက် ဒရုန်းများရန်မှ ကောင်းစွာကာကွယ်နိုင်စွမ်းရှိလာကြောင်း သိရသည်။

**Russian engineers unveil Rapira-3 air defense system armed with ten S-8 rockets to counter Ukrainian drones ကို ဘာသာပြန်ဆိုထားပါသည်။**

## ပိုလန်က အမေရိကန်ထုတ် Apache တိုက်ခိုက်ရေးရဟတ်ယာဉ်များ ဝယ်ယူရေးလက်မှတ်ရေးထိုး

ပိုလန်နိုင်ငံသည် နိုင်ငံ၏ စစ်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်မှုအနေဖြင့် အမေရိကန်နိုင်ငံ Boeing ကုမ္ပဏီထံမှ Apache တိုက်ခိုက်ရေးရဟတ်ယာဉ် ၉၆ စင်းကို အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံဖြင့် ဝယ်ယူရေးသဘောတူညီချက် လက်မှတ်ရေးထိုးခဲ့သည်ဟု The Defense Post သတင်းဌာနက ဩဂုတ် ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၂၀၂၂ခုနှစ်တွင် အိမ်နီးချင်း ယူကရိန်းကို ရုရှားက အထူးစစ်ဆင်ရေးစတင်ဆင်နွှဲလာချိန်မှစ၍ ပိုလန်နိုင်ငံသည် နိုင်ငံ့တပ်မတော်ကို ခေတ်မီအဆင့်မြှင့်တင်ရေးအတွက် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လာခဲ့သည်။

“ဒါဟာ ပိုလန်တပ်မတော်အတွက် ခေတ်မီဆန်းသစ်တဲ့ Apache တိုက်ခိုက်ရေးရဟတ်ယာဉ် ၉၆ စင်းကို အင်အားဖြည့်တင်းဝယ်ယူမှု တစ်ခုပါပဲ။ ယနေ့ခေတ်မှာ ကျွန်တော်တို့ တပ်မတော်ကို ခေတ်နဲ့အညီပြောင်းလဲ ပြင်ဆင်ပြီး အဆင့်မြှင့်တင်နိုင်ရမယ်”ဟု ပိုလန်နိုင်ငံကာကွယ်ရေးဝန်ကြီး Wladyslaw Kosiniak-Kamysz က ပြောကြားခဲ့သည်။

အဆိုပါဝယ်ယူရေးသဘောတူညီချက်သည် မကြာသေးမီရက်ပိုင်းအတွင်းက အမေရိကန်နှင့် ပိုလန်နိုင်ငံတို့ ချုပ်ဆိုခဲ့သောစာချုပ်များအနက် နောက်ဆုံးချုပ်ဆိုခဲ့သော စာချုပ်လည်းဖြစ်သည်။ ထို့ပြင် ပြီးခဲ့သည့်သီတင်းပတ်အတွင်း ပိုလန်နိုင်ငံသည် AIM-120C AMRAAM ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည် ရာနှင့်ချီဝယ်ယူရန် သဘောတူညီခဲ့ကြောင်းလည်း ထုတ်ပြန်ကြေညာခဲ့သည်။ ဩဂုတ် ၁၂ ရက်တွင် အမေရိကန်က ဒီဇိုင်းထုတ်ထားသည့် Patriot လေကြောင်းရန် ကာကွယ်ရေးစနစ်အတွက် ဒုံးပစ်လောင်ချာယာဉ် ၄၈ စီးအတွက်ပါ စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

ယူကရိန်း၏ မဟာမိတ်နိုင်ငံဖြစ်သော ပိုလန်သည် ယခုနှစ်တွင် နိုင်ငံအတွင်း နှစ်စဉ်စီးပွားရေးထွက်ကုန်မှ လေးရာခိုင်နှုန်းကျော်ကို ကာကွယ်ရေးအသုံးစရိတ်အတွက် အသုံးပြုမည်ဟုကြေညာထားပြီး NATO မဟာမိတ်အဖွဲ့က သတ်မှတ်ထားသော ကာကွယ်ရေးအသုံးစရိတ်ထက် နှစ်ဆထိ ရှိနေကြောင်း သိရသည်။ NATO မဟာမိတ်အဖွဲ့က ကာကွယ်ရေးအသုံးစရိတ်ကို နှစ်ရာခိုင်နှုန်းထိအသုံးပြုနိုင်ရေး သတ်မှတ်ပေးထားသည်။

Apache တိုက်ခိုက်ရေးရဟတ်ယာဉ်ရောင်းချမှုကို အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကွန်ဂရက်လွှတ်တော်တို့က ယခင်နှစ်ကတည်းက အတည်ပြုပေးခဲ့သည်။ အဆိုပါ သဘောတူညီချက်သည် ပိုလန်တပ်မတော်၏ စစ်ရေးအင်အားဖြည့်တင်းမှုမူဝါဒများကို ပြောင်းလဲကျင့်သုံးလာစေခဲ့ပြီး ပြီးခဲ့သည့်နှစ်များအတွင်း Abrams တင့်ကားများပါ ဝယ်ယူခဲ့ကြောင်း Wladyslaw Kosiniak-Kamysz က ပြောကြားခဲ့သည်။ ပိုလန်နိုင်ငံအစိုးရ၏ အဆိုအရ Apache တိုက်ခိုက်ရေးရဟတ်ယာဉ်များကို Abrams ပင်မတိုက်ပွဲဝင်တင့်ကားများဖြင့် လေ-ကြည်း စစ်ဆင်ရေးများဆောင်ရွက်နိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ကြောင်း သိရသည်။



၂၀၂၂ခုနှစ်တွင် ပိုလန်သည် နောက်ဆုံးထုတ် AbramsM1A2 ပင်မတိုက်ပွဲဝင်တင့်ကားအစီး ၂၅၀ ဝယ်ယူခဲ့ပြီး ယခုနှစ်နှောင်းပိုင်းတွင် စတင်လက်ခံရရှိရန် မျှော်မှန်းထားသည်။ AbramsM1A2 တင့်ကားများကို အမေရိကန်နိုင်ငံပြီးလျှင် ပထမဆုံးပိုင်ဆိုင်လာမည့် ဥရောပနိုင်ငံတစ်ခုလည်းဖြစ်သည်။ Apache တိုက်ခိုက်ရေးရဟတ်ယာဉ် ဝယ်ယူရေးသဘောတူညီချက်တွင် ပိုလန်တပ်မတော်ကို ပြုပြင်ထိန်းသိမ်းရေးပစ္စည်းများ၊ နည်းပညာနှင့် လေ့ကျင့်ရေးပံ့ပိုးမှု၊ ပျံသန်းမှုဆင်မြူလေတာစက်များနှင့် အပိုပစ္စည်းများပါ ရောင်းချပေးနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

အမေရိကန်ထုတ် Apache တိုက်ခိုက်ရေးရဟတ်ယာဉ်များကို ၂၀၂၈ ခုနှစ်တွင် လွှဲပြောင်းပေးပို့မှုများ စတင်လုပ်ဆောင်မည်ဖြစ်ပြီး လက်ရှိတွင် ပိုလန်လေတပ်မှ ရဟတ်ယာဉ်မှူးတချို့သည် သင်တန်းများ တက်ရောက်နေပြီဖြစ်ကြောင်း သိရသည်။

**Poland Signs $10B Deal for US Apache Attack Helicopters ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မော်လမြိုင်ကျွန်းမြို့နယ်ထွက် ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေ



**မော်လမြိုင်ကျွန်း ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ထွက်သော ကွမ်းရွက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာနွယ်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ဒေသထွက် ကွမ်းရွက်များကို ဩဂုတ်လပထမပတ်မှ ယနေ့ထိ ဝယ်ယူမှုအားကောင်းမွန်လာခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက်ကွမ်းရွက်တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိ မော်လမြိုင်ကျွန်းမြို့နယ်ထွက် ကွမ်းရွက်တွေက ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေတာပါ။ ကွမ်းတွေကို ဒေသဈေးကွက်အပြင် ဘိုကလေးနဲ့ အခြားမြို့တွေကို မှာယူမှုအားကောင်းနေလို့ အရောင်းအဝယ်ကောင်းနေတာပါ။ မော်လမြိုင်ကျွန်းမြို့နယ်ထွက် ကွမ်းရွက်တွေကို အရောင်းအဝယ်သမားတွေက မှာယူတဲ့ဒေသထိ လိုက်လံပို့ပေးတာပါ။ ကွမ်းတွေကို မှာယူတဲ့ဒေသအရောက် ပို့ရတာ အခက်အခဲမရှိပါဘူး"ဟု မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာနွယ်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ကွမ်းရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင်များသည် ဒေသထွက်ကွမ်းရွက်များကို အခြားဒေသများသို့ စနစ်တကျထုတ်ပိုးပြီး တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ကွမ်းရွက်များ အရောင်းအဝယ်အားကောင်းလာသည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် ကုန်သည်များ၊ ပွဲရုံလုပ်ငန်းရှင်များ၊ လုပ်သားများ အဆင်ပြေလာကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၃၁၈၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ရွှေဘို ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၃၁၈၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် လျှော်ဖြူ ၃၆၁၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ရွှေဘိုမြို့နယ်တွင် ၉၈ ဧက၊ ခင်ဦးမြို့နယ်တွင် ၇၉၄ ဧက၊ ဝက်လက်မြို့နယ်တွင် ၁၂၅၀ ဧကနှင့်ကျောက်မြောင်းမြို့နယ်ခွဲတွင် ဧက ၁၀၄၀ စုစုပေါင်း ၃၁၈၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ လျှော်ဖြူ ၃၆၁၂ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၃၁၈၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျှော်ဖြူက ရေဝတ်ဒဏ်ကိုခံနိုင်ပါတယ်။ မြေအမျိုးစားမရွေး ပေါက်ရောက်တယ်။ အပူပိုင်းဒေသမှာ ရှင်သန်နိုင်တဲ့မျိုးလည်းဖြစ်တယ်။ မိုးရေချိန်နည်းပါးတဲ့ ဒေသတွေမှာ လျှော်ဖြူကို တိုးချဲ့စိုက်လို့ရပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် လျှော်ဖြူစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ဧက ၁၀၀၊ခင်ဦးမြို့နယ်တွင် ဧက ၇၅၀၊ ဝက်လက်မြို့နယ်တွင်



၁၇၆၂ ဧက နှင့်ကျောက်မြောင်းမြို့နယ်ခွဲတွင် ဧက ၁၀၀၀ စုစုပေါင်း ၃၆၁၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် လျှော်ဖြူစိုက်တောင်သူများကို လျှော်ဖြူစိုက်ပျိုးရာတွင် ဓာတုကင်းစင်သည့် GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် လျှော်ဖြူအထွက်နှုန်း တိုးပွားရေးနှင့် ဈေးကွက်ဝင် လျှော်ဖြူဖြစ်စေရန် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကုန်သည်ကြီးများအသင်းနှင့် ပေါင်းစပ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# လှိုင်းဘွဲ့မြို့နယ် ကွီးလေးကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်း

**လှိုင်းဘွဲ့ ဩဂုတ် ၁၅**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွီးလေးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက အမှာစကားပြောကြားပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဖွဲ့စည်းရာတွင်လိုက်နာရမည့်စည်းကမ်းချက်များ၊ ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများနှင့်ပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ကျေးရွာသူ၊ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ကွီးလေးကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပံ့ငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းထံမှ သိရသည်။

ဆက်လှူ


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၅-၈-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၇၀၀၀/၁၇၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၃၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၀၂၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၂၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၇၀ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ မျက်နှာစုံညီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တက်ရောက်ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ




**ရန်ကုန် ဩဂုတ် ၁၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ဩဂုတ် ၁၂ ရက်မှ ၁၃ ရက်ထိ ကျင်းပခဲ့သည့် အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ၏ မျက်နှာစုံညီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ ညပိုင်းက လေကြောင်းခရီးဖြင့် ဗီယင်ကျန်းမြို့မှ ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိကြသည်။

အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ မျက်နှာစုံညီအစည်းအဝေးကို လာအိုနိုင်ငံ အာဆီယံလူမှု-ယဉ်ကျေးမှုဝန်ကြီး ယဉ်ကျေးမှု၊ ခရီးသွားနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး Mrs. Suansavanh Viyaket က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များ၊ ဆက်စပ်လုပ်ငန်းအစုအဖွဲ့များမှ အလှည့်ကျဥက္ကဋ္ဌများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ တီမောလက်စတေနိုင်ငံမှ လေ့လာကြသူများ တက်ရောက်ခဲ့ကြသည်။

ဩဂုတ် ၁၂ ရက် အစည်းအဝေးပထမနေ့တွင်ကျင်းပသည့် အာဆီယံနိုင်ငံများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် မျက်နှာစုံညီအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ဆွေးနွေးပြောကြားရာတွင် အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းအတွက် လာအိုနိုင်ငံ၏ ဦးစားပေးကဏ္ဍများသည် အာဆီယံဒေသကြီး၏ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းမြှင့်တင်ရေးတို့သည် များစွာအရေးပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လာအိုနိုင်ငံ၏ ဦးစားပေးကဏ္ဍများနှင့် ၂၀၂၅ အလွန် အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်း မဟာဗျူဟာအစီအစဉ် ရေးဆွဲရေးတို့ကို အပြည့်အဝ ထောက်ခံပါကြောင်းနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ကျင်းပသည့် အာဆီယံ၏ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များနှင့် မျက်နှာစုံညီအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက လာမည့် ၁၀ နှစ်မှ နှစ် ၂၀ အတွင်း ပထဝီဝင်နိုင်ငံရေးနှင့် လူမှုစီးပွားပြောင်းလဲမှုများအပေါ် အတွေးအမြင်များသည် အာဆီယံ၏ ဒေသတွင်းဝိသေသလက္ခဏာနှင့် ဗဟိုကျမှုတို့ကို လိုက်လျောညီထွေဖြစ်စေမည့် မဟာဗျူဟာများအား မီးမောင်းထိုးပြနေကြောင်းကို ပြောကြားလိုပါကြောင်း၊ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များ၏ ဆွေးနွေးချက်များသည် အာဆီယံပြည်သူများအတွက် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး နယ်ပယ်များအပေါ် ဦးစားပေးခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအားမြှင့်တင်ရန် ရည်မှန်းချက်နှင့် ကိုက်ညီပါကြောင်းဖြင့် ပြောကြားသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ကို လာအိုနိုင်ငံ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနက တည်ခင်းဧည့်ခံသော ကြိုဆိုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ဩဂုတ် ၁၃ ရက် အစည်းအဝေးဒုတိယနေ့တွင် ကျင်းပသည့် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင် လုပ်ငန်းအစုအဖွဲ့များမှ အလှည့်ကျဥက္ကဋ္ဌများနှင့် မျက်နှာစုံညီအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက ASCC Post-2025 မဟာဗျူဟာစီမံကိန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင်လုပ်ငန်းအစုအဖွဲ့များမှ အလှည့်ကျဥက္ကဋ္ဌများမျှဝေထားသော အတွေးအမြင်များနှင့် ဆွေးနွေးမှုများအတွက် ကျေးဇူးတင်ပါကြောင်း၊ အနာဂတ်အတွက် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအပေါ် ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်သုံးသပ်ရန် လိုအပ်ပါကြောင်း၊ မဟာဗျူဟာမြောက်အမြော်အမြင်ရှိမှု၊ လိုက်လျောညီထွေရှိမှုနှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုအပေါ် အလေးပေးမှုသည် ASCC ၏ အစီအစဉ်များ အပြန်အလှန်ဆက်စပ်မှုရှိပြီး ထိရောက်မှုရှိစေရန် အရေးကြီးပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဩဂုတ် ၁၄ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ မြန်မာနိုင်ငံသံရုံးသို့သွားရောက်၍ သံရုံးဝန်ထမ်းများနှင့်တွေ့ဆုံကာ ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ထား၍ နိုင်ငံတော်နှင့်ပြည်သူများအပေါ်သစ္စာရှိရန် လိုအပ်ကြောင်း၊ အမျိုး၊ ဘာသာ၊ သာသနာ အကျိုးအတွက် စွမ်းစွမ်းတမံကြိုးပမ်းအားထုတ်ကြရန် လိုအပ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ပူးပေါင်း၍ သိပ္ပံပွဲတော် ၂၀၂၄ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ''ROSATOM''နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် သိပ္ပံပွဲတော် ၂၀၂၄ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် နျူကလီးယား နည်းပညာသတင်းအချက်အလက်စင်တာများ၌ ကျင်းပသည်။



အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Iskander Azizov နှင့် တာဝန်ရှိသူများ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊ အခြေခံပညာကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က အဖွင့်အမှာစကားပြောကြားပြီး ရုရှားနိုင်ငံသံအမတ်ကြီး H.E.Mr. Iskander Azizov က ဂုဏ်ပြုအမှာစကားပြောကြား၍ တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ သိပ္ပံပွဲတော်ကို ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ၌ ဩဂုတ် ၁၅ ရက်မှ ၁၇ ရက်ထိ သုံးရက်ကျင်းပကာ အခြေခံပညာကျောင်းသား၊ ကျောင်းသူများအတွက် ''Chronograph, Nuclear Sprint, Bet Game''စသည့် နျူကလီးယားနှင့် သိပ္ပံပညာဆိုင်ရာ ဉာဏ်စမ်းဂိမ်းယှဉ်ပြိုင်မှုများ၊ Interactive Quiz ဉာဏ်စမ်းပဟေဠိ အစီအစဉ်များ ပြုလုပ်ပေးသွားမည်ဖြစ်ပြီး ဆုများချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံတွင် SMRs ဖွံ့ဖြိုးတိုးတက်လာစေရေး အပြန်အလှန်အသုံးချမှုနှင့်စပ်လျဉ်းသည့် နျူကလီးယားနှင့်ဆက်စပ် Problem များကို ၂၄ နာရီအတွင်း အကောင်းဆုံးအဖြေများ ပြန်လည်ဖြေကြားသည့် Hackatom ပြိုင်ပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၌ ကျင်းပသွားမည်ဖြစ်ပြီး Public Discussion အစီအစဉ်တွင် နျူကလီးယားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ဘွဲ့ကြို၊ဘွဲ့လွန် တက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ လူငယ်ပညာရှင်များထိ နျူကလီးယားပညာရပ်အပါအဝင် သိပ္ပံဆိုင်ရာအသိအမြင်များ၊ အတွေ့အကြုံဗဟုသုတများ တိုးပွားလာစေခြင်း၊ သိပ္ပံပညာကို ပိုမိုစိတ်ဝင်စားစေပြီး သိပ္ပံပညာဆိုင်ရာ အသစ်အဆန်းများကို လေ့လာစူးစမ်းလိုစိတ်ဖြစ်ပေါ်လာစေခြင်း၊ ပညာရေးကဏ္ဍတွင် လူငယ်များ၏ စိတ်ဓာတ်ခွန်အားကို မြှင့်တင်ပေးနိုင်ခြင်း၊ မီဒီယာများကတစ်ဆင့် နိုင်ငံအတွင်း နျူကလီးယားစွမ်းအင်ဆိုင်ရာ အသိပညာများ ပြန့်ပွားလာမည်ဖြစ်သည့်အတွက် နိုင်ငံတော်၏ သိပ္ပံနှင့်နျူကလီးယားစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Wang Yi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဩဂုတ် ၁၅**

တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Wang Yi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားကြသည်။

တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Wang Yi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စမာကျားနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Wang Yi အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စမာကျားနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

# ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ (၂၀၂၄) ခုနှစ် ဗဟိုအဆင့်အထိမ်းအမှတ်အခမ်းအနား ကျင်းပ



**နေပြည်တော် ဩဂုတ် ၁၅**

၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) Meeting Hall ၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ယခုနှစ် ကမ္ဘာ့မိခင်နို့စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်၏ဆောင်ပုဒ်မှာ "Closing the Gap; Breastfeeding Support for All" ဖြစ်ပြီး "မိခင်နို့ချိုတိုက်ကျွေးဖို့ အားလုံးကူညီပံ့ပိုးစို့"ဟု မြန်မာလိုဘာသာပြန်ဆိုထားပါကြောင်း၊ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများကို ဗဟို၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့နယ်များတွင် အထိမ်းအမှတ်အခမ်းအနားများ၊ လှုပ်ရှားမှုများအဖြစ် ဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထုအတွင်း အာဟာရပြည့်ဝကျန်းမာအောင် စီမံစားသုံးတတ်စေသည့် အသိပညာ၊ အမူအကျင့်ကောင်းများ ပိုမိုကျယ်ပြန့်စွာ သိရှိလာစေမည်ဖြစ်ကြောင်း၊ ကလေးငယ်များနှင့် အမျိုးသမီးများ၏ ကျန်းမာရေးနှင့် အာဟာရအခြေအနေ ပိုမိုကောင်းမွန် မြင့်မားလာစေရေးအတွက် အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းကို ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် လူမှုရေးဦးတည်ချက်များနှင့်အညီ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေး၊ တစ်နိုင်ငံလုံးအသိပညာ၊အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးနှင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရေး စသည့်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန်၊ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်သော အနာဂတ်လူချွန်လူကောင်းများပေါ်ထွက်လာစေရန် အခြေခံကျပြီး အရေးပါသည့် အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများကို ပိုမိုခိုင်မာအောင် အရှိန်အဟုန်မြှင့်တင် ပူးပေါင်းဆောင်ရွက်ပေးကြရန် အလေးအနက် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုဗီဒီယိုပြသခြင်း၊ အခြေခံပညာ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် ကျောင်းသား၊ကျောင်းသူများကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့ကဆုချီးမြှင့်ခြင်း၊ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်းများ ဆောင်ရွက်ကြပြီး တက်ရောက်လာသူများနှင့်အတူ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အထိမ်းအမှတ်ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုခြင်း၊ မူကြိုကလေးငယ်များကို အင်အားပြည့်ဗီတာမင်အေ ဆေးများတိုက်



ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များကို သံဓာတ်အားဆေး၊ ဗီတာမင်ဘီဝမ်း အားဆေးများပေးအပ်ခြင်းနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများ၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဆေးရုံများမှ ဆေးရုံအုပ်ကြီးများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ❖ ဖူဆယ်ပြိုင်ပွဲမှ

ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက် သုံးဂိုးစီ သရေဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို ရှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို လေးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး အမျိုးသမီးပြိုင်ပွဲ အုပ်စုပွဲစဉ်များယှဉ်ပြိုင်ကစားခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို လေးဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဩဂုတ် ၁၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး အမျိုးသမီးပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် မကွေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း၊ ကရင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ အမျိုးသားပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်း၊ မကွေးတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# (၉)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထိုင်းနိုင်ငံသို့ ထွက်ခွာ



**နေပြည်တော် ဩဂုတ် ၁၅**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ချင်းမိုင်မြို့၌ ကျင်းပမည့် (၉)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့တွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့ကို မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာမွန်းကိုးဝီစစ်စတန့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ စတုတ္ထနေ့တွင် ပုလဲအတွဲ ၂၁၀ ရောင်းချနိုင်ခဲ့



**နေပြည်တော် ဩဂုတ် ၁၅**

၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပပြီး တင်ဒါအမှတ်(၅)နှင့် တင်ဒါအမှတ်(၆)တို့မှ ပုလဲအတွဲ ၂၄၀ နှင့် တင်ဒါမအောင်မြင်ခဲ့သည့် ပုလဲအတွဲများကို တင်ဒါဖွင့်ဖောက်ရောင်းချခဲ့ကာ မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

နံနက်ပိုင်းမှစ၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ရောင်းချရန် ခင်းကျင်းပြသထားသော ကျန်ရှိနေသည့် ပုလဲအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြကာ တင်ဒါအမှတ်(၅)ဖြစ်သည့် ပုလဲအတွဲအမှတ်(၄၆၁)မှ အတွဲအမှတ်(၅၈၀)ထိနှင့် တင်ဒါအမှတ်(၆)ဖြစ်သည့် ပုလဲအတွဲအမှတ်(၅၈၁)မှ ပုလဲအတွဲအမှတ်(၇၀၀)ထိ ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ညနေပိုင်းတွင် ၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲများရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် တင်ဒါအမှတ်(၅)နှင့် တင်ဒါအမှတ်(၆)တို့မှ ပုလဲအတွဲ ၂၄၀ အတွက် တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲ ၁၉၆ တွဲရောင်းချရကြောင်း ကြေညာပြီး ယခင်နေ့များက တင်ဒါအမှတ်(၁)မှ တင်ဒါအမှတ်(၅)ထိ တင်ဒါမအောင်မြင်ခဲ့သည့် ပုလဲတွဲများကို တင်ဒါပြန်လည်ခေါ်ယူခဲ့ရာ ပုလဲအတွဲ ၁၄ တွဲ တင်ဒါအောင်မြင်ခဲ့၍ ယနေ့တွင် ပုလဲအတွဲ ၂၁၀ ကို ရောင်းချနိုင်ခဲ့သည်။

၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲ ရောင်းချပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်ထိ ကျင်းပပေးခဲ့ခြင်းဖြစ်ပြီး ပုလဲရောင်းချပွဲ ဒုတိယနေ့တွင် ပုလဲအတွဲ ၂၃၀ အနက် ပုလဲအတွဲ ၁၇၇ တွဲကိုလည်းကောင်း၊ တတိယနေ့တွင် ပုလဲအတွဲ ၂၃၀ အနက် ပုလဲအတွဲ ၁၈၄ တွဲကိုလည်းကောင်း၊ စတုတ္ထနေ့တွင် ပုလဲအတွဲ ၂၄၀ အနက် ပုလဲအတွဲ ၁၉၆ တွဲနှင့် ထပ်မံရောင်းချရသည့် ပုလဲအတွဲ ၁၄ တွဲ စုစုပေါင်းအတွဲ ၂၁၀ တို့ကို ၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲ ရောင်းချပွဲ ဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောင်မြင်စွာ ရောင်းချပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းအောင်အား ပြည်ထောင်စုတရားသူကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရန် ကြေညာ

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့်ပုံစံစာအိတ်ကို ဩဂုတ် ၂၆ ရက် (တနင်္လာနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်ပါသည်။ အဆိုပါတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ကို ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၁၂ ရက်ထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) အောက်ပါတက္ကသိုလ်များတွင် လက်ခံမည်ဖြစ်ပါသည်-

| | |
|---|---|
| (၁) မြစ်ကြီးနားတက္ကသိုလ် | (၁၃) မန္တလေးအဝေးသင်တက္ကသိုလ် |
| (၂) ဘားအံတက္ကသိုလ် | (၁၄) မိတ္ထီလာတက္ကသိုလ် |
| (၃) ဟားခါးတက္ကသိုလ် | (၁၅) ကျောက်ဆည်တက္ကသိုလ် |
| (၄) မုံရွာတက္ကသိုလ် | (၁၆) မော်လမြိုင်တက္ကသိုလ် |
| (၅) ရွှေဘိုတက္ကသိုလ် | (၁၇) စစ်တွေတက္ကသိုလ် |
| (၆) စစ်ကိုင်းတက္ကသိုလ် | (၁၈) ရန်ကုန်အဝေးသင်တက္ကသိုလ် |
| (၇) ထားဝယ်တက္ကသိုလ် | (၁၉) တောင်ကြီးတက္ကသိုလ် |
| (၈) တောင်ငူတက္ကသိုလ် | (၂၀) ကျိုင်းတုံတက္ကသိုလ် |
| (၉) ပြည်တက္ကသိုလ် | (၂၁) ပုသိမ်တက္ကသိုလ် |
| (၁၀) ပဲခူးတက္ကသိုလ် | (၂၂) ဟင်္သာတတက္ကသိုလ် |
| (၁၁) မကွေးတက္ကသိုလ် | (၂၃) မအူပင်တက္ကသိုလ် |
| (၁၂) ပခုက္ကူတက္ကသိုလ် | |

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည်။

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁၇-၅၀၃၁၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

## အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၁၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတို့ကို **"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဆုရရှိသူများကို နေပြည်တော်တွင် ကျင်းပမည့် အထိမ်းအမှတ်အခမ်းအနားနေ့တွင် ဆုငွေနှင့် ဆုတံဆိပ်များချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဆိုက်ဘာလုံခြုံရေးဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၅**

ဆိုက်ဘာလုံခြုံရေးဥပဒေ (မူကြမ်း) ပြဋ္ဌာန်းနိုင်ရေးအတွက် အပြီးသတ်ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလူမွန်၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာစန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဆိုက်ဘာလုံခြုံရေးဥပဒေ (မူကြမ်း)ကို ရေးဆွဲပြုစုပြီး သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ သဘောထားမှတ်ချက်များ တောင်းခံခဲ့ကြောင်း၊ e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အချောသတ် ပြင်ဆင်ရေးဆွဲခဲ့ကြောင်း၊ ဥပဒေ(မူကြမ်း)ကို ဆိုက်ဘာအရင်းအမြစ်၊ အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံများနှင့် အီလက်ထရောနစ်သတင်းအချက်အလက်များ လုံခြုံစိတ်ချစွာအသုံးပြုနိုင်ရန်၊ ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲအသုံးပြုခြင်းတို့ကို ကာကွယ်စောင့်ရှောက်နိုင်ရန်၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဆိုက်ဘာမှုခင်းများကို ထိရောက်စွာစုံစမ်းဖော်ထုတ်အရေးယူနိုင်ရန်နှင့် ဒစ်ဂျစ်တယ်စီးပွားရေးစနစ်ကို အထောက်အကူပြုနိုင်စေရန်ရည်ရွယ်၍ ပြဋ္ဌာန်းလိုခြင်းဖြစ်ကြောင်း တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဆိုက်ဘာလုံခြုံရေးဥပဒေ (မူကြမ်း)သည် မူဝါဒနှင့်သက်ဆိုင်သည့် အရေးကြီးသော ဥပဒေဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် အဆိုပါဥပဒေ(မူကြမ်း)ကို ပြဋ္ဌာန်းနိုင်ရေး အပြီးသတ် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ၏ ပဉ္စမအကြိမ်အစည်းအဝေး ကျင်းပ



**နေပြည်တော် ဩဂုတ် ၁၅**

အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ၏ ပဉ္စမအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဥက္ကဋ္ဌ(၂) ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် အဖွဲ့ဝင်များ၊ အထောက်အကူပြု လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် ဥပဒေရေးဆွဲရေးအဖွဲ့ငယ် အဖွဲ့ခေါင်းဆောင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားမြေဥပဒေကို ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်စေရေး၊ မြေစီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်းသော တည်ဆဲဥပဒေများကို လွှမ်းခြုံသက်ရောက်မှုရှိပြီး ဥပဒေအချင်းချင်း သဟဇာတဖြစ်စေရေးကို အလေးထားဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မြေဥပဒေမူကြမ်းရေးဆွဲရာ၌ ခေတ်ကာလစနစ်နှင့် လိုက်လျောညီထွေ ပြောင်းလဲပြင်ဆင်နိုင်မည့် နည်းလမ်းများ ထည့်သွင်းပြုစုရန်လိုအပ်ပြီး အမျိုးသားမြေအသုံးချမှုကောင်စီက သတ်မှတ်ပေးထားသည့်ကာလ (Timeline)အတွင်း အမျိုးသားမြေဥပဒေမူကြမ်းကို ပြီးစီးအောင် ဆောင်ရွက်နိုင်ရေး အလေးထားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ အမျိုးသားမြေဥပဒေမူကြမ်း၏ နိဒါန်းအခန်းနှင့် အခန်း(၁)မှ (၈)ထိကို အဖွဲ့ဝင်များ၏အကြံပြုချက်များ အရကြိုတင်စိစစ်ထားရှိမှုအား ပဏာမမူကြမ်းအဖြစ် အတည်ပြုနိုင်ရေးအတွက် ကော်မတီဝင်များက အလေးထားဆွေးနွေးဆုံးဖြတ်ရန်ဖြစ်ကြောင်း၊ ဥပဒေမူကြမ်း၏ ကျန်ရှိသော အခန်း(၉)မှ (၁၆)ထိကို နောက်တစ်ကြိမ်အစည်းအဝေးတွင် စတင်ဆွေးနွေးနိုင်ရေး လျာထားသတ်မှတ်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စက်မှုဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၅**

စက်မှုဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၇)၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရတနာတန်းဝင်ကျွန်းပင်ကို သတ်မှတ်နေရာ၌ စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာများ၌ ရတနာတန်းဝင်ကျွန်းပင်၊ ပျဉ်းကတိုးပင်နှင့် မဟော်ဂနီပင် စုစုပေါင်းအပင် ၂၀၀ ကို အမျိုးသားရေး လှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးသည့်သစ်ပင်များကို ရှင်သန်အောင် ပြုစုပျိုးထောင်ပေးရန်၊ ယခင်စိုက်ပျိုးခဲ့ပြီးသော သစ်ပင်များကိုလည်း ပျက်စီးပြုန်းတီးမှုမရှိအောင် ပုံမှန်ထိန်းသိမ်းစောင့်ရှောက်ကြရန်၊ မိမိတို့ရုံးပတ်ဝန်းကျင်မှအစပြု၍ သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင်တစ်ခုလုံးကို စိမ်းလန်းစိုပြည်အောင်ဆောင်ရွက်ရန်၊ ဤကောင်းမွန်သော အစဉ်အလာကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ကျင့်သုံးခြင်းဖြင့် ရာသီဥတုကို မျှတထိန်းသိမ်းနိုင်မည်ဖြစ်ပြီး ကမ္ဘာကြီးပူနွေးမှုကို လျှော့ချနိုင်မည်ဖြစ်၍ အလေးထားဆောင်ရွက်ရန် မှာကြားသည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို နှစ်စဉ်ကျင်းပ၍ ရတနာတန်းဝင်ကျွန်းပင်၊ ပိတောက်၊ မဟော်ဂနီ၊ ပျဉ်းကတိုးပင်များကို စိုက်ပျိုးခဲ့ရာ သုံးနှစ်တာကာလအတွင်း ရတနာတန်းဝင်ကျွန်း ၂၁၃ ပင်၊ ပိတောက် ၇၅ ပင်၊ မဟော်ဂနီပင် ၁၀၀၊ ပျဉ်းကတိုးပင် ၁၅၀ စုစုပေါင်း ၅၃၈ ပင်စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်းနှင့် သစ်ပင်များရှင်သန်ကြီးထွားရေးအတွက် ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ




နေပြည်တော် ဩဂုတ် ၁၅

ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရုံးအမှတ်(၁၆) အစည်းအဝေးခန်းမ၌ကျင်းပရာ ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေး လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့မှ ကိုယ်စားလှယ်များ၊ ဦးဆောင်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်းဓာတ်မြေဩဇာတန်ချိန် ၁ ဒသမ ၆ သန်း တင်သွင်းနိုင်ရေးလျာထား သတ်မှတ်ထားချက်အရ ၂၀၂၄ ခုနှစ် ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင် လေးလအတွက် သွင်းအားစု များတင်သွင်းသည့် ကုမ္ပဏီအလိုက်သွင်း ကုန်လိုင်စင်ရရှိရေး ထောက်ခံပေးထားရာ မြေဩဇာတန်ချိန် ၉၅၃၁၇၉ ဒသမ ၆၄ တန်နှင့်ပိုးသတ်ဆေးတန်ချိန် ၁၃၁၇၄ ဒသမ ၅၄ တန်ရှိပြီဖြစ်ပါကြောင်း၊ ကုမ္ပဏီ များ၏တင်ပြချက်အရ ယခုနှစ် ဇူလိုင် ၂၂ ရက်ထိ ဓာတ်မြေဩဇာအတွက် လိုင်စင် ရပြီး တန်ချိန် ၆ ဒသမ ၁ သိန်းအနက် တင်သွင်းပြီး တန်ချိန် ၄ ဒသမ ၃၄ သိန်း ကျော်ရှိပါကြောင်း၊ တင်သွင်းရန်ကျန် လိုင်စင်ရထားသည့်အသင်းဝင်ကုမ္ပဏီများ မှအချိန်မီတင်သွင်းနိုင်ရေး စိစစ်ကြပ်မတ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယခင်လ ဦးဆောင်ကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ပို့ကုန် ရငွေExport Earning အထောက်အထား ပြနိုင်သည့် ကုမ္ပဏီများ သွင်းကုန်လိုင်စင် ရရှိရေးနှင့်အသင်းမှ တင်ပြချက်ဖြစ် သော တင်သွင်းမှုလျော့နည်းလာပါက ဓာတ်မြေဩဇာများ လိုအပ်ချက်ရှိလာပြီး တရားမဝင်ဈေးကွက်များဖြစ်ပေါ်ကြုံတွေ့ လာနိုင်သည့်အတွက် လစဉ်လိုအပ်ချက် အတိုင်း တင်သွင်းနိုင်ခြင်းမရှိပါက ပို့ကုန် ရငွေဖြင့် ဆောင်ရွက်နိုင်သည့်ကုမ္ပဏီများ ကို ဦးစားပေးထောက်ခံသင့်ကြောင်း အကြံပြုတင်ပြထား၍ ဝိုင်းဝန်းဆွေးနွေး ကြစေလိုကြောင်း၊ ထုတ်ပြန်ပြီးသော ရည်ညွှန်းဈေးနှုန်းများမှာ ယခုဩဂုတ် ၁၅ ရက်တွင် သတ်မှတ်ကာလပြည့်ပြီဖြစ် သည့်အတွက် ဈေးနှုန်းထပ်မံသတ်မှတ်နိုင် ရေးဆွေးနွေးပေးကြစေလိုကြောင်း၊ ဇူလိုင် လအတွင်း မိုးရွာသွန်းမှုများကြောင့် ရေကြီး နစ်မြုပ်မှုဖြစ်ပေါ်ခဲ့သော မြို့နယ်များ အား ရေကျသည့်အခါ ပြန်လည်စိုက်ပျိုး နိုင်ရေး မြေဩဇာအသင်းဝင် ကုမ္ပဏီများ က လိုအပ်သည့် ဓာတ်မြေဩဇာကို သက်သာသောဈေးနှုန်းဖြင့် ပံ့ပိုးပေးမည် ဖြစ်ပြီး ယူရီးယားတစ်အိတ်လျှင် ငွေကျပ် ၇၃၀၀၀ နှုန်းဖြင့် ၁၅ ပတ်လည်ကွန်ပေါင်း တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ နှုန်း ဖြင့် ရောင်းချပေးမည်ဖြစ်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းဖြင့် တိုက်တွန်း ပြောကြားသည်။

ထို့နောက်ဦးဆောင်ကော်မတီ အတွင်း ရေးမှူး အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ သုံးလအတွက် ကုမ္ပဏီအလိုက်တင်သွင်းမည့် မြေဩဇာ၊ ပိုးသတ်ဆေးတန်ချိန်များ အတည်ပြု မှတ်တမ်းတင်ရန်နှင့်မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင် များအသင်းဥက္ကဋ္ဌက အသင်းဝင်ကုမ္ပဏီ များ၏ရည်ညွှန်းဈေးအတိုင်း ရောင်းချနိုင် ရေး ကြီးကြပ်ဆောင်ရွက်နေမှု၊ ဖြန့်ဖြူး ရောင်းချမှုများကို ရှင်းလင်းတင်ပြ ကြသည်။

ဆက်လက်၍သမဝါယမနှင့်ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က လုပ်ငန်း ဆောင်ရွက်နေမှုများအပေါ် လိုအပ်သည် များ ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကို မြို့အခြေစိုက်ရော့စ်ကွန်ကရက်ဖောင်ဒေး ရှင်း "Fund RC-Investment" ၏ အရှေ့ တောင်အာရှအထူးကိုယ်စားလှယ် Mr. Artemii Alimov ဦးဆောင်သောကိုယ်စား လှယ်အဖွဲ့ကို လက်ခံတွေ့ဆုံရာ အဆိုပါ အဖွဲ့မှ မြန်မာနိုင်ငံအတွက် ရုရှား နည်းပညာဖြင့် ထုတ်လုပ်ထားသည့် သဘာဝ ရွက်ဖျန်းအားဆေးရည်များဖြစ် သော Humte Plus ၈၄ လီတာ၊ Profi Nitro ၈၄ လီတာနှင့်Florata ၁၂၅ လီတာ တို့ကိုပေးအပ်လှူဒါန်းရာ ပြည်ထောင်စု ဝန်ကြီးက လက်ခံရယူခဲ့ပြီး ကျေးဇူးတင် စကားပြန်လည်ပြောကြားကာ အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့ကြသည်။ အဆိုပါသဘာဝရွက်ဖျန်းအားဆေးရည်များ ကို ဆောင်းဆီထွက်သီးနှံနေကြာ၊ စက်မှု ကုန်ကြမ်းသီးနှံဝါနှင့် နွေစပါးစိုက်ပျိုးရာ တွင် စမ်းသပ်အသုံးပြုစိုက်ပျိုးသွားမည်ဖြစ် ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၁၅

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန ရုံးအမှတ်(၅၁) စုပေါင်းအစည်းအဝေးခန်းမ ၌ကျင်းပရာ NSSA ဥက္ကဋ္ဌ အလုပ်သမား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် အဖွဲ့ဝင်များ၊ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ် ရေးနှင့်အသိအမှတ်ပြုရေးကော်မတီ(ACC)၊ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုလေ့ကျင့် ရေးကော်မတီ၊ အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှုစံသတ်မှတ်ရေး ကော်မတီတို့ မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိ သူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်အတွက် အလုပ်အကိုင်အမျိုးအစား ၇၀ တွင် ကျွမ်းကျင်မှုစံ ၉၂ ခုကို အတည်ပြုခဲ့ပြီး ၂၀၁၄ ခုနှစ်မှယနေ့ထိအလုပ်အကိုင် ၅၂ မျိုး တွင် ကျွမ်းကျင်လုပ်သား ၂၆၉၆၉ ဦး၊ စစ်ဆေးအကဲဖြတ်ရေးဌာန ၂၇၅ ခု၊စစ်ဆေး ရေးမှူး ၁၀၂ ဦး၊ စစ်ဆေးအကဲဖြတ်သူ ၈၆၆ ဦးကို အသိအမှတ်ပြုပေးခဲ့ကြောင်း။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဖြေဆို သူဦးရေ ၅၀၀၀ ကို စစ်ဆေးအကဲဖြတ် မှုလျာထားချက်ပြည့်မီရေး ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေး လုပ်ငန်းစဉ်များကို နိုင်ငံတော်ဘဏ္ဍာငွေမှ စိုက်ထုတ်ကျခံ သုံးစွဲခြင်းဖြစ်၍ ကျွမ်းကျင်မှုစစ်ဆေးအကဲ ဖြတ်ရေးဌာန တာဝန်ခံများအနေဖြင့် ကျွမ်းကျင်မှုအဆင့်အလိုက် စစ်ဆေးအကဲ ဖြတ်မှုခံယူရန် လျှောက်ထားလာသော ဖြေဆိုသူများအနက် အရည်အချင်းပြည့်မီ နိုင်သူများကိုသာ စိစစ်ရွေးချယ်ရေး၊NSSA အသိအမှတ်ပြု လက်မှတ်ရယူထားသည့် စစ်ဆေးအကဲဖြတ်ရေး ဌာနများသည် သက်တမ်းကာလ နှစ်နှစ်အတွင်းတစ်ကြိမ် မျှ စစ်ဆေးအကဲဖြတ်မှုဆောင်ရွက်ခြင်း မရှိက သတ်မှတ်ဒဏ်ကြေးပေးသွင်းရေး၊ ၂၀၂၅ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် ASEAN Skills Competition ၌ မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် အလုပ်အကိုင်နယ်ပယ် ခြောက်ခုဖြစ် သောInformation and Communication, Manufacturing and Engineering, Construction and Building Technology ကဏ္ဍ သုံးခုနှင့် Social and Personal Services, Creative Arts and Fashion, Transportation and Logistics ကဏ္ဍ သုံးခုမှ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့်လုပ်ငန်း ကဏ္ဍများရွေးချယ်၍ အာဆီယံနိုင်ငံများ ၏ကျွမ်းကျင်မှုစံများကို လေ့လာပြီး လေ့ကျင့်သင်ကြားပေးရန်မှာကြားသည်။

ထို့နောက်တက်ရောက်လာသူများက NSSA ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များပိုမိုအောင်မြင်စွာအကောင် အထည်ဖော်နိုင်ရေး၊ လုပ်ငန်းရှင်များမှ ပူးပေါင်းပါဝင်ကူညီရေး၊ လုပ်ငန်းခွင်နှင့် သင့်လျော်သော သင်ရိုးညွှန်းတမ်းများရရှိ ရေး၊ ကျွမ်းကျင်မှုသင်တန်းများ စဉ်ဆက် မပြတ်ပေးနိုင်ရေးနှင့် လုပ်ငန်းခွင်အလိုက် လုပ်သားများအနေဖြင့် ကျွမ်းကျင်မှုအသိ အမှတ်ပြုလက်မှတ်များရရှိရေးတို့အတွက် Puplic, Private, Partnership အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုဖြင့် အလေးထား ဆောင်ရွက်ပေးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ခဲ့ကြပြီး ဒုတိယ ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြား ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကိုဗစ် - ၁၉ ရန်ပုံငွေမှ ချေးငွေပေးဆပ်ရန်ကျန်ရှိနေသည့် ကုမ္ပဏီ၊ လုပ်ငန်းများ ချေးငွေ အရင်းနှင့် အတိုးများ အမြန်ဆုံးပြန်လည်ပေးဆပ်ရန် အသိပေးကြေညာ

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်း တစ်နှစ် (အတိုးနှုန်း တစ်ရာခိုင်နှုန်း)ဖြင့် ၂၀၂၀ ပြည့်နှစ် ဧပြီလမှစတင်၍ ချေးငွေများ ထုတ်ချေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်း သုံးနှစ်ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်သည့် ကုမ္ပဏီ၊ လုပ်ငန်းများကို ၂၀၂၄ ခုနှစ် ဇွန် ၃၀ ရက်ထိ ချေးငွေ အရင်းနှင့် အတိုးများအား အမြန်ဆုံးပြန်လည်ပေးဆပ်ရန် ၂၀၂၄ ခုနှစ် ဇွန် ၆ ရက်တွင် အသိပေးကြေညာခဲ့ပါသည်။

ချေးငွေအပြေအကျေပေးဆပ်ပြီးသူများကို ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

သို့ဖြစ်ပါ၍ ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ကိုဗစ်- ၁၉ ရန်ပုံငွေမှ ချေးငွေပေးဆပ်ရန်ကျန်ရှိနေသည့်-

(၁) အလီလီပေးဆပ်နေသည့် ကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် အမြန်ဆုံးအပြေအကျေပြန်လည်ပေးဆပ်ရမည် ဖြစ်ပါကြောင်း၊

(၂) အတိုးကိုသာပေးသွင်းထားသည့် ကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် အရင်းနှင့်အတိုးကို တစ်ပေါင်းတည်းအမြန်ဆုံးပြန်လည်ပေးသွင်းရန်ဖြစ်ကြောင်း၊

(၃) အတိုး၊ အရင်းလုံးဝမပေးဆပ်သည့် ကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် အချိန်မီလာရောက်ပေးဆပ်ခြင်းမရှိပါက လုပ်ငန်းတစ်ခုချင်းအား နိုင်ငံပိုင်သတင်းစာများမှထုတ်ပြန်အသိပေးခြင်း၊စီမံခန့်ခွဲမှုနည်းလမ်းအရအရေးယူခြင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်**
**ကုစားရေးလုပ်ငန်းကော်မတီ**

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# မြစ်ကြီးနားမြို့နှင့် တနိုင်းမြို့တို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်အပါး ၈၀ တို့ကို အဆိုပါမြို့ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌လည်းကောင်း၊ တနိုင်းမြို့ပေါ်ရှိ သံဃာတော် ၂၆ ပါးနှင့် ဒေသခံပြည်သူ ၂၅ ဦးတို့ကို အဆိုပါမြို့ရှိဇေယျာသီရိပရိယတ္တိစာသင်တိုက်၌လည်းကောင်း ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူများကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့်သံဃာတော်များကို နယ်မြေခံတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

---

ရှေ့ဖုံးမှအဆက်

လမ်းပိုင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ရထားလမ်းပြန်လည်ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ်ကြောင့် အဆန်ရထားလမ်း၏ အရှေ့ဘက်သံလမ်းနှင့် ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း ဆောင်ရွက်နေသော ရထားပြေးဆွဲမှုမရှိသေးသည့် အစုန်ရထားလမ်း၏အနောက်ဘက်သံလမ်းများ သုံးပေခန့်စီပြတ်ထွက်၊ ကွန်ကရစ်ဇလီဖားတုံး ၁၅ တုံးနှင့် သံလမ်းပြေးယာဉ်၏ ဘာဖာရုပ်တန်းကျိုးသည့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါမိုင်းပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ရန်ကုန်မြို့မှထွက်ခွာလာသည့် အမှတ်(၁) အဆန်ရန်ကုန်-မန္တလေးစာပို့ရထားသည် နံနက် ၈ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ အမှတ်(၁၁)အဆန်ရန်ကုန်-မန္တလေးလူစီးအမြန်ရထားသည် နံနက် ၉ နာရီ ၄၃ မိနစ်တွင်လည်းကောင်း ညောင်လေးပင်ဘူတာသို့ အသီးသီးရောက်ရှိရပ်တန့်စောင့်ဆိုင်းခဲ့ရပြီး အမှတ်(၁၁)အဆန် လူစီးအမြန်ရထားသည် နံနက် ၁၁ နာရီ ၄၅ မိနစ်နှင့် အမှတ်(၁)အဆန် စာပို့ရထားသည် မွန်းလွဲ ၁၂ နာရီ ၇ မိနစ်တွင် ညောင်လေးပင်ဘူတာမှ အသီးသီးပြန်လည်ထွက်ခွာနိုင်ခဲ့သဖြင့် အမှတ်(၁၁) အဆန်အမြန်ရထားသည် မွန်းလွဲ ၂ နာရီ ၂ မိနစ်နှင့် အမှတ်(၁) အဆန်စာပို့ရထားသည် ညနေ ၃ နာရီ ၃၂ မိနစ်ထိ အသီးသီးကြန့်ကြာမှု ဖြစ်ပေါ်ခဲ့ရသည်။

ထို့အတူ ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ပြေးဆွဲနေသည့်အမှတ်(၉၀၃) အဆန်ကုန်ရထားသည် ပြွန်တန်ဆာဘူတာ၌ နံနက် ၇ နာရီ ၅ မိနစ်မှစ၍ စောင့်ဆိုင်းခဲ့ရသည်။ လမ်းပိုင်းပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ယနေ့မွန်းလွဲ ၁ နာရီခွဲ၌ဆောင်ရွက်ပြီးစီး၍ ဖြူး-ညောင်လေးပင်ရထားလမ်းပိုင်းကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီးနောက် ရထားများ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲလျက်ရှိကြောင်းသိရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်ထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့်ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ၊ ဖျက်ဆီးခြင်း ၇၉ ကြိမ်၊ ရထားတံတား၊ သံလမ်းများကို မိုင်းခွဲဖျက်ဆီးခြင်း ၁၇၁ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း ၁၆ ကြိမ် ကျူးလွန်ခဲ့ကြသည်။

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံး ချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာသွားလာနိုင်မှု မရှိစေရေးနှင့် ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း နှောင့်နှေးကြန့်ကြာစေရန်အတွက် ရည်ရွယ်ပြီး ယခုကဲ့သို့အကြိမ်ကြိမ် ကျူးလွန်ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့်ကုန်စည်ပို့ဆောင်မှုအဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ်အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက်အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)





ညောင်ပင်သာနှင့် ဖြူးဘူတာကြား မိုင်းပေါက်ကွဲမှုကြောင့် ရထားလမ်းပျက်စီးမှုအား ဝန်ထမ်းများ ပြန်လည်ပြုပြင်နေမှုကို တွေ့ရစဉ်။






ညောင်ပင်သာနှင့် ဖြူးဘူတာကြား မိုင်းပေါက်ကွဲမှုကြောင့် ရထားလမ်းပျက်စီးမှုအား ပြန်လည်ပြုပြင်ပြီးစီး၍ ရထားများပုံမှန်အတိုင်း ပြန်လည်ဖြတ်သန်းနေစဉ်။

---

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၁၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများပြုလုပ်ခြင်း၊လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၁၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Nyein-Yadana Bo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်အမှတ်(၁)ရပ်ကွက်နေ ငြိမ်းရတနာဗိုလ်အား နံနက် ၇ နာရီ ၄၅ မိနစ်တွင် ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁) နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေးအသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ









**နေပြည်တော် ဩဂုတ် ၁၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာခြောက်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Ceramic Tile ၈၁၃ ဒသမ ၈၂ စတုရန်းမီတာ၊ Marble Tile ၂၄၅၇ ဒသမ ၆၀ စတုရန်းမီတာ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၀၈၁၅၇၉ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Synergy Dietary Supplement ၂၉ ဘူး၊ Supermicro Re-furbish Server လျှပ်စစ်အပိုပစ္စည်း လေးခုအပါအဝင် ကုန်ပစ္စည်း ငါးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၆၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၁၄၁၅၇၉ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၁၃ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ သာမညမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Alcohol တစေးအမှုန့်ဘူး ၁၉၀၊ ထိုင်းနိုင်ငံထုတ် Nutrimix တိရစ္ဆာန်အစာ ၂၅ ကီလိုဂရမ်ပါအိတ် ၃၀၊ Bubble အစေ့ထုပ် ၉၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၅၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Caravan တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ်၂၈၂၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၁၃ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟသ်ာတမြို့ ဥယျာဉ်မြောက်ရပ်ကွက် ဟသ်ာဝိုင်းအနီး၌ လိုင်စင်မဲ့ Honda Partner မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၁၃ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားမဝင်အခြားသစ် သုည ဒသမ ၃၇၄ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၁၉၈ နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Hino Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၃၂၁၉၈ ကို ဖမ်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၁၃ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ မြို့ရှောင်လမ်း ကျိုင်းဖောင်းဂိတ်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်းဘူး ၂၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၄၀၀၀၀နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Shwe Nyi Ko Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀ ကိုလည်းကောင်း၊ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ ပစ္စည်းများဖြစ်သည့် Colinear AudioSpeaker နှစ်လုံး အပါအဝင် ကုန်ပစ္စည်း ရှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၄၀၀၀ ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၈၉၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၃ ရက်တွင် ဘုရားကြီးမြို့ လမ်းဆုံအနီး၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် မလေးရှားနိုင်ငံထုတ် ပုစွန်တစ်ကောင်စားအုန်းဆီ ၁၈ လီတာပါပုံး ၄၀၊ ထိုင်းနိုင်ငံထုတ် ဟင်းသီးဟင်းရွက်ဆီ တစ်လီတာပါ ဘူး ၁၂၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၆၅၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ဩဂုတ် ၁၄ ရက်တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၆၉၆ တန်၊ သစ်မာ ၁ ဒသမ ၆၅၂ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၁၂၅၄၄ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၂၇၇၅၄၄ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၁၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့ ၇၃ လမ်း ၁၁၉-၁၂၀ လမ်းထိပ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စကော့တလန်နိုင်ငံထုတ် Gold Label Whisky ပုလင်း ၆၀၊ Red Label ၁၈၂ ပုလင်း အပါအဝင် ကုန်ပစ္စည်း ကိုးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၁၈၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀၀ကိုလည်းကောင်း၊ မန္တလေးမြို့ ၇၃ လမ်း ၁၁၉-၁၂၀ လမ်းထိပ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Non-Dairy Creamer ထုပ် ၁၈၀၀၊ Vixol Bathroom Cleaner ပုလင်း ၁၅၀၀ အပါအဝင် ကုန်ပစ္စည်း ငါးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၇၅၀၀၀ ကို လည်းကောင်း၊ ရန်ကုန်-မန္တလေး မိုင်တိုင်အမှတ် ၃၆၄/၁ ၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Golden Mountain ခရုဆီ ၁၃၆၈ ပုလင်း၊ ပုစွန်နှစ်ကောင် စားအုန်းဆီ နှစ်လီတာပါ ဘူး ၂၄၀နှင့် တစ်လီတာပါ ဘူး ၆၆၀၊ Uncle Barns Tempura Flour ထုပ် ၂၃၈၀ အပါအဝင် ကုန်ပစ္စည်းရှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၂၀၉၆၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၅၆၄၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဩဂုတ် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၁၉ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၁၁၅၉၉၂၁ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။**(သတင်းစဉ်)**

# ဂန့်ဂေါမြို့နယ် လုံခြုံကျေးရွာနှင့် မကျည်းခင်ကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် ပြည်သူပိုင်ပစ္စည်းများကို ခိုးယူသွားကြောင်း မဟုတ်မမှန် စွပ်စွဲရေးသားဖြန့်ဝေနေ

**နေပြည်တော် ဩဂုတ် ၁၅**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် လုံခြုံကျေးရွာနှင့် မကျည်းခင်ကျေးရွာတို့ကို ဩဂုတ် ၁၄ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ရာ လုံခြုံကျေးရွာမှ နေအိမ် သုံးလုံး မီးလောင်ပျက်စီးခဲ့ပြီး ကားနှစ်စီးဖြင့် ပြည်သူပိုင်ပစ္စည်းများကို ခိုးယူသွားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်စွပ်စွဲရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်းမရှိသည့် ဒေသခံပြည်သူ တစ်ဦးက လုံခြုံကျေးရွာအနီးတွင် PDFအမည်ခံအကြမ်းဖက်သမားများရောက်ရှိစုဖွဲ့နေကြောင်း သတင်းပေးပို့ချက်အရ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမားများ ထိခိုက်ဒဏ်များ ရရှိခဲ့ပြီး ထွက်ပြေးသွားစဉ် ကျေးရွာအတွင်းရှိလူနေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းကျေးရွာကို မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူပိုင်ပစ္စည်းများကို ခိုးယူခြင်းမှာ လုပ်ကြံသတင်းမှားသာဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူများ စိုးရိမ်ထိတ်လန့်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေမည့် သတင်းတု၊ သတင်းမှားများကိုသာ တစ်ဖက်သတ်စွပ်စွဲရေးသားလျက်ရှိရာ ယခုဖြစ်စဉ်တွင်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့်သာ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်ကို အချိန်မီတားဆီးဆောင်ရွက်နိုင်ခဲ့သည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**



# ယနေ့လူငယ်နှင့် ဗလငါးတန်ဖွံ့ဖြိုးရေး

**လင်းလက်**

**လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး**

ယနေ့ခေတ်တွင် နည်းပညာကတိုးတက်လာနေပြီး ဉာဏ်ရည်တုနည်းပညာဟု လူသိများသည့် (Artificial Intelligence – AI) နည်းပညာသည် လူသားတစ်ဦးကဲ့သို့ လုပ်ဆောင်နိုင်ပြီဖြစ်သည်။ နည်းပညာမည်မျှပင် တိုးတက်စေကာမူ ထိုနည်းပညာများ၏ ကနဦးအစသည် လူသားများ၏ တွေးခေါ်နိုင်မှုစွမ်းအားက စခဲ့ခြင်းဖြစ်ပြီး လူသားများ၏ တီထွင်ဖန်တီးမှုတစ်ခုသာဖြစ်သည်။ AI နည်းပညာက မည်မျှပင်လုပ်နိုင်စွမ်းရှိသည်ဟု ဆိုစေကာမူ လူသားအရင်းအမြစ်များကို ထုတ်ကုန်တစ်ခုကဲ့သို့ အလွယ်တကူထုတ်လုပ်ပေး၍ မရနိုင်ပေ။ နိုင်ငံတစ်နိုင်ငံဖြစ်တည်ရန်အတွက် အဓိကလိုအပ်ချက်ဖြစ်သည့် လူသားအရင်းအမြစ်များကို စနစ်တကျပြုစုပျိုးထောင်၍ အကျိုးရှိစွာအသုံးချရန် လိုအပ်သည်။ သဘာဝသယံဇာတများသည် ထုတ်ယူမှုများပါက ကုန်ခန်းသွားမည်ဖြစ်သည်။

သဘာဝသယံဇာတများကိုသာမှီခိုနေပြီး လူသားအရင်းအမြစ်များကို နိုင်ငံ့စွမ်းအားအဖြစ် အသုံးချနိုင်ခြင်းမရှိပါက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးသည် အလှမ်းဝေးနေဦးမည်ဖြစ်သည်။ သဘာဝသယံဇာတပေါကြွယ်ဝခြင်းမရှိသော်လည်း နိုင်ငံအတွင်းရှိ လူသားအရင်းအမြစ်များကို စနစ်တကျပြုစုပျိုးထောင်ကာ နိုင်ငံ့စွမ်းအားအဖြစ် ပုံဖော်နိုင်ကြသည့်နိုင်ငံများက ဖွံ့ဖြိုးတိုးတက်မှုများကို လွယ်လင့်တကူရယူနိုင်ကြမည်ဖြစ်သည်။ "လူဦးရေနည်းခြင်း၊ များခြင်း၊ နိုင်ငံအရွယ်အစား ကြီးခြင်း၊ သေးခြင်း၊ သဘာဝသယံဇာတပေါကြွယ်ဝမှု ရှိခြင်း၊ မရှိခြင်း၊ ပထဝီအနေအထား အချက်အချာကျခြင်း၊ မကျခြင်း" တို့သည် လွယ်လင့်တကူပြင်ဆင်၍မရသော အရာများပင်ဖြစ်သည်။ နိုင်ငံအတွင်းရှိလူသားအရင်းအမြစ်များကို မဟာဗျူဟာကျကျပြုစုပျိုးထောင်၍ နည်းလမ်းတကျအသုံးချနိုင်မည်ဆိုပါက ထိုလူသားအရင်းအမြစ်များက တီထွင်ဖန်တီးပေးမည့် နည်းပညာများကိုအသုံးချ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အခြေခံအဆောက်အအုံများကို ခိုင်မာစွာတည်ဆောက်နိုင်မည်ဖြစ်သည်။

**ပြုစုပျိုးထောင်**

လူသားအရင်းအမြစ်များပေါ်တွင် ရင်းနှီးမြှုပ်နှံကြရာ၌ နိုင်ငံတော်၏ အနာဂတ်စွမ်းအားစုများဖြစ်သည့် မျိုးဆက်သစ်လူငယ်များအတွက် ရင်းနှီးမြှုပ်နှံကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အသက် ၁၀ နှစ်မှ ၂၅ နှစ်ကြား လူငယ်ဦးရေပါဝင်မှုနှုန်းသည် ၆၃ ရာခိုင်နှုန်းရှိနေသည်ကို တွေ့ရသည်။ ထိုလူငယ်များ၏စွမ်းအားကို စနစ်တကျရယူကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဖန်တီးပုံဖော်နိုင်မည်မှာ အမှန်တကယ်ပင်ဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် **ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ အခန်း (၁)၊ ပုဒ်မ(၃၃)တွင် "နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည်"ဟု ပြဋ္ဌာန်းထားပြီးဖြစ်သည်။** လူငယ်များကို လိုအပ်သည်များပြုစုပျိုးထောင်ပေး၍ ထိုလူငယ်များ၏စွမ်းအားဖြင့် နိုင်ငံ့စွမ်းအားကို မြှင့်တင်သွားမည့်ပြဋ္ဌာန်းချက်ပင်ဖြစ်သည်။

လူတစ်ဦး၏စာရိတ္တဆိုသည်မှာ ငယ်စဉ်ကတည်းက ထိန်းကျောင်းပြုပြင်ပေးရသည်။ နိုင်ငံနှင့် လူမျိုးအကျိုးကို စွမ်းစွမ်းတမံသယ်ပိုး၍ မျိုးချစ်စိတ်ဓာတ်ပြည့်ဝသော နိုင်ငံ့သားကောင်းများဖြစ်လာစေရေးအတွက် အခြေခံပညာကျောင်းများတွင် "စာရိတ္တနှင့် ပြည်သူ့နီတိသင်ခန်းစာများ"ကို သင်ကြားပေးနေခြင်းပင်ဖြစ်သည်။ အခြေခံပညာရေးတွင်လည်း KG+12 ပညာရေးစနစ်ကို ကျင့်သုံး၍ KG+9 ထိ လူငယ်များမဖြစ်မနေသင်ကြားတတ်မြောက်နိုင်ရန် ဆောင်ရွက်ပေးနေပြီး KG+9 သင်ယူပြီးမြောက်သည့်အခါ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုပညာရပ်များကို ဆက်လက်သင်ကြားနိုင်ရေး စီစဉ်ပေးထားပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် လက်ရှိဖြစ်နေသည့်အခက်အခဲများကြားမှပင် အခြေခံပညာကျောင်း ၇၀ ရာခိုင်နှုန်းခန့် ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းတက်ရောက်မှုအနေဖြင့် မူလစာရင်းပေးသွင်းထားသူများမှ ၈၂ ရာခိုင်နှုန်းကျော်ရှိခဲ့သည်ကို တွေ့ရသည်။ မျိုးဆက်သစ်လူငယ်များကို ပညာရည်ပြည့်ဝသူများဖြစ်စေရေးအတွက် အင်တိုက်အားတိုက် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်ကို တွေ့ရသည်။

**မူဝါဒချမှတ်ထား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၈)ရပ်၊ လူမှုရေးဦးတည်ချက်(၃)ရပ် အပိုဒ်(ဂ)တွင် **"နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး" ဆိုသည့် ဦးတည်ချက်ကို ချမှတ်ထားပြီးဖြစ်သည်။** နိုင်ငံတကာအသိုက်အဝန်းတွင် ဝင်ဆံ့နိုင်ပြီး ရုပ်ပိုင်း၊ စိတ်ပိုင်း၊ နိုင်ငံရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာတို့တွင် စွမ်းရည်မြင့်မားသော နိုင်ငံ့သားကောင်းရတနာများဖြစ်လာစေရေး ဦးတည်ချမှတ်ထားခြင်းပင်ဖြစ်သည်။ ထိုဦးတည်ချက်နှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင်ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၂)အရ လူငယ်ရေးရာဦးစီးဌာနကိုအားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၏ လက်အောက်တွင် စတင်ဖွဲ့စည်းခဲ့သည်။ စာအုပ်စာစောင်များဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတများတိုးပွားကာ လူငယ်များအနေဖြင့် ဗလငါးတန်ပြည့်ဝလာစေရေးအတွက် လူငယ်အသိပညာပေးဟောပြောပွဲများကို လူငယ်ရေးရာဦးစီးဌာနက ဆောင်ရွက်နေသည်ကို တွေ့ရသည်။

**ဉာဏ်အလင်းတံခါးဖွင့်ထားဖို့လို**

လူငယ်များအနေဖြင့် ဉာဏ်အလင်းတံခါးကို ဖွင့်ထား၍ လိုအပ်သည့်ပညာရပ်များကို အစဉ်တစိုက် ကြိုးစားလေ့လာသင်ယူထားကြရန် လိုအပ်သည်။ လေ့လာသင်ယူမှုမရှိ၊ ကျွမ်းကျင်မှုမရှိဘဲ အောင်မြင်မှု မရရှိနိုင်ပေ။ ပြိုင်ဆိုင်မှုပြင်းထန်လာသည့် နည်းပညာခေတ်တွင် လေ့လာသင်ယူမှုမရှိသည့်အခါ နောက်ကျကျန်နေခဲ့မည်ဖြစ်သည်။ ထိုကဲ့သို့ မကျန်ခဲ့စေရန် တွန်းတင်ပေးနေသည့် နိုင်ငံတော်၏ စေတနာကိုသိရှိကာ ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။ လူတစ်ဦးအတွက် အရေးကြီးဆုံးသောအရာသည် ကျန်းမာရေးပင်ဖြစ်သည်။ စိတ်သွားတိုင်း ကိုယ်ပါ၍ မိမိအလိုရှိရာကို ဖန်တီးနိုင်ရေးအတွက် ကျန်းမာရေးက အဓိကပင်ဖြစ်သည်။ လူငယ်များအနေဖြင့် ကျန်းမာကြံ့ခိုင်သောခန္ဓာကိုယ်ကိုပိုင်ဆိုင်စေသည့် "ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသည့် ဆေးလိပ်၊ အရက်၊ ကွမ်း စသည်တို့သုံးစွဲခြင်းကို ရှောင်ကြဉ်ခြင်း၊ လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း"စသည့်အပြုအမူများကို လက်ကိုင်ထားခြင်းဖြင့် ကာယဗလဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

**❖ လူငယ်များအနေဖြင့် ဉာဏ်အလင်းတံခါးကိုဖွင့်ထား၍ လိုအပ်သည့်ပညာရပ်များကို အစဉ်တစိုက် ကြိုးစားလေ့လာသင်ယူထားကြရန် လိုအပ်သည်။ လေ့လာသင်ယူမှုမရှိ၊ ကျွမ်းကျင်မှုမရှိဘဲ အောင်မြင်မှု မရရှိနိုင်ပေ။ ပြိုင်ဆိုင်မှုပြင်းထန်လာသည့် နည်းပညာခေတ်တွင် လေ့လာသင်ယူမှုမရှိသည့်အခါ နောက်ကျကျန်နေခဲ့မည်ဖြစ်သည်။ ထိုကဲ့သို့မကျန်ခဲ့စေရန် တွန်းတင်ပေးနေသည့် နိုင်ငံတော်၏စေတနာကိုသိရှိကာ ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။ လူတစ်ဦးအတွက် အရေးကြီးဆုံးသောအရာသည် ကျန်းမာရေးပင်ဖြစ်သည်။ ❖**

ကျန်းမာရေးနှင့်ညီညွတ်သည့် အပြုအမူများရှိရန်အတွက် ကျန်းမာရေးဆိုင်ရာအသိပညာများ ရှိရန်လိုအပ်သည်။ ထိုအသိပညာများကို ရရှိနိုင်ရေးအတွက် စာဖတ်ခြင်းဖြင့် ဉာဏ်အလင်းတံခါးဖွင့်ထားကြရန်လိုအပ်သည်။ မြတ်စွာဘုရားရှင်က လောကတွင် အလိုအပ်ဆုံးသောအရာသည် ပညာနှင့် ကိုယ်ကျင့်တရားသာဖြစ်သည်ဟု သောဏဒဏ္ဍပုဏ္ဏားကို ဟောကြားခဲ့သည်။ ကိုယ်ကျင့်တရားနှင့် ပညာကို လက်ကိုင်ထားသူသည် လောကကို အလှဆင်နိုင်သူဖြစ်ပြီး ကိုယ်ကျင့်တရားနှင့် ပညာသည် ကမ္ဘာ့စောင့်တရားနှစ်ပါးဖြစ်သည်ဟု ဟောကြားခဲ့သည်။ လူငယ်များအနေဖြင့် မကောင်းမှုပြုရမည်ကို ရှက်ခြင်း၊ ကြောက်ခြင်းဆိုသည့် ဟိရိဩတ္တပ္ပတရားများထားရှိစေရေးအတွက် စာပေဗဟုသုတများပြည့်ဝကာ ဉာဏဗလဖြည့်တင်းထားကြရန် လိုအပ်သည်။

**မကောင်းမှုရှောင် ကောင်းမှုဆောင်**

လောကတွင် ကျင်လည်ရာ၌ ကိုယ်တိုင်မကောင်းမှုကို ရှောင်ရှားရမည်ဖြစ်သကဲ့သို့ မကောင်းမှုပြုလုပ်ခြင်းကိုရှောင်ရှားတတ်သည့် အဆွေခင်ပွန်းကောင်းနှင့်ပေါင်းဖက်ရခြင်းဆိုသည့် မိတ္တဗလပြည့်ဝနေရေးကလည်း အရေးကြီးသည်။ မြတ်စွာဘုရားရှင်က အဆွေခင်ပွန်းကောင်းနှင့် ပေါင်းဖက်ရခြင်းသည် မင်္ဂလာတစ်ပါးပင်ဖြစ်သည်ဟု ဟောကြားခဲ့သည်။ မကောင်းမှုဒုစရိုက်များကို ရှောင်ရှားနိုင်ရေးအတွက် မိမိပတ်ဝန်းကျင်တွင် မကောင်းမှုဒုစရိုက်များကို ကျူးလွန်ခြင်းမရှိသည့်သူများရှိနေရန် လိုအပ်သည်။ ရေတ်သီးနှင့်ပေါင်း၍ အထောင်းခံရသည့် ကြက်သွန်ဘဝမရောက်ကြရစေရေးအတွက် လူငယ်များအနေဖြင့် မိတ်ကောင်းဆွေကောင်းနှင့်ပေါင်းဖက်၍ ဘဝလမ်းကြောင်းကို ကောင်းမွန်အောင် ဖန်တီးနိုင်သည်။

အချိန်တန်သည့်အခါ မျိုးဆက်သစ်လူငယ်များလက်သို့ နိုင်ငံတော်၏အနာဂတ်ကို လွှဲပြောင်းပေးအပ်ရမည်မှာ ဓမ္မတာပင်ဖြစ်သည်။ နိုင်ငံတော်ရေရှည်တည်တံ့ခိုင်မြဲ၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ကာကွယ်ရေးစွမ်းအားက အဓိကပင်ဖြစ်သည်။ အချုပ်အခြာအာဏာကို ကာကွယ်နိုင်ရေးအတွက် မျိုးဆက်သစ်လူငယ်များအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးစွမ်းအားကို ဖြည့်တင်းသွားကြရန်လိုအပ်သည်။ လူငယ်ဘဝတွင် အမျိုးသားနိုင်ငံရေးစိတ်ဓာတ်များ၊ မျိုးချစ်စိတ်ဓာတ်များ ကိန်းအောင်းနေစေရေးအတွက်စာရိတ္တဗလဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားလေ့ကျင့်ပေးထားရန် လိုအပ်သည်။ စာရိတ္တကောင်းမွန်သည့် လူငယ်များသည် အများအကျိုးကိုထိခိုက်စေမည့် လုပ်ရပ်များဖြင့် အသက်မွေးဝမ်းကျောင်းပြုကြမည်မဟုတ်ဘဲ သမ္မာအာဇီဝဖြင့် အသက်မွေးကာ ဘောဂဗလပြည့်ဝစေရေးကို သန့်ရှင်းမွန်မြတ်စွာဖြင့် ဖြည့်တင်းသွားကြမည်သာဖြစ်သည်။

**ပေးဆပ်သူတို့နှလုံးသား**

ငယ်စဉ်ကတည်းက ကောင်းမွန်စွာ ပြုစုပျိုးထောင်ပေးထားသည့်လူငယ်များသည် ကိုယ်ကျိုးမငဲ့ကွက်ဘဲ အမျိုးဘာသာသာသနာ၊ နိုင်ငံတော်နှင့် လူမျိုးအကျိုးကို စွမ်းစွမ်းတမံထမ်းဆောင်နိုင်မည့် စိတ်ဓာတ်ခံယူချက်များရှိနေမည်ဖြစ်သည်။ အများအကျိုးအတွက် ပေးဆပ်လိုစိတ်သည် နိုင်ငံ့သားကောင်းတို့၏ စိတ်ဓာတ်ပင်ဖြစ်သည်။ ပေးဆပ်သူတို့ ရှင်သန်ရာရပ်ဝန်းဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးအတွက် တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားဘဝလူငယ်များရရှိကာ တိုင်းပြည်နှင့်လူမျိုးအကျိုးကို သယ်ပိုးနိုင်သည့် အခွင့်အလမ်းများကလည်း ရှိနေပြီဖြစ်သည်။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို စတင်အာဏာတည်ကြောင်း ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို စနစ်တကျဖွင့်လှစ်လာခဲ့သည်မှာ အမှတ်စဉ်(၄)သို့ပင် ရောက်ရှိခဲ့သည်။

ကောင်းမွန်စွာ ပြုစုပျိုးထောင်ထားသည့် မျိုးဆက်သစ် လူငယ်များကလည်း "သူများမောင်မှာ၊ စစ်သံကြားလျှင် နာဖျားဥပါယ်ခိုကြတယ်။ နှမလေးမယ်တို့မောင်မှာ၊ စစ်သံကြားလျှင် ရွှေခါးပိုက်ကာ၊ အိုးစားဖက်ကို လိုက်လို့ရှာသည်"ဆိုသည့် စစ်မှာတမူ အိုင်ချင်းပါစာသားကဲ့သို့ပင် ကိုယ်တိုင်စာရင်းပေးသွင်း၍ ပြည်သူ့စစ်မှုထမ်းသင်တန်းသို့ ပါဝင်တက်ရောက်နေကြသည်ကိုလည်း တွေ့ရသည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းများတွင်လည်း မျိုးဆက်သစ် လူငယ်များ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ရေး၊ စိတ်ဓာတ်ခိုင်မာရေး၊ ဉာဏ်ပညာပြည့်ဝရေးကို သင်ကြားပေးနေပြီဖြစ်သည်။

**လူငယ်တို့၏လက်တွင်**

မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းအရ ပြည်သူ့စစ်မှုထမ်းဥပဒေအညီ စစ်ပညာသင်ကြား၍ စစ်မှုထမ်းရန် အကျုံးဝင်သည့် အမျိုးသား ၆ ဒသမ ၃ သန်းခန့်၊ အမျိုးသမီး ၇ ဒသမ ၇သန်းခန့် စုစုပေါင်း ၁၃ သန်းနီးပါးခန့် ရှိသည်ဟု သိရသည်။ ထိုလူငယ်များသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများသို့ ပါဝင်တက်ရောက်၍ နိုင်ငံတော်ကာကွယ်ရေးစွမ်းအားများအပါအဝင် ကာယစွမ်းအား၊ ဉာဏစွမ်းအား၊ စာရိတ္တစွမ်းအား စသည့် ဗလငါးတန်ပြည့်ဝသော လူငယ်များဖြစ်လာကာ နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးကို အသက်ထက်ဆုံး ထမ်းဆောင်သွားနိုင်ကြမည်ဖြစ်သည်။ အချိန်သည် ကုန်ဆုံးတတ်သောအရာပင်ဖြစ်ပြီး အများအကျိုးကိုသယ်ပိုးတတ်သည့် လူငယ်များ၏ လက်တွင် နိုင်ငံတော်၏အနာဂတ်သည် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိလာမည်မှာ မလွဲကေန်အမှန်ပင်ဖြစ်ပါတော့သည်။

**ကိုးကား**

– **နေ့စဉ်ထုတ်သတင်းစာများ၊**

ဝတ္ထုတိုကဏ္ဍ

# အန္တရာယ်လမ်း လက်တစ်ကမ်းအလို

မောင်ခြိမ့်



ဓွတ်ခနဲဆောင့်၍ထိုးလိုက်သော မှိန်းသွားအရှိန်ကြောင့် သစ်ကိုင်း၊ သစ်ရွက်အပိုင်းအစများ၊ ချုံနွယ်အပုံ့အကျိုးများဖြင့်ဆောက်ထားသော အသိုက်သည် ဖွာခနဲထွက်သွားလေ၏။ ကျွီခနဲနာကျင်စွာအော်ဟစ်သံပေါ်ထွက်လာပြီးသည့်နောက် လက်တွင် သတ္တဝါတစ်ကောင်ကောင်၏ ဆန့်၍လွန့်၍ ရုန်းကန်နေသည့်အတွေ့ကို ခံစားလိုက်ရတော့၏။ ရှုပ်ထွေးနေသော လမုပင်၏အခက်အလက်အရွက်များအပြင် အပင်ကိုပတ်၍ အုပ်ဆိုင်းလျက်ရှိသော ကျီးအာပင်နွယ်များ၏ ရှုပ်ထွေးမှုကြောင့် ဘာကောင်လဲဆိုသည်ကိုတော့ မမြင်ရမမြင်နိုင်။

သို့သော်သေချာပါ၏။ ဖိုးနီသည် သူ၏အတွေ့အကြုံအရ မှိန်းဖျားတွင်ထိုးမိလျက်ရှိသည်မှာ မြေကြွက်ကြီးတစ်ကောင်မှလွဲ၍ အခြားအကောင်မဖြစ်နိုင်။ သို့သော်ငြားလည်း သတိဆိုသည်မှာပိုသည်မရှိ။

ထို့ကြောင့် မိမိဦးခေါင်းတည့်တည့်အပေါ်တွင်ရှိသောအသိုက်ကို မော့ကြည့်နေရာမှ မျက်နှာမလွှဲဘဲ လှေပဲ့ပိုင်းမှ သားဖြစ်သူကို–

"နောက်ဆုတ်ဟေ့ နည်းနည်းနောက်ကိုဆုတ်" ဟု ပြောလိုက်၏။

အမြဲတမ်းဖအေနှင့်တွဲ၍ ငါးမျှား၊ ဖားရိုက်၊ မြွေထောင်ပါမြဲဖြစ်သော သားဖြစ်သူ သာအောင်က လှေကို လှော်တက်ဖြင့်ခတ်၍ နောက်သို့အသာဆုတ်ပေး၏။ တစ်လံနောက်သို့အရောက်တွင် လှေဦးမှ မှိန်းကို ကိုင်လျက်သားရှိနေသော ဖိုးနီက–

"တော်ပြီတော်ပြီ"ဟုပြောရင်း လှေကိုရပ်ခိုင်းလိုက်ပြီး မှိန်းသွားကို အသိုက်ထဲမှအသာဆွဲထုတ်သည်။ လေးဆယ်သားခန့်ရှိသော မြေကြွက်ကြီးတစ်ကောင်သည် မှိန်းအသွားကို တဂျစ်ဂျစ်ဖြင့် ဒေါသတကြီးကိုက်ရင်းဖွဲ့ရင်း ပါလာလေ၏။ လွတ်အောင်ကား ရုန်းထွက်၍မရ။ ဝမ်းဗိုက်ကိုထိုးဖောက်ကာ ကျောကုန်းဘက်မှ ဖောက်ထွက်လျက်ရှိသော မှိန်း၏အဖျားတွင် အပြားခတ်၍ ဒစ်ဖော်ထားသောကြောင့်ပင်။ ဖိုးနီသည် အသာထိုင်ချလိုက်ပြီး ကြွက်ကို ရိုက်၍ဖြုတ်လိုက်ကာ လှေဝမ်းထဲသို့ချလိုက်သည်။ ထိုအကောင်နှင့်ပါဆိုလျှင် အကောင်သုံးဆယ်ကျော်ရနေပြီ။

“ပြန်လှည့်တော့ဟေ့။ ညကျရင်လဲ မြွေထောင်ရအုံးမယ်”

ပြောရင်းလှော်တက်ကိုကောက်ကိုင်၏။ ကွမ်းသီးချောင်းဖျားတွင် မှောင်ရီသန်းစပြုလာပြီ။ ကောင်းကင်တွင်လည်း ရွာမယောင်အုံ့ကာမည်းလျက်ရှိ၏။ ရွာပြီဟော့ဆိုလျှင် သုံးလေးငါးရက်တစ်ပတ်ဆက်တိုက်ရွာချတတ်သော မြစ်ဝကျွန်းပေါ်မိုးဦးသည် အစိုးမရ။ ထို့ကြောင့် မိုးမရွာမီ အိမ်အရောက်ပြန်ချင်နေ၏။

ဖိုးနီ၏ပင်မအလုပ်သည် ငါး၊ ပုစွန်တို့ကို နည်းမျိုးစုံဖြင့် ဖမ်းဆီးစားသောက်ရသော တံငါပါပေ။ သို့သော် ထိုတံငါအလုပ်တစ်ခုတည်းကိုသာ စွဲစွဲမြဲမြဲလုပ်နေလို့မရ။ ရံဖန်ရံခါတို့တွင် ကြွက်ထိုး၊ ဖားရိုက်၊ ငှက်ပစ်၊ ခိုထောင် စသည့်ကြားပေါက်အလုပ်ကလေးများကိုလည်း ကြိုးကြားကြိုးကြားလုပ်ရလေသေး၏။

ရေအတက်ကြမ်းပြီး မိုးတဖျန်းဖျန်းရွာချတတ်သော အခုလိုရာသီမျိုးတွင် ငါး၊ ပုစွန်ရှာ၍ သိပ်မရနိုင်။ မဖြစ်မနေရှာဖွေရသော်လည်း အိမ်စရိတ်မလုံလောက်။ သို့ဖြစ်၍ အပိုဝင်ငွေကလေးသုံးရအောင် သူတို့သားအဖ ကြွက်ထိုးထွက်ခဲ့ခြင်းဖြစ်တော့၏။

ကြွက်ထိုးမနေပါနှင့်။ မိုးတွင်းပဲ ဖားရိုက်မထွက်ဘူးလားဟု မေးလာငြားအံ့။ ထိုသူသည် ကာလဒေသအချိန်ရာသီကို မသိနားမလည်၍သာ မေးခြင်းဖြစ်ပေမည်။ ယခုလိုရေကြီးသောကာလများတွင် ဖားများအတွက် နေစရာမြေမရှိ။ နို့ မြေမရှိလျှင် ဘယ်မှာနေပါသလဲဟု ထပ်၍မေးပါ။ ဖြေရပေလိမ့်မည်။ သူတို့ဘာသာဘာဝ သဘာဝကသင်ကြားပေးသောအတတ်ပညာတို့ဖြင့် နေကြပါသည်။ သတ္တလောကကြီးတွင်ရှိရှိသမျှသတ္တဝါတို့သည် သူတို့နှင့် တန်ရာတန်ရာစွမ်းရည်ပဲ ခေါ်ခေါ်၊ အသိဉာဏ်ပဲ ခေါ်ခေါ် ရှိကြသည်သာ။

နေစရာမြေပြင်ပျောက်သောဖားတို့သည် တစ်လံပတ်လည်ခန့်၊ ဆန်ကောတစ်ချပ်စာခန့်၊ ယုတ်စွအဆုံးတစ်ထွာခန့်ရှိသော မှော်ဖတ်၊ ဒိုက်ဖတ်၊ မြက်ဖတ်၊ ကြာဖတ်စသည်တို့အပေါ်တွင် တက်၍နေလေ့ရှိကြပါ၏။ သူတို့ကိုရန်ရှာမည့်သူ အနားရောက်၍ ရေသံကြားသည်နှင့် တအွမ်အွမ်အော်မြည်နေခြင်းကိုရပ်၍ ဓွတ်ခနဲ နီးစပ်ရာရေပြင်ထဲသို့ ငုပ်လျှိုးပျောက်ကွယ်သွားတတ်ကြသည်သာ။

ယခုလည်းကြည့်ပါ။ မြေပြင်တွင်သာနေ၊ မြေပြင်ပေါ်တွင်သာ အစာရှာဖွေစားသောက်၍ အသက်ရှင်ရသောမြေကြွက်တို့သည်ပင် သစ်ပင်ပေါ်သို့ ရောက်နေကြရပါပြီ။ သူတို့ခိုအောင်းနေထိုင်ကြသည့် မြေတွင်းများ၊ ကုန်းကမူရှိ ချုံပင်စည်းရိုးတန်းများ၊ တာတမံပေါင်များ၊ တောင်ပို့များအားလုံးကို ဖွေးဖွေးလှုပ်မျှတက်လာသော မိုးရေတက်ရေများက ဖုံးလွှမ်းပစ်လိုက်ပြီး ကြည့်ကြည့်သမျှ ရေအပြင်သည် ဟိုးမိုးကုပ်စက်ဝိုင်းအထိ။

“မိုးရေတက်ရေတဖွေးဖွေး ကွင်းကျယ်အဝေးဝေး၊ လယ်စောင့်တဲလေးခြေတံရှည် မိုးကုပ်အောက်မှာတည်၊ ကြာနီတစ်ပွင့်ဖြူတစ်ပွင့် တဲနှင့်ပန်းတင့်” ဟူသော ဖိုးနီတို့ငယ်ငယ် သူငယ်တန်းဘဝက ကုန်း၍အော်ခဲ့ရသောကဗျာကလေးကို သတိရစရာပင်ဖြစ်နေတော့၏။

ထို့ကြောင့်ပင် မိမိတို့အသက်တစ်ချောင်းကို တွယ်တာမက်မောတတ်ကြသော သတ္တဝါတို့သည် သေဘေးမှလွတ်ရာ နီးစပ်ရာသစ်ပင်အကိုင်းအခက်များပေါ် တက်၍နေရတော့သည်။ ထိုသို့နေကြရာမှာလည်း ပင်စည်ကြီးသော၊ ကိုင်းခက်ရှင်းသောအပင်များပေါ်တွင် နေလေ့မရှိ။ ပင်စည်သေး၍ ကိုင်းဖျားကိုင်းနားသေးသွယ်ရှုပ်ထွေးသော အနိမ့်အမြင့်အနေတော်ဖြစ်သော အပင်များကိုသာ ရွေးချယ်၍ နေလေ့ရှိကြပါ၏။

ကြွက်ထိုးသမားတို့က ကြွက်များ၏အထာကို သိကြ၏။ ထို့ကြောင့် ချောင်းကမ်းစပ်များ၊ လယ်ကွင်းနားများရှိ ထိန်ပင်၊ ပျဉ်းမပင်၊ စစ်ပင်၊ သပြေပင်စသည့် အပင်ကြီးမျိုးများပေါ်တွင် ကြွက်သိုက်ကို မရှာကြ။ လမုပင်၊ လမဲ့ပင်၊ သံဒတ်ပင်၊ မိုးမခပင် စသည့်ပင်ငယ်၊ ပင်ပုများ၊ ချုံမြင့်များရှိရာသို့သာသွား၍ ရှာတတ်ကြပါ၏။ ဤသည်ကား သူတို့၏အဘိုး၊ အဖေတို့က တစ်ဆင့်တစ်ဆင့် သင်ကြားပေးခဲ့ကြသော ဘဝပညာသာ ဖြစ်တော့၏။ ဤကဲ့သို့ သစ်ပင်တက်၍ အသိုက်လုပ်လျက်နေထိုင်သောကြွက်တို့ကို မည်ကဲ့သို့ ဖမ်းမည်နည်း။ လွယ်ပါ၏။

ရှစ်တောင်ခန့်ထီးရိုးဝါး ရှည်ရှည်ဖြောင့်ဖြောင့်မကြီးလွန်း၊ မသေးလွန်းတစ်ချောင်းကိုရှာပါ။ အဆစ်များကို ဓားဖြင့်သပ်ကာချောပြီး နေရိပ်ထဲတွင် အခြောက်ခံရပါမည်။ ခြောက်လျှင် ကွေးသည့်နေရာ၊ ကောက်သည့်နေရာရှိပါက မီးအပူပေး၍ ဖြောင့်ရပါမည်။ ရေနံချေးပါးပါးကလေးသုတ်လိုက်၊ မီးပြလိုက်နှင့် ဖယောင်းတိုင်ကဲ့သို့ ဖြူးနေဖြောင့်နေအောင် ပြုပြင်ရပါမည်။ ပြီးလျှင် သုံးမူးလုံး သံချောင်းတစ်တောင်ခန့်ကိုမီးပေး၍ ထိပ်တစ်ဖက်ထု၍ ပြားကာ ဒစ်ဖော်ရပါမည်။ သို့မှသာ ထိုးဖောက်မိသည့်သတ္တဝါ မလွတ်နိုင်ဘဲရှိပါမည်။

ပြီးလျှင် အခွေးတပ်ထားသော ထီးရိုးဝါး၏အဖျားတွင် တပ်လိုက်သောအခါ သစ်ပင်ပေါ်ရှိ ကြွက်ကိုထိုးရန်အဆင်သင့်ဖြစ်ပါပြီ။ ထိုသို့ပြုလုပ်ထားသော မှိန်းတစ်ချောင်းသည် ရေကြီးသောနှစ်တိုင်း ဖိုးနီတို့ကိုရှာကျွေးခဲ့သည်မှာ ခြောက်နှစ်ကျော်ခဲ့ပြီ။ ယခုတိုင် အသုံးပြု၍ကောင်းဆဲပင်။

ဖိုးနီသည် အတွေးများစွာဖြင့် လှေကို လှော်လာခဲ့သည်မှာ ကွမ်းသီးချောင်း တစ်ဝက်ကျော်လာခဲ့သည်တွင်–

“အဖေ အဖေ၊ ရှေ့အပင်မှာ ကြွက်သိုက်ကြီးဗျ။ နည်းတာကြီးမဟုတ်ဘူး။ နောက်ဆုံးပိတ် အိတ်နဲ့လွယ်ဖြစ်အောင် ထိုးစမ်းပါအဖေရာ”ဟု သားဖြစ်သူ သာအောင်၏အသံကို ကြားရတော့မှ–

“ဘယ်မှာလဲ၊ မင်းအသိုက်”ဟု အလန့်တကြား မေးမိလေ၏။

“ညာဘက်ကမ်းက လမုပင်မှာလေ အဖေရဲ့ မတွေ့ဘူးလား”

သာအောင်က လှေကို အရှိန်သတ်ရင်းပြော၏။ ဟုတ်ပါ၏။ ကိုင်းရှုပ်နေသောလမုပင်၏ထိပ်တွင် ကြွက်သိုက်ကြီး လှုပ်၍လှုပ်၍ပင် နေသေးတော့၏။ အသိုက်လှုပ်၍ထင်၏။ ကြွက်ကိုက်ထားသော သစ်ကိုင်းအစအနများ၊ သစ်ရွက်အမှုန်အမွှားများသည် အပင်အောက်ရှိချောင်းရေထဲသို့ တဖွဲဖွဲကျလျက်ရှိ၏။

“အဖေ ဘာကြည့်နေတာလဲ၊ ထိုးလေဗျာ”

သာအောင်က လှေပဲ့မှ စိတ်မရှည်စွာပြော၏။ ဖိုးနီ ဘာမှပြန်မပြောသေး။ အသာလက်ကာပြရင်း အသိုက်ကိုသာ မျက်စိမမှိတ်တမ်းကြည့်နေရင်း လက်က လှေဝမ်းထဲတွင် အလျားလိုက်ချထားသော လက်စွဲတော်မှိန်းကို စမ်း၍ကိုင်၏။

မကြာပါချေ။ အသိုက်ထဲမှ နီနီထွေးထွေး ကြွက်ပေါက်စကလေးနှစ်ကောင် ပလုံခနဲ ရေထဲသို့ပြုတ်၍ကျသည်ကို တွေ့ရ၏။

“အဖေကလဲဗျာ ဘာလုပ်နေတာလဲ။ အထဲမှာ ကြွက်မကြီးရှိမယ်ဗျ။ တွေ့လား ကြွက်ပေါက်ကလေးတွေ ထွက်ကျတာ။ မြန်မြန်ထိုးလေ”

စိတ်မရှည်စွာ ခပ်ဆတ်ဆတ် ဖအေကို ပြော၏။ ဖိုးနီသည် သားဖြစ်သူကိုဘာမျှပြန်မပြော။ ဘယ်ညာလှုပ်ရမ်းလျက် အမှုန်အမွှားတို့ တဖွဲဖွဲကျလျက်ရှိသော ကြွက်သိုက်ကြီးကိုကြည့်ရင်း ပြုံးမိလေတော့၏။ ပြီးမှ–

“လှေကို နောက်နည်းနည်းဆုတ်စမ်း”ဟု ခပ်မာမာပြော၏။ သာအောင်မှာ ဖအေဖြစ်သူ၏လေသံကြောင့် ဘာမှထပ်မပြောတော့ဘဲ လှေကိုသာ နောက်သို့ ဝါးတစ်ပြန်ခန့် ဆုတ်ပေးလိုက်၏။

ဖိုးနီသည် လက်ထဲမှမှိန်းကို လှေဝမ်းထဲ အသာပြန်ချ၏။ ခါးတွင်ထိုးလျက်ရှိသော လေးခွကို အသာဆွဲထုတ်၏။ ခါးပိုက်ထောင်အတွင်းမှ လောက်စာလုံးလက်တစ်ဆုပ်ကို နှိုက်၏။ မျက်လုံးများကမူ အသိုက်မှမခွာ။ ပြီးမှ လှုပ်ရှားနေသောကြွက်သိုက်ကို သားရေလေးခွဖြင့် လှမ်း၍ပစ်သည်။

သာအောင်သည် ဖအေလုပ်သူကို နားမလည်စွာကြည့်၏။ ကြွက်သိုက်ကိုတွေ့ပါလျက်၊ ကြွက်ရှိမှန်းသိပါလျက် မှိန်းဖြင့်မထိုးဘဲ ဘာကြောင့် လေးခွနှင့်ပစ်ရပါလိမ့်၊ မမေးရဲ။

ပထမဆုံးတစ်ချက်သည် အသိုက်ကိုရှပ်၍ထိ၏။ ဒုတိယ၊ တတိယ စသည်ဖြင့် နောက်ထပ်လေးငါးချက်သည် အသိုက်ကို တည့်တည့်ထိ၏။ ဖောင်းခနဲ ဖောင်းခနဲ အသံနှင့်အတူ အသိုက်မှအစအနတို့ ဖွာခနဲဖွာခနဲ

စာမျက်နှာ ၂၅ သို့ ➤

# မြင်းမူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၀၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၀၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၁၃၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၀၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာစပါးဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ စပါးဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စပါးတွေ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မောက်မယ်မြို့နယ် ကုန်းမလန်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်း

**မောက်မယ် ဩဂုတ် ၁၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကုန်းမလန်းကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ကုန်းမလန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနည်းကပ် ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

➤ စာမျက်နှာ ၂၄ မှအဆက်

လွင့်စဉ်၍ကျ၏။ နောက်ဆုံးတစ်ချက်သည် ဖောင်းခနဲမှန်၍ အပြီးတွင် ဖွီးခနဲမာန်ဖီမှုတ်ထုတ်သံနှင့်အတူ လေးခွနှင့်အပစ်ခံရ၍ နာကျင်ဒေါသကြီးနေသော ငန်းမြွေကြီးသည် ရေပြင်သို့ ဝုန်းခနဲပြုတ်၍ကျလာပြီး လမုပင်ပေါက်များ၊ ခရာပင်များ၊ ကျူပင်များကြားသို့ ဝင်ရောက်သွားလေတော့၏။

မှောင်ရီသန်းစပြုနေပြီဖြစ်၍ သဲသဲကွဲကွဲမမြင်ရတော့။ မြွေကြီး ဝင်ပြေးရာကမ်းစပ်တောထဲသို့ ဗျောခနဲဗျောခနဲနေအောင် လေးခွဖြင့် သုံးလေးချက်ဆက်တိုက်ပစ်၍ ခြောက်လှန့်မောင်းနှင်လိုက်လေ၏။

"ကဲ ပြန်ကြမယ်။ ဟော့ကောင်တွေ့ပြီလား မင်းအဘမြွေကြီးကို။ ကြွက်သိုက်ကိုကြည့်လိုက်တော့ လှုပ်ရမ်းနေတာ တွေ့ရကတည်းက ငါသိပ်ပြီး မသင်္ကာဘူးကွ။ ဒါကြောင့် အသာကြည့်နေတုန်း ကြွက်ပေါက်ကလေးနှစ်ကောင်ရယ်၊ အသိုက်ကအစအနတွေရယ် ပြုတ်ကျလာတော့မှ ငါစဉ်းစားမိတော့တာ အထဲမှာ ကြွက်နဲ့မြွေ တစ်ကောင်နဲ့တစ်ကောင် လုံးထွေးရုန်းကန်နေတာပဲဆိုတာရိပ်မိပြီး မင်းကို လှေနောက်ဆုတ်ခိုင်းတာ"

"တော်သေးတာပေါ့ အဖေရာ၊ အဖေတော်လို့သာပေါ့။ နို့မို့ဖြင့်" ဟု သာအောင် ကြောက်စိတ်မပြေသေး၍ တုန်ယင်သောအသံဖြင့် ပြော၏။

"တော်တာမဟုတ်ဘူးကွ အဲဒါအတွေ့အကြုံက စကားပြောတာ။ မင်းလိုပဲ ငါလဲ ငယ်ငယ်ကဘယ်သိပ့်ါမလဲ။ ငါ့အဖေနဲ့ ငယ်ငယ်က ကြွက်လိုက်ထိုးရင်းတွေ့ခဲ့ကြုံခဲ့ရတဲ့ ဗဟုသုတရယ်၊ ငါ့အဖေရဲ့ ပြောပြသွန်သင်ချက်တွေရယ်ပေါင်းပြီး ကြုံကြည့်တွေးကြည့်ရတာပေါ့။ ဒါကြောင့် ဘယ်အလုပ်ပဲလုပ်လုပ် လောဘမကြီးဖို့လိုတယ်ကွ။ တို့တံငါတွေကြားမှာ ပြောစကားတောင်ရှိသေးတယ်။ သူ့အသက်လိုချင်ရင် ကိုယ့်အသက်တစ်ဝက်ပေးရတယ်ဆိုတာလေ။ တကယ်လို့သာ အောက်တည့်တည့်ကနေ လောဘတကြီးထိုးမိရင် ချက်ကောင်းကိုထိရင်ထိ၊ မထိရင် ငါတို့အပေါ် အဲဒီမြွေကြီး ပြုတ်ကိုကျမှာ။ အစာဇောကပ်နေတဲ့မြွေက သာမန်အချိန်ထက် ပိုပြီးဒေါသကြီးတတ်တယ်၊ ခက်ထန်တတ်တယ်ကွ။ ဒါကြောင့် လှေကိုနောက်ဆုတ်ခိုင်းပြီး မြွေဟုတ်၊ မဟုတ် မင်းကိုပြချင်လို့ ပညာပေးချင်လို့သာ လေးခွနဲ့ပစ်ရတာ။ သူ့အစာ ဟန့်တားသလိုဖြစ်သွားရပြီ။ သူတို့လဲ တို့လိုပဲပေါ့ကွာ ရေပတ်လည်ဝိုင်းနေတော့ မြေပြင်မှာ နေစရာလဲမရှိ၊ အစာလဲရှာမရတော့ အပင်ပေါ်တက်ပြီး အစာရှာရတာပေါ့"

"တော်သေးတာပေါ့အဖေရာ၊ အဖေမပါဘဲ သားတို့လူငယ်တွေသာ ဆိုရင်တော့"ဆက်မပြောရဲတော့သည့်အလား ပခုံးကို တွန့်ပြသည်။

"အေး အဲဒါအတွေ့အကြုံကရတဲ့ ပညာပဲကွ။ သေသေချာချာ မှတ်ထားပေတော့။ မင်းလုပ်တာနဲ့ အိမ်အပြန် နောက်တောင်ကျနေပြီ။ အရေးထဲ ခံတွင်းကလဲချဉ်လိုက်တာ။ ငါဆေးလိပ်သောက်ရင်းလိုက်မယ် အိမ်ကိုမြန်မြန်ရောက်အောင် မင်းလှော်ပေတော့ဟေ့။ တော်တော်ကြာ၊ ကြွက်တွေအရေဆုတ်ရ၊ အဆီထုတ်ရ၊ တံညှပ်နဲ့ကင်ရနဲ့ မနက်စောစောဈေးကိုပို့ဖို့နောက်ကျရင်တော့ မင်းအမေနဲ့မင်းရှင်း။ ငါနဲ့မဆိုင်ဘူးနော်"

ပြောပြီး ဝါစိမ်းနီတံဆိပ် ဆေးပေါ့လိပ်ကိုကိုက်ပြီး ခနေ့ဖြူကြေးမီးခြစ်ကြီးကို ထုတ်၍ခြစ်ကာ မီးညှိနေတော့၏။

ပဲ့ပိုင်းမှသာအောင်သည် သူ့ကြောင့်နောက်ကျနေရ၍ အဆူခံရမည်ကိုစိုးရိမ်ပြီး ဝုန်းခနဲဝုန်းခနဲ ကျုံး၍ကျုံး၍တအားလှော်လေရာ သူတို့လှေကလေးသည် ကွမ်းသီးချောင်းကလေး၏ရေပြင်တွင် ရှပ်တိုက်ပြေးလွှားလျက် ရှိတော့၏။

လှေဦးပိုင်းတွင်ထိုင်လျက် ဆေးလိပ်ဖွာရင်းပြုံးနေသော သူ့အဖေ ဖိုးနီ၏မျက်နှာကို သာအောင်မမြင်နိုင်။ ဖိုးနီ ယခု သူ့သားကိုပြောနေသောစကားများသည် ယခင် သူ့ဖခင်က သူ့ကိုပြောခဲ့ဖူးသောစကားများပင်ဖြစ်နေသည်မဟုတ်လော။

## ပန်းတိုင်လမ်း

\- ဘဝတွက်တာ ပန်းတိုင်လမ်းထက်
ရည်မျှော်မှန်း လှမ်းတက်စဉ်၊
ခိုင်မာစွာ သန္နိဋ္ဌာန်စိတ်
ဦးထိပ်ပန်ဆင်၊
ယုံကြည်ချက်များ စွဲနစ်ဝင်
လမ်းကြောင်းထွင် အားယူလှမ်း၊
ဖွဲ့ပိုင်နိုင်
နွဲ့ပြိုင်ဆိုင် အားမာန်မြှင့်မှ
ပွဲဝင့်တင့်လျှမ်း။

\- အောင်ပွဲပိုင် အောင်ပန်းတင့်ဖို့
တက်ကုန်ဝင့် အားမာန်တည်၊
ခက်ခဲကြုံ နောက်မဆုတ်တမ်း
အားထုတ်ယုံကြည်၊
ထက်မြက်တဲ့ ရဲစွမ်းရည်
ရန်အလီလီ ရှင်းဖယ်သန့်၊
ဘဝမညီ
အလှမပီ နွမ်းအက်ယိုင်လည်း
လှမ်းတက်နိုင်အံ့။

\- ဘဝဟူသည် အခက်အခဲများ
အပျက်အလွဲကြား ဖြတ်ရင်းပင်၊
ရင့်ကျက်စွာ ကျော်လွှားရင်းက
အားတင်းပြင်ဆင်၊
အားသာ အားနည်း တွေးရှုမြင်
အန်တုကာပင် ရင်ဆိုင်နွှဲ၊
အဆိုးအမှောင့်တွေ
ထိုးနှောင့်ပစေ ရန်မြူသန်းလည်း
လှတံခွန် ပန်းတိုင်လမ်းရယ်က
အောင်လံထူ အားထုတ်စွမ်းသူတွက်
အောင်ပန်းဖြာ ထုံဝေလန်းလို့
(အစဉ်တမ်းသာလေ…)
လက်ကမ်းကြိုမြဲ။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

# ငဖဲမြို့နယ် သာယာကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ ဩဂုတ် ၁၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP)ရန်ပုံငွေများ ပဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက သာယာကုန်းကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇင်မာနွယ်က ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းဖြင့် သာယာကုန်းကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများလိုအပ်သည့်ငွေကြေးအရင်းအနှီးရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်းရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးက စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများလွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သာယာကုန်း ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၈ ဦးကို ရန်ပုံငွေကျပ် ၃၇၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဇင်မာ**

# ဂျပန်- တရုတ် စီးပွားရေးဆိုင်ရာဆက်ဆံရေးအလားအလာ

ဂျပန်အစိုးရအဖွဲ့ရုံး၏ ယခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့ထုတ်ပြန်သော ကိန်းဂဏန်းအချက်အလက်များအရ ဂျပန်နိုင်ငံ၏ GDP သည် ၂၀၂၃ ခုနှစ် နောက်ဆုံးသုံးလပတ်တွင် သုညဒသမ ၄ ရာခိုင်နှုန်းကျုံ့ခဲ့သဖြင့် ကမ္ဘာ့တတိယအကြီးမားဆုံး စီးပွားရေးအင်အားကြီးနိုင်ငံနေရာကို ဂျာမနီနိုင်ငံသို့ လွှဲပြောင်းပေးရမည့် အခြေအနေနီးကပ်လာလျက်ရှိသည်။

တရုတ်နိုင်ငံရှိ ဂျပန်ကုန်သည်ကြီးများနှင့်စက်မှုလက်မှုလုပ်ငန်းအသင်းချုပ် (JCCI) ၏အဆိုအရ တရုတ်နိုင်ငံတွင် လုပ်ငန်းလည်ပတ်လုပ်ကိုင်နေသောဂျပန်ကုမ္ပဏီများသည် ၂၀၂၃ ခုနှစ်တွင် စီးပွားရေးလုပ်ငန်းများ ပုံမှန်တိုးတက်မှုရှိခဲ့ကြောင်း၊ လွန်ခဲ့သော နှစ်အတွင်း ဂျပန်ကုမ္ပဏီ ၅၀ ရာခိုင်နှုန်းကျော်သည် တရုတ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်မှု သို့မဟုတ် မူလအခြေအနေအတိုင်း ထိန်းသိမ်းထားခြင်းတို့လုပ်ဆောင်ခဲ့ကြောင်း၊ ကုမ္ပဏီ ၈၈ ရာခိုင်နှုန်းသည်တရုတ်နိုင်ငံကို ကမ္ဘာလုံးဆိုင်ရာအရေးပါသောဈေးကွက်များအနက်မှတစ်ခုအဖြစ် ရှုမြင်ထားရှိကြောင်း၊ ဂျပန်ကုမ္ပဏီများသည် ဂျပန်နိုင်ငံသားများအတွက် ဗီဇာကင်းလွတ်ခွင့်မူဝါဒပြန်လည်ကျင့်သုံးသွားစေလိုသည့်ဆန္ဒရှိနေကြောင်း ဖော်ပြထားသည်။

တရုတ်နိုင်ငံရှိ JCCI ဥက္ကဋ္ဌတက်စုရိုဟိုမာက တရုတ်နိုင်ငံ၏ပြုပြင်ပြောင်းလဲမှုနှင့် တံခါးဖွင့်ဝါဒ စတင်ခဲ့သည့် ၁၉၇၈ ခုနှစ်မှစ၍ တရုတ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်နေသော ဂျပန်ကုမ္ပဏီများ ပိုမိုတိုးတက်မှုရှိလာကြောင်း၊ တရုတ်နိုင်ငံသည် ကြီးမားသည့် စီးပွားရေးလုပ်ငန်းကြီးပိုင်ဆိုင်ထားပြီး ဂျပန်နိုင်ငံထက် GDP လေးဆကျော်ရှိကြောင်း၊ တရုတ်နိုင်ငံ၏စီးပွားရေးတိုးတက်မှုတွင် ပါဝင်ဆောင်ရွက်ရေးအတွက် ဂျပန်ကုမ္ပဏီများကြိုတင်မျှော်မှန်းဆောင်ရွက်မှုများ လုပ်ဆောင်လာလျက်ရှိကြောင်း ပြောကြားသွားခဲ့သည်။

**ကျေနပ်အားရမှုရှိခြင်း**


JCCI သည် တရုတ်နိုင်ငံတွင် စီးပွားရေးလုပ်ကိုင်နေသောဂျပန်ကုမ္ပဏီ ၈၀၀၀ ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ ၁၃ ရက်အတွင်းပြုလုပ်သည့် စစ်တမ်းကောက်ယူမှုတွင် ပါဝင်ဆောင်ရွက်ရန်ဖိတ်ကြားခဲ့ပြီး တုံ့ပြန်ဖြေကြားမှု ၁၇၁၃ ခုရရှိခဲ့သည်။ ၎င်းစစ်တမ်းသည် အီလက်ထရွန်နစ်စက်ပစ္စည်းမှသည် ဓာတုပစ္စည်းများ၊ စားနပ်ရိက္ခာနှင့် ဆေးဝါးထိစက်မှုလုပ်ငန်းများစွာလွှမ်းခြုံပါဝင်သည်။

ဂျပန်ကုမ္ပဏီ ၃၈ ရာခိုင်နှုန်းခန့်သည် လွန်ခဲ့သောနှစ်အတွင်းတရုတ်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုကိုပုံမှန်အတိုင်း ဆက်လက်ထိန်းသိမ်းထားရှိသည်။ ကုမ္ပဏီ ၁၅ ရာခိုင်နှုန်းခန့်သည် ရင်းနှီးမြှုပ်နှံမှုသိသိသာသာမြင့်တက်လာခဲ့သည်။ ထိုသို့ရင်းနှီးမြှုပ်နှံမှုများ မြင့်တက်လာခြင်း၏ နောက်ကွယ်မှအကြောင်းတရားများတွင် ကိုဗစ်-၁၉ အလွန် စီးပွားရေးလုပ်ငန်းများချဲ့ထွင်လာခြင်း၊ မော်တော်ကားလုပ်ငန်းတွင် လျှပ်စစ်လုပ်ငန်းနှင့် သတင်းအချက်အလက်စီးဆင်းမှုလိုက်လျောညီထွေရှိလာခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် အလိုအလျောက်လုပ်ငန်းလည်ပတ်မှုတို့ကြောင့်ပင်ဖြစ်သည်။

ကုမ္ပဏီ ၄၅ ရာခိုင်နှုန်းခန့်က တရုတ်နိုင်ငံတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရသည့်အပေါ် ကျေနပ်အားရမှုရှိကြောင်း တုံ့ပြန်ခဲ့ကြပြီး ယခင်နှစ်အောက်တိုဘာလကလုပ်ဆောင်ခဲ့သည့် စစ်တမ်းထက် ၃ ရာခိုင်နှုန်းတိုးတက်လာခဲ့သည်။ နောက်ဆုံးပြုလုပ်ခဲ့သည့်စစ်တမ်းအရ တရုတ်နိုင်ငံရှိဂျပန်ကုမ္ပဏီများသည် တိုးတက်မှုဖော်ဆောင်လျက်ရှိသည်။

ကုမ္ပဏီ ၅၁ ရာခိုင်နှုန်းသည် တရုတ်နိုင်ငံကို ၎င်းတို့၏အရေးပါဆုံးသောဈေးကွက်အဖြစ် သဘောထားလျက်ရှိသည်။

JCCI က ၎င်းစစ်တမ်းကိုတရုတ်၊ အမေရိကန်၊ ဂျပန်ခေါင်းဆောင်များ အစည်းအဝေးပြုလုပ်သည့် အချိန်နှင့်တစ်ပြိုင်တည်းလုပ်ဆောင်ခဲ့သဖြင့် တုံ့ပြန်မှုမြင့်တက်ခဲ့သည်ဟုဆိုသည်။ ၂၀၂၃ ခုနှစ် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (APEC) ခေါင်းဆောင်များ၏အစည်းအဝေး၌ တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဂျပန်ဝန်ကြီးချုပ်ဖူမီယိုကီရှိဒါနှင့် နိုဝင်ဘာ ၁၇ ရက် တွင်ဆန်ဖရန်စစ္စကို၌ တွေ့ဆုံဆွေးနွေးခဲ့သည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် ခေတ်သစ်ကာလတွင် အပြုသဘောဆောင်ပြီး တည်ငြိမ်မှုရှိသော တရုတ်-ဂျပန်ဆက်ဆံရေး တည်ဆောက်သွားရန် ထပ်လောင်းကတိကဝတ်ပြုခဲ့ကြသည်။



**တရုတ်နှစ်တွင်ရင်းနှီးမြှုပ်နှံခြင်း**

တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနသည် တရုတ်နှစ်တွင်ရင်းနှီးမြှုပ်နှံခြင်း "Invest in China Year" ခေါင်းစဉ်အောက်တွင် ၂၀၂၃ ခုနှစ်အတွင်း စီးပွားရေးလုပ်ငန်းနှင့်ရင်းနှီးမြှုပ်နှံမှု အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။ ဝန်ကြီးဌာနသည် ကမ္ဘာတစ်ဝန်းမှအလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများကို ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် တရုတ်နိုင်ငံဒေသများ၏ ယှဉ်ပြိုင်စွမ်းအားတို့ကိုပြသရန်၊ တရုတ်နိုင်ငံ၏ မတူကွဲပြားမှုနှင့် အားလုံးအကျုံးဝင်မှုတို့ကို ဖွံ့ဖြိုးမှုများနှင့်ပွင့်လင်းမြင်သာမှုများကိုပြသရန်နှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများနှင့် ခိုင်မာအားကောင်းသည့် ပူးပေါင်းဆောင်ရွက်မှု လုပ်ဆောင်နိုင်သည့် ပလက်ဖောင်းတစ်ရပ် တည်ဆောက်ရန် ရည်မှန်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တရုတ်အစိုးရက စည်းရုံးဆောင်ရွက်သည့် မတူကွဲပြားသောအခမ်းအနားများတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့်လည်ပတ်သော ကုမ္ပဏီများအနေဖြင့် အဆင်ပြေချောမွေ့စွာဆွေးနွေးနိုင်ရေးသည် လွန်စွာအရေးပါလျက်ရှိကြောင်း၊ Invest in China Year လှုပ်ရှားမှုများတွင် တရားဝင်ဆွေးနွေးပွဲများ အပြင်နိုင်ငံပေါင်းစုံမှ အစိုးရကိုယ်စားလှယ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များပါဝင်သော ဆွေးနွေးပွဲများလည်းပါဝင်ကြောင်း၊ ဒေသဆိုင်ရာအစိုးရများသည် နယ်ပယ်အားလုံးမှ အမြင်များကို အလေးထားစဉ်းစားလျက်ရှိကြောင်း JCCI ဥက္ကဋ္ဌတက်စုရိုဟိုမာက ပြောကြားသွားခဲ့သည်။

JCCI ဥက္ကဋ္ဌတက်စုရိုဟိုမာက ပြည်ပရင်းနှီးမြှုပ်နှံသူများကိုတိုက်တွန်းထားသည့် တရုတ်နိုင်ငံတော်ကောင်စီ၏လမ်းညွှန်ချက် ၂၄ ရပ်၏ အရေးပါမှုကိုလည်းအလေးထားပြောကြားခဲ့ပြီး အာဏာပိုင်များအနေဖြင့် ကုမ္ပဏီများထံမှတုံ့ပြန်ချက်များကို စိတ်အားထက်သန်စွာ နားထောင်လျက်ရှိပြီး ပြန်လည်တုံ့ပြန်ဖြေရှင်းပေးမှုများသည် များစွာအထင်ကြီးလေးစားဖွယ်ကောင်းကြောင်း ပြောကြားသွားခဲ့သည်။

JCCI သည် ဂျပန်ကုမ္ပဏီ ၂၀၀၀ မှ ကိုယ်စားလှယ်များကို တရုတ်နိုင်ငံသို့သွားရောက်ရန်စီစဉ်ခဲ့ပြီး ဝန်ကြီးချုပ်လီကျင်းသည် ဇန်နဝါရီ ၂၅ ရက်တွင် ပေကျင်းမြို့၌ ဂျပန်စီးပွားရေးလုပ်ငန်းကိုယ်စားလှယ်များကိုလက်ခံတွေ့ဆုံခဲ့သည်။ ဝန်ကြီးချုပ် လီကျင်းသည် တရုတ်နှင့်ဂျပန် စီးပွားရေးလုပ်ငန်းများကြား အပြန်အလှန်ချိတ်ဆက်မှု၏အရေးပါမှုကို အလေးထားပြောကြားခဲ့ပြီး စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံဆက်ဆံရေး၏အခြေခံအုတ်မြစ်များဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအလားအလာများ တံခါးဖွင့်သွားရန်ဆန္ဒရှိနေကြောင်း၊ အပြန်အလှန်အကျိုးဖြစ်ထွန်းမှုအတွက် အခွင့်အလမ်းများတိုးချဲ့သွားလိုသည့်ဆန္ဒရှိနေကြောင်း၊ နည်းပညာပိုင်းဆိုင်ရာဆန်းသစ်တီထွင်ခြင်း၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သက်ကြီးရွယ်အိုစောင့်ရှောက်မှုတို့တွင် ပူးပေါင်းဆောင်ရွက်ရာ၌ အလေးထားလုပ်ဆောင်သွားရန်လိုအပ်ကြောင်းနှင့် စက်မှုလုပ်ငန်းများ တည်ငြိမ်တိုးတက်မှုရှိစေရေး ပူးတွဲကြိုးပမ်းသွားရန်လိုအပ်ချက်များကို အလေးထားပြောကြားသွားခဲ့သည်။

**ဗီဇာကင်းလွတ်ခရီးသွားလာခွင့်**

ဂျပန်နိုင်ငံသားများကို တရုတ်နိုင်ငံအတွင်းသို့ ဗီဇာကင်းလွတ်ခွင့်ဖြင့် ဝင်ရောက်ခွင့်ပြုသည့်မူဝါဒ ပြန်လည်ကျင့်သုံးသွားမည်ဆိုလျှင် တရုတ်နိုင်ငံအတွင်းသို့ ဝင်၊ ထွက်သွားလာနေသော ဂျပန်နိုင်ငံသားများအတွက် ပိုမိုအဆင်ပြေချောမွေ့စေမည်ဖြစ်ပြီး ထိုမှတစ်ဆင့် စီးပွားရေးလုပ်ငန်းတိုးချဲ့ရန်အခွင့်အလမ်းတစ်ရပ်ရရှိလာမည်ဖြစ်ကြောင်း JCCI စစ်တမ်း၌ဖော်ပြထားသည်။

၂၀၀၃ ခုနှစ်တွင် တရုတ်နိုင်ငံသည် ဂျပန်ခရီးသွားများကို ဗီဇာကင်းလွတ်ခွင့်ဖြင့် ၁၅ ရက် ဝင်ရောက်ခွင့်ပြုခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ၂၀၂၀ ပြည့်နှစ် မေလတွင် ၎င်းမူဝါဒကိုပြန်လည်ဆိုင်းငံ့ခဲ့သည်။ တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် တိုင်းပြည်အတွင်းဝင်ရောက်ခွင့် ကန့်သတ်ချက်တချို့ကို ပြန်လည်ဖြေလျှော့ခဲ့သည်။ အချို့သောနိုင်ငံများကို ဗီဇာကင်းလွတ်ခွင့်ပြုခဲ့ပြီး နိုင်ငံတကာငွေကြေးမူဝါဒများကိုပြန်လည်းသုံးသပ်၍ ရင်းနှီးမြှုပ်နှံမှုများစီးဝင်လာစေရန် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပုံမှန်ပြုလုပ်သောသတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ဂျပန်ကုမ္ပဏီများစွာသည် ဗီဇာကင်းလွတ်ခွင့်မူဝါဒ ပြန်လည်ကျင့်သုံးရန် စိတ်အားထက်သန်လျက်ရှိကြောင်း၊ ဂျပန်နိုင်ငံသားများကို တရုတ်နိုင်ငံသို့ဗီဇာကင်းလွတ်ခွင့်ဖြင့် ပြန်လည်ဝင်ရောက်ခွင့် မူဝါဒပြန်လည်ကျင့်သုံးသွားနိုင်မှုအလားအလာနှင့်စပ်လျဉ်း၍ Nikkei ဘဏ္ဍာရေးသတင်းစာ၏မေးမြန်းချက်အပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူဝမ်ဝင်ဘင်းက တရုတ်နိုင်ငံအနေဖြင့် ဂျပန်နိုင်ငံသားများအပါအဝင် ပြည်ပနိုင်ငံများမှနိုင်ငံသားများ အလွယ်တကူဝင်ရောက်ခွင့်အတွက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ ဂျပန်နိုင်ငံရှိကဏ္ဍအားလုံးမှ တရုတ်နိုင်ငံသို့ ဗီဇာကင်းလွတ်ခွင့်ဖြင့်ဝင်ရောက်ခွင့်ရရှိရန် ပန်ကြားထားမှုများကို အလေးထားစဉ်းစားသုံးသပ် လုပ်ဆောင်လျက်ရှိကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော်ခရီးသွားလုပ်ငန်းလုပ်ဆောင်ခြင်းအားဖြင့် နှစ်နိုင်ငံကြား ပိုမိုအဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

၂၀၂၃ ခုနှစ်သည် တရုတ်နှင့်ဂျပန်တို့ကြား ချစ်ကြည်ရင်းနှီးမှုစာချုပ်လက်မှတ်ရေးထိုးသည့် ၄၅ နှစ်မြောက်နှစ်ပတ်လည်နေ့ဖြစ်ကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များသည် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပြီးပြည့်စုံသောမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးထူထောင်ရန် ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် ထပ်လောင်းအတည်ပြုခဲ့ကြောင်း၊ တရုတ်နှင့်ဂျပန်ကြား ပထဝီနောက်ခံနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာတို့တွင် နီးကပ်မှုများရှိကြောင်း၊ ခရီးသွားလာမှုအဆင်ပြေချောမွေ့ခြင်းသည် နှစ်နိုင်ငံကြား ပြဿနာဖြေရှင်းရေးအတွက် အကောင်းဆုံးအဖြေတစ်ရပ်ပင်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းအတွက် ကျူရှူးမှတိုကျိုသို့ခရီးသွားလာခြင်းသည် ကျူရှူးမှရှန်ဟိုင်းသို့သွားသည်ထက် ခရီးပိုမိုတွင်ကျယ်စေမည်ဖြစ်ကြောင်း၊ ထိုသို့အဆင်ပြေချောမွေ့ခြင်းသည် ပြဿနာများကို အလျင်အမြန်ဖြေရှင်းနိုင်ပြီး ဌာနချုပ်များကြား စီးပွားရေးလုပ်ငန်းများအတွက် အဆင်ပြေချောမွေ့စွာ ချိတ်ဆက်ဆောင်ရွက်နိုင်စေမည်ဖြစ်ကြောင်း JCCI ဥက္ကဋ္ဌတက်စုရိုဟိုမာကပြောကြားသွားခဲ့သည်။

ဆိုရလျှင် ဂျပန်ကုမ္ပဏီများစွာသည် တရုတ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်လျက်ရှိရာ နှစ်နိုင်ငံကြား စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုသည် ပုံမှန်တိုးတက်လျက်ရှိသည်။ အထူးသဖြင့် ဂျပန်စီးပွားရေးလုပ်ငန်း ၈၀ ရာခိုင်နှုန်းခန့်သည် တရုတ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများတိုးတက်လုပ်ဆောင်လျက်ရှိသဖြင့် နှစ်နိုင်ငံအကြားစီးပွားရေးဆိုင်ရာဆက်ဆံရေးသည် ပိုမိုခိုင်မာအားကောင်းလာဖွယ်ရာရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

– **Bolstering Confidence by Beijing Review.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စက်မှု လယ်ယာစနစ် စပါး ၁၀၆၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပုသိမ် ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စက်မှုလယ်ယာစနစ် စပါးစိုက်ခင်း ၁၀၆၃ ကေ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက် ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ စက်မှုလယ်ယာစနစ် စပါးဧက ၁၃၉၀ ကို ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စက်မှုလယ်ယာစနစ်ဖြင့် စပါး ၁၀၆၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးစီးပြီဖြစ်သော စက်မှုလယ်ယာစနစ် စပါး ၁၀၆၃ ဧကမှာ သာပေါင်းမြို့နယ်ဧက ၂၀၀၊ ငပုတောမြို့နယ်တွင် ၆၅ ဧက၊ ကန်ကြီးထောင့်မြို့နယ်တွင် ၄၅၅ ဧက ဖြစ်ကြောင်း သိရသည်။

"ပုသိမ်ခရိုင်အတွင်း ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စက်မှုလယ်ယာစနစ် စပါးစိုက်ခင်းဧက ၁၃၉၀ ထိ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဒီနေ့ထိ စက်မှုလယ်ယာစနစ် စပါး ၁၀၆၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ကွက်တွေ စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးသွင်းအားစုတွေနဲ့နည်းပညာတွေကို ပံ့ပိုးဆောင်ရွက်ပေးထားပါတယ်။ စိုက်နည်းစနစ်မှန်ကန်ဖို့ အရည်အသွေးကောင်းစပါးတွေ ထုတ်လုပ်နိုင်ဖို့ နည်းပညာတွေကို ပို့ချဆောင်ရွက်ပေးနေပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်ခရိုင်တွင် စက်မှုလယ်ယာစနစ်စပါးဧက ၁၃၉၀ စိုက်ပျိုးရာတွင် သာပေါင်းမြို့နယ်တွင် ဧက ၃၀၀၊ ငပုတောမြို့နယ်တွင် ၉၁ ဧက၊ ကန်ကြီးထောင့်မြို့နယ်တွင် ၄၈၉ ဧက ဖြစ်ကြောင်း၊ အဆိုပါစပါးများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုနှင့် စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက် စိုက်ပျိုးနေကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# ညောင်ရွှေမြို့နယ် ကျေးရွာနှစ်ရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ရွှေ ဩဂုတ် ၁၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ညောင်ရွှေမြို့နယ် ကျေးရွာနှစ်ရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက အင်းပေါခုံ(တောင်)ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများကို ပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်မူက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် တာဝန်ရှိသူများက အင်းပေါခုံ(အရှေ့)ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၉ ဒသမ ၉ သန်းနှင့် အင်းပေါခုံ(တောင်)ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၁၉ ဒသမ ၈ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အင်းပေါခုံ(အရှေ့) ကျေးရွာတွင် အခြားလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ် ၉ ဒသမ ၉ သန်းနှင့် အင်းပေါခုံ(တောင်)ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူလေးဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁၉ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ယူဂန်ဒါနိုင်ငံတွင် မြေပြိုကျမှုကြောင့် လူ ၂၆ ဦးထက်မနည်းသေဆုံး



**ကမ်ပါလာ ဩဂုတ် ၁၅**

ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့ အနီးတွင် မြေပြိုကျမှုကြောင့် လူ ၂၆ ဦးထက်မနည်း သေဆုံးပြီး ၃၉ ဦး ပျောက်ဆုံးနေကြောင်း ယူဂန်ဒါနိုင်ငံ အာဏာပိုင်အဖွဲ့ အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မြေပြိုကျမှုသည် ကမ်ပါလာ မြို့အစွန်ရှိ အမှိုက်ပုံအနီးတွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ကယ်ဆယ်ရေးဝန်ထမ်းအမြောက်အမြားဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း ယူဂန်ဒါ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"ကမ်ပါလာမြို့ အစွန်မှာရှိတဲ့ ရောမအမှိုက်ပုံအနီးမှာ မြေပြိုကျမှု ဖြစ်ပေါ်ခဲ့ပြီးတော့ လူ ၂၆ ယောက် ထက်မနည်း သေဆုံးမှုဖြစ်ပေါ်ခဲ့ပြီး ပျောက်ဆုံးနေသူ ၃၉ ယောက် ထက်မနည်းရှိနေပါတယ်။ သေဆုံးသူတွေရဲ့ ရုပ်အလောင်းတွေကိုတော့ လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ပြီးတော့ပျောက်ဆုံးနေသူတွေကိုလဲ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ယူဂန်ဒါရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ အမှိုက်ပုံအနီးဖြစ်ပေါ်ခဲ့သော မြေပြိုကျမှုသည် ပြီးခဲ့သည့် ရက်သတ္တပတ်ကတည်းက ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ဒေသခံများ အိပ်ပျော်နေချိန် မြေပြိုကျမှု ဖြစ် ပေါ်ခဲ့ခြင်းဖြစ်သည့်အတွက်ကြောင့် သေဆုံးသူမြင့်မားခဲ့ခြင်းဖြစ်ကြောင်း၊ ကယ်ဆယ်ရေးဝန်ထမ်းများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနေကြောင်း ယူဂန်ဒါအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

Ref : Xinhua News

Trs : Sai Sat

# ကနေဒါနိုင်ငံ မန်နီတိုဘာပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းနေရ

**အော့တဝါ ဩဂုတ် ၁၅**

ကနေဒါနိုင်ငံ မန်နီတိုဘာ ပြည်နယ် မြောက်ဘက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းနေရကြောင်း မန်နီတိုဘာ ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုသည် ဌာနေတိုင်းရင်းသားများ နေထိုင်သော Bunibonibee Cree Nation ဧရိယာအနီးတွင် ဖြစ်ပေါ်နေခြင်း ဖြစ်ပြီး တောမီးလောင်ကျွမ်းမှုသည် အန္တရာယ်ရှိသည့် အဆင့်သို့ ရောက်ရှိနေခြင်းကြောင့် ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် အာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရာတွင်လည်း Canadian Red Cross အသင်းမှ ဝန်ထမ်းများက ကူညီပေးလျက်ရှိကြောင်း သိရသည်။

"တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေတဲ့ ဧရိယာအနီးမှာနေထိုင်တဲ့ ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းနေရပါတယ်။ တောမီးအခြေအနေပိုဆိုးလာနိုင်တဲ့အတွက် ဘေးလွတ်ရာ ထပ်မံရွှေ့ပြောင်းရဖွယ် ရှိနေတဲ့ ဒေသခံ ထောင်နဲ့ချီပြီး ရှိနေပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူအများစုဟာ ဌာနေတိုင်းရင်းသားတွေ ဖြစ်ပြီးတော့ သတိပေးချက် လက်ခံရရှိထားတဲ့ ဧရိယာမှာနေထိုင်တဲ့ ဒေသခံတွေ အမြန်ဆုံးဘေးလွတ်ရာရွှေ့ပြောင်းဖို့အတွက် သတိပေးချက်တွေ အဆက်မပြတ် ထုတ်ပြန်ပေးနေပါတယ်"ဟု Canadian Red Cross မှ ပြောရေးဆိုခွင့်ရှိသူ ဂျက်ဆင် စမောလ်က ပြောကြားခဲ့သည်။

မန်နီတိုဘာပြည်နယ် မီးသတ်တပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဧက ၅၇၀၀ ကျော်ထိ ရှိနေပြီဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ဂျာမနီနိုင်ငံနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်နေ

**ဘာလင် ဩဂုတ် ၁၅**

ဂျာမနီနိုင်ငံနှင့် ဘယ်လ်ဂျီယံ နိုင်ငံတို့တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်နေကြောင်း သက်ဆိုင်ရာအစိုးရများက ထုတ်ပြန်ခဲ့သည်ဟု ဩဂုတ် ၁၄ ရက် သတင်းများအရ သိရသည်။

ဂျာမနီနိုင်ငံနှင့် ဘယ်လ်ဂျီယံ နိုင်ငံတို့တွင် ပြီးခဲ့သည့် သီတင်းပတ်မှစ၍ အပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်ခဲ့ပြီး ဂျာမနီနိုင်ငံ ရိုင်းလန်း-ပလာတီနိတ်ပြည်နယ်တွင် အပူချိန် ၃၆ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ကြောင်း၊ အဆိုပါ အခြေအနေများကြောင့် ရာသီဥတုအခြေအနေပြင်းထန်မှုများဖြစ်ပေါ်ကာ မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ပြီး မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးရေလျှံမှုများကို ဖြစ်ပေါ်စေလျက်ရှိကြောင်း အစိုးရအာဏာပိုင်များက အသီးသီး ထုတ်ပြန်ခဲ့သည်။

ဂျာမနီနိုင်ငံ၏ ရိုင်း-ဝက်စ်ဖေးလီးယားပြည်နယ်၊ လိုးဝါးဆက်ဆနီပြည်နယ်၊ ဘာဗာရီယာပြည်နယ်နှင့် ဘေဒန်-ဝါတန်ဘတ်ပြည်နယ်တို့တွင် အပူချိန်မြင့်တက်မှုများ ဆက်တိုက်ဖြစ်ပေါ်လျက်ရှိပြီး မုန်တိုင်း အဓိကတိုက်ခတ်လျက်ရှိသော နော့သ်ရိုင်း-ဝက်စ်ဖေးလီးယားပြည်နယ်ရှိမြစ်များတွင် ရေကြီးမှုများဖြစ်ပေါ်ပြီး ကားလမ်းများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

အလားတူ အိမ်နီးချင်း ဘယ်လ်ဂျီယံ နိုင်ငံတွင်လည်း ပြင်းထန်သော ရာသီဥတုအခြေအနေများ ဖြစ်ပေါ်လျက်ရှိကာ လင်းဘာ့ဂ်နှင့် လိဂျ်ဒေသတို့တွင် ရာသီဥတုဆိုင်ရာ ပယင်းရောင်သတိပေးချက်ကို ထုတ်ပြန်ထားရပြီး အခြားပြည်နယ်များတွင်လည်း အဝါရောင်သတိပေးချက် ထုတ်ပြန်ထားရကြောင်း သိရသည်။



ရေကြီးရေလျှံမှုများကြောင့် မြို့တော်ဘရပ်ဆဲလ်နှင့် အန့်ဝပ်မြို့တို့တွင် လမ်းများပိတ်ထားရပြီး အဆိုပါမြို့များတွင် ယခုသီတင်းပတ်အတွင်း မိုးရွာသွန်းမှုသည် တစ်နာရီအတွင်း ၃၉ မီလီမီတာထိရွာသွန်းခဲ့ကြောင်း ဘယ်လ်ဂျီယံနိုင်ငံ တော်ဝင်မိုးလေဝသဌာနက သတင်းထုတ်ပြန်ထားသည်။

Ref : Xinhua News

Trs : AZH

# ကမ္ဘောဒီးယားနိုင်ငံတွင် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး ကမ်ပိန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိ

**ဖနွမ်းပင် ဩဂုတ် ၁၅**

ကမ္ဘောဒီးယားနိုင်ငံတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မဟာဗျူဟာ ၂၀၂၃-၂၀၂၈ စီမံကိန်းကို ချမှတ်၍ ကမ်ပိန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေးအတွက် လာမည့် ၂၀၂၅ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ လမ်းမများပေါ်၌ ပလတ်စတစ်အိတ်များကိုဖယ်ရှားရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး Eang Sopalleth က ကတိပြုပြောကြားခဲ့သည်။

အဆိုပါကမ်ပိန်းတွင် နိုင်ငံတစ်ဝန်းရှိ ကျောင်းသား၊ ကျောင်းသူများ၊ နယ်ပယ်အသီးသီးမှအလုပ်သမားများပါဝင်ရန် တိုက်တွန်းထားပြီး ယခုအချိန်ထိ လူပေါင်း ၉ ဒသမ ၂ သန်းက ပလတ်စတစ် အသုံးမပြုရန်ကတိပြုထားကြောင်း၊ ပြည်သူများအနေဖြင့် ပလတ်စတစ်အိတ် အသုံးမပြုကြရန်လည်းလိုကြောင်း ဝန်ကြီး Eang Sopalleth က ပြောကြားခဲ့သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ရေးအတွက် လမ်းများ၊ ရပ်ကွက်များ၊ စက်ရုံများ၊ စာသင်ကျောင်းများနှင့် ဘုရားကျောင်းများ အပါအဝင် အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများတွင် သန့်ရှင်းရေးနှင့် ပလတ်စတစ်အမှိုက်များစုဆောင်းခြင်းကို အဓိကထားလုပ်ဆောင်လျက်ရှိပြီး နိုင်ငံတစ်ဝန်းရှိ ဒေသဆိုင်ရာအာဏာပိုင်များ၊ ဒေသခံများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ ထောက်ခံမှုကို အခိုင်အမာရရှိထားကြောင်း ဝန်ကြီး Eang Sopalleth က ပြောကြားခဲ့သည်။

ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ရေးအတွက် အဆင့်ဆင့်သော ကမ်ပိန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး သန့်ရှင်းသော ကမ္ဘောဒီးယားနိုင်ငံအဖြစ် ဦးတည် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ဝန်ကြီး Eang Sopalleth က ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : AZH

# ပွာတိုရီကိုနိုင်ငံတွင် အန်နက်စတို မုန်တိုင်းတိုက်ခတ်မှုကြောင့် လူဦးရေထက်ဝက်ခန့်ထိ လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရ

**ဝါရှင်တန် ဩဂုတ် ၁၅**

အန်နက်စတိုဟု အမည်ပေးထားသောမုန်တိုင်းသည် ပွာတိုရီကိုနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် လျှပ်စစ်ဓာတ်တိုင် အမြောက်အမြား လဲကျပျက်စီးမှုကြောင့် နိုင်ငံလူဦးရေ၏ ထက်ဝက်ခန့်သည် လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရကြောင်း အန်နက်စတိုနိုင်ငံအာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

အန်နက်စတိုမုန်တိုင်းနှင့် ပတ်သက်ပြီး အမေရိကန်အမျိုးသားဟာရီကိန်းစင်တာက ကြိုတင် သတိပေးချက် ထုတ်ပြန်ထားပြီး ဖြစ်သကဲ့သို့ ကြိုတင်ခန့်မှန်းချက်အတိုင်းပင် ပွာတိုရီကိုနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ချိန်တွင် အန်နက်စတိုမုန်တိုင်းသည် ဟာရီကိန်းမုန်တိုင်းအသွင်ဖြင့် တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။

"မုန်တိုင်းကြောင့် လျှပ်စစ်မီးပြတ်တောက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ လျှပ်စစ်မီး အမြန်ဆုံးပြန်လည်ရရှိဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဝန်ထမ်းအယောက် ၁၅၀၀ ထိ စေလွှတ်ပြီးတော့ ပြုပြင်မွမ်းမံမှုတွေဆောင်ရွက်ပေးနေပါတယ်"ဟု LUMA Energy ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

မုန်တိုင်းအားကောင်းခဲ့သကဲ့သို့ မိုးရွာသွန်းမှုနှုန်းသည်လည်း မြင့်မားနေခြင်းကြောင့် လမ်းမကြီးတချို့ ရေမြုပ်နေသဖြင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းရန် အခက်အခဲရှိနေကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက်လည်း ကယ်ဆယ်ရေးဝန်ထမ်းများကို စေလွှတ်ပေးထားပြီး ရေမြုပ်နေသည့်လမ်းမကြီးများတွင်နေထိုင်သော ဒေသခံများကို အသက်ကယ်လှေများဖြင့် ဘေးလွတ်ရာ ရွှေ့ပြောင်းပေးလျက်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# စနေနေ့ညမှာကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲ အဖွင့်ပွဲမှာ ကစားသမားစုဖွဲ့မှုကောင်းတဲ့ ဝက်စ်ဟမ်းအသင်း၊ မာဆေးအသင်း၊ အင်တာမီလန်အသင်းတို့ကို ရွေးချယ်ရမှာပါ

M L




အခုတစ်ပတ်မှာတော့ ဥရောပအမှတ်ပေးပြိုင်ပွဲ အဖွင့်ပွဲစဉ်တွေ ကစားမှာဖြစ်တာကြောင့် ကလပ်အသင်းပြိုင်ပွဲတွေကို ကြည့်ရှုရတော့မှာ ဖြစ်ပါတယ်။ ဒီတစ်ပတ်မှာ ပရီးမီးယားလိဂ်၊ လာလီဂါ၊ စီးရီးအေနဲ့ လီဂူးဝမ်းတို့သာ ယှဉ်ပြိုင်မှာဖြစ်ပြီး ဘွန်ဒက်လီဂါကတော့ လာမဲ့ ရက်သတ္တပတ်မှသာ စတင်ကစားမှာ ဖြစ်ပါတယ်။ အသင်းအများစုကို တော့ ရာသီမစခင် ကစားသမားဖြည့်တင်းမှုနဲ့ ခြေစမ်းပွဲတွေမှာ ခြေစွမ်း ပြသနိုင်မှု၊ ရာသီအစ အစဉ်အလာကောင်းမွန်မှုတို့ပေါ် မူတည်ပြီး ချဉ်းကပ်သွားရမှာပါ။ ဒါကြောင့် စနေနေ့ညမှာကစားမဲ့ အသင်းတွေထဲက ကစားသမားစုဖွဲ့မှုကောင်းတဲ့ အသင်းတွေကိုသာ ဦးစားပေးရွေးချယ်ရမှာ ဖြစ်ပါတယ်။

**ဝက်စ်ဟမ်းအသင်းကို အားပေးရမှာပါ**

ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဝက်စ်ဟမ်းအသင်းနဲ့ အေဗီလာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းဟာ နည်းပြသစ် လိုပက်တီဂူကို ခန့်အပ်ပြီးနောက် ခံစစ်မှာ ဂွီဒိုရိုဒရီဂွက်ဇ်၊ တော့ဒီဘို၊ ဝမ်ဘစ်ဆာကာ၊ကေးလ်မန်း၊ ကွင်းလယ်မှာ ဂီဟာမီ၊ တိုက်စစ်မှာ ဖူးလ်ခရက်စ်နဲ့ ဆမ်မာဗီလီတို့လို ခြေစွမ်းပြ ကစားသမားတွေ ဖြည့်တင်းခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် အသင်းရဲ့ လူစာရင်းဟာ ပရီးမီးယားလိဂ်အသင်းကြီးတွေကိုတောင် အနိုင်ယူနိုင် စွမ်းရှိနေပြီး နည်းပြသစ်အနေနဲ့လဲ ထိပ်တန်းအဆင့် ကစားသမားတွေကို အကောင်းဆုံးအသုံးပြုနိုင်တဲ့ နည်းပြဖြစ်လို့ အဖွင့်ပွဲမှာ အေဗီလာကို ဖိအားပေးကစားနိုင်ဖို့ သေချာပါတယ်။ သူတို့အသင်းဟာ ရာသီကြို ပြင်ဆင်မှုမှာ ရလဒ်မကောင်းခဲ့ပေမဲ့ နည်းပြ လိုပက်တီဂူဟာ အသင်းရဲ့ အားနည်းချက်ကို တွေ့ရှိခဲ့ပြီး အချိန်မီပြင်ဆင်ဖို့ ကစားသမားသစ်တွေ ထပ်မံခေါ်ယူခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ဘောလုံး ရာသီ အဖွင့်ပွဲစဉ်မှာလဲ ဘုန်းမောက်ကို တစ်ဂိုးစီသရေကစားခဲ့ပြီး ရှုံးပွဲ မရှိခဲ့သလို ရာသီအစ ပွဲစဉ်တွေမှာ ရလဒ်ကောင်းခဲ့တာကို သတိပြုရမှာပါ။

အေဗီလာအသင်းဟာ နည်းပြသစ် အမ်မရီလက်ထက်မှာ ခြေစွမ်းပိုင်း တိုးတက်လာတာကြောင့် အခုရာသီမှာ ချန်ပီယံလိဂ်ကစားခွင့်ရခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းကလဲ ကစားသမားဖြည့်တင်းမှုတွေ အဖြစ် မာအက်ဆန်၊ ဘာကလေ၊ ဖီလိုဂီနီ၊ အိုနာနာတို့လို ကစား သမားတွေ ခေါ်ယူခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ အသင်းကတိုက်စစ်မှူး ဒီယာဘီနဲ့ ဒေါက်ကလပ်လူးဝစ်တို့ကို လက်လွှတ်ခဲ့ရတာကြောင့် တိုက်စစ်ပိုင်းမှာ အားနည်းချက်တော့ ရှိလာမှာသေချာပါတယ်။ တိုက် စစ်မှူး ဒီယာဘီဟာ အသင်းကိုချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ သူ့ရဲ့သွင်းဂိုးတွေ ပါဝင်ကူညီခဲ့တာကြောင့် တိုက်စစ်ပိုင်းမှာ အိုလီဝက်ကင်း တစ်ဦးတည်းနဲ့ အလုပ်ဖြစ်ပါ့မလားဆိုတာ စောင့်ကြည့်ရမှာပါ။ နည်းပြအမ်မရီအနေနဲ့ လူငယ်ကစားသမား အာချာကို ခေါ်ယူထားပေမဲ့ ပရီးမီးယားလိဂ်နဲ့ အသားကျဖို့အချိန်ပေးရမှာဖြစ်လို့ အခုပွဲစဉ်မှာ ဂိုးရဖို့ ခက်ခဲနိုင်ပါတယ်။ ရာသီကြိုပြင်ဆင်မှုမှာတော့ အသင်းငယ်တွေကိုသာ တိုက်စစ်ပိုင်းက ဂိုးသွင်းယူနိုင်ခဲ့ပြီး လိုက်ပ်ဇစ်၊ ဒေါ့မွန်တို့လိုအသင်းတွေကို ဂိုးရဖို့ရုန်း ကန်ခဲ့ရတာကိုကြည့်ရင် အေဗီလာအသင်းတိုက်စစ်ပိုင်းက ဝက်စ်ဟမ်း အသင်းခံစစ်ကို ကျော်ဖြတ်ဖို့ ခက်ခဲမှာပါ။ သူတို့နှစ်သင်း ပြီးခဲ့တဲ့နှစ် တွေ့ဆုံမှုမှာ အေဗီလာအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ ရခဲ့ပေမဲ့ အစဉ်အလာပိုင်းမှာတော့ ဝက်စ်ဟမ်းအသင်းက အသာရနေတာကြောင့် အိမ်ရှင်ဝက်စ်ဟမ်းကိုပဲ အားပေးရမှာပါ။

**ဝက်စ်ဟမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖီရန်ဗာရို့ | ၂ | - | ၂ | ဝက်စ်ဟမ်း |
| ဒါဂျန်ဟန် | ဝ | - | ၁ | ဝက်စ်ဟမ်း |
| ဝက်စ်ဟမ်း | ၁ | - | ၃ | ဝုဗ် |
| ပဲလေ့စ် | ၃ | - | ၁ | ဝက်စ်ဟမ်း |
| ဝက်စ်ဟမ်း | ၂ | - | ၂ | ဆဲလ်တာဗီဂို |

**အေဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကိုလံဘတ် | ၄ | - | ၁ | အေဗီလာ |
| ဆဲလ်ဘတ် | ၂ | - | ဝ | အေဗီလာ |
| အမေရိက | ၁ | - | ဝ | အေဗီလာ |
| အေဗီလာ | ၃ | - | ၂ | ဘီလ်ဘာအို |
| ဒေါ့မွန် | ၂ | - | ဝ | အေဗီလာ |

**မာဆေးအသင်းကို ရွေးချယ်ရမှာပါ**

လီဂူးဝမ်းအဖွင့်ပွဲစဉ်မှာ အကြိုက်တွေ့မိတာကတော့ ဘရက်အသင်း နဲ့ မာဆေးအသင်းတို့ပွဲစဉ်ပဲ ဖြစ်ပါတယ်။ ဘရက်အသင်းဟာ ပြီးခဲ့ တဲ့ဘောလုံးရာသီမှာ လီဂူးဝမ်းကို တန်းတက်လာခဲ့ပြီး ခြေစွမ်းပြသ နိုင်ခဲ့တာကြောင့် ရာသီပိတ်သိမ်းချိန်မှာ အဆင့်(၃) မှာရပ်တည်ခဲ့လို့ ချန်ပီယံလိဂ်ဝင်ခွင့်ရခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ထိပ်တန်း အဆင့်ကစားသမားမရှိပေမဲ့ နည်းပြအဲရစ်ရွိုင်ရဲ့ နည်းစနစ်ပိုင်းမှာ ကစားသမားအားလုံး ပါဝင်ခြေစွမ်းပြသနိုင်ခဲ့တာကြောင့် ရလဒ်ကောင်း ခဲ့တာကို သတိပြုရမှာပါ။ လက်ရှိမှာလဲ အဓိကကစားသမားခေါ်ယူဖို့ မလုပ်ဘဲ အသင်းက ကစားသမားတွေကိုသာ ဆက်လက်ထိန်းသိမ်းဖို့ ကြိုးစားခဲ့တာကို တွေ့ရမှာပါ။ ရာသီကြိုခြေစမ်းပွဲစဉ် ခြောက်ပွဲကစား ခဲ့ရာမှာ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ် ထွက်ပေါ်ခဲ့ပြီး ဂျူဗင် တပ်အသင်းကို နှစ်ဂိုးစီသရေကစားနိုင်ခဲ့တာကို သတိပြုရမှာပါ။ ဒါကြောင့် နည်းပြအဲရစ်ရွိုင်ဟာ အသင်းရဲ့ ပုံစံကောင်းတွေကို ဆက် ထိန်းနေနိုင်တာလားဆိုတာ အဖွင့်ပွဲစဉ်မှာ စောင့်ကြည့်ရမှာပါ။ ကစား သမားစုဖွဲ့မှုနဲ့ အစဉ်အလာမှာတော့ မာဆေးကို ယှဉ်မရသေးတာကြောင့် အခုပွဲစဉ်မှာ ဘရက်အသင်း ရုန်းကန်ရဖို့များပါတယ်။

မာဆေးအသင်းဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ အဆင့်(၈) နဲ့ပြီးဆုံးခဲ့ တာကြောင့် ဥရောပယှဉ်ပြိုင်ခွင့်နဲ့ လွဲချော်ခဲ့လို့ ရာသီပိတ်သိမ်းချိန်မှာ နည်းပြ ဒီဇာဘီကို ခန့်အပ်လိုက်ပြီး ပြင်ဆင်မှုတွေ လုပ်ခဲ့တာကို တွေ့ရမှာပါ။ နည်းပြသစ်ဟာ ရာသီသစ်မှာ အောင်မြင်မှုရဖို့ ခံစစ်မှာ ဘရက်စီယာ၊ ကွင်းလယ်မှာ ဟော့ဂျက်၊ တိုက်စစ်မှာ ဂရင်းဝုဒ်၊ ဝါဟီ၊ ဂိုးသမား ရူလီတို့လို အဓိက ကစားသမားတွေ ခေါ်ယူအားဖြည့်ခဲ့တာ ဖြစ်ပါတယ်။ ဒီဇာဘီဟာ ပရီးမီးယားလိဂ်ကလပ် ဘရိုက်တန်လိုအသင်း ကိုတော့ အလယ်တန်းအဆင့်ရောက်အောင် လုပ်နိုင်ခဲ့သလို လူငယ် ကစားသမားကောင်းတွေ မွေးထုတ်ပေးနိုင်ခဲ့တာကြောင့် ဥရောပ ထိပ်သီးကလပ်တွေက အပြိုင်စိတ်ဝင်စားခဲ့ပေမဲ့ မာဆေးအသင်းကိုသာ တာဝန်ယူဖို့ ဆုံးဖြတ်ခဲ့ပြီး သူ့စိတ်ကြိုက် ကစားသမားတွေ ခေါ်ယူနေ တာကို တွေ့ရမှာပါ။ရာသီကြိုပြင်ဆင်မှုမှာတော့ နီမက်တစ်သင်းကိုသာ ရှုံးခဲ့ပြီး ကျန်ပွဲစဉ်လေးပွဲမှာတော့ လေးပွဲစလုံးရှုံးပွဲမရှိခဲ့ဘဲ တိုက်စစ်က ၁၁ ဂိုးထိသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့ ရာသီတွေ့ဆုံမှု နှစ်ကြိမ်မှာ တစ်ပွဲစီနိုင်ခဲ့ပေမဲ့ သမိုင်းတစ်လျှောက် တွေ့ဆုံမှုမှာတော့ မာဆေးက ရှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ လေးပွဲသာရှုံးခဲ့တာကြောင့် အဘက် ဘက်က သာလွန်နေတဲ့ မာဆေးအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**ဘရက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရက် | ၁ | - | ၁ | လိုရီယန့် |
| လာဗယ် | ၁ | - | ဝ | ဘရက် |
| နာပိုလီ | ၁ | - | ဝ | ဘရက် |
| ဂျူဗင်တပ် | ၂ | - | ၂ | ဘရက် |
| နယူးကာဆယ် | ၁ | - | ဝ | ဘရက် |

**မာဆေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မာဆေး | ဝ | - | ၂ | နီမက် |
| မာဆေး | ၃ | - | ဝ | တူလွန် |
| မာဆေး | ၃ | - | ဝ | ပါအူ |
| မာဆေး | ၂ | - | ၂ | ဆန်းဒါးလန်း |
| အော့ဘက်စ် | ၁ | - | ၃ | မာဆေး |

**အင်တာမီလန်အသင်း အနိုင်ရမှာပါ**

စီးရီးအေအဖွင့်ပွဲစဉ်မှာ အကြိုက်တွေ့မိတာကတော့ ဂျီနိုအာအသင်းနဲ့ အင်တာမီလန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဂျီနိုအာအသင်းကလဲ အသင်းလိုက်ကစားအားကောင်းတဲ့ အသင်းဖြစ်တာကြောင့် ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ အဆင့်(၁၁) မှာရပ်တည်နိုင်ခဲ့လို့ တန်းတက်အသင်း တွေထဲမှာ ခြေစွမ်းအကောင်းဆုံး ဖြစ်ခဲ့တာကို တွေ့ရမှာပါ။ အခု အပြောင်းအရွှေ့မှာတော့ အဓိက ကစားသမားအဖြစ် မာဆေးတိုက်စစ်မှူး အိုလီဗီအဲရာ တစ်ဦးသာခေါ်ယူနိုင်ခဲ့ပြီး အသင်းက ခြေစွမ်းပြကစား သမားတွေကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့ အသင်းဟာ အသင်းကြီးတွေနဲ့ဆို ခံစစ်အသားပေးကစားပြီး တန်ပြန် တိုက်စစ်နဲ့ အဝေးကန်ချက်တွေကနေ ဦးဆောင်ဂိုးရဖို့ ကြိုးစား တတ်တာဖြစ်ပါတယ်။ ရာသီကြိုပြင်ဆင်မှုကိုတော့ နိုင်ငံတွင်းက ကလပ် အသင်းတွေနဲ့သာကစားခဲ့ပြီး သုံးပွဲနိုင် တစ်ပွဲရှုံးခဲ့ပေမဲ့ ခံစစ်က အားနည်းချက်ရှိခဲ့တာကို တွေ့ရမှာပါ။

အင်တာမီလန်အသင်းကတော့ နည်းပြအင်ဇာဂီ လက်အောက်မှာ ပုံစံကောင်းရရှိနေတာကြောင့် ပြီးခဲ့တဲ့ ရာသီမှာ စီးရီးအေဆုဖလား ရရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာလဲ အသင်းရဲ့ အဓိကတိုက်စစ်မှူး မာတီနက်ဇ်ကို ကာလရှည်သက်တမ်းတိုးနိုင်ခဲ့သလို ကွင်းလယ်ပိုင်းမှာ ဖရက်တက်ဆီ၊ အော်ဂတ်စတို၊ မာတီနက်ဇ်၊ တာရီမီတို့လို ခြေစွမ်းပြ ကစားသမားတွေကို ထပ်မံခေါ်ယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ နည်းပြ အင်ဇာဂီကတော့ ရာသီကြိုပြင်ဆင်မှုအနေနဲ့ ခြေစမ်းပွဲခြောက်ပွဲ ကစားခဲ့ပြီး သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ နည်းပြအင်ဇာဂီကတော့ ပုံမှန်အသုံးပြုနေတဲ့ ၃-၅-၂ ကစားကွက်နဲ့ ပွဲထွက်နေပြီး ဒီကစားကွက်မှာ တောင်ပံကစားသမား တွေက ခံစစ်တိုက်စစ်လိုက်ပါကစားနိုင်တာကြောင့် သူတို့အသင်း ကစားပုံဟာ သာမန်အသင်းတွေဆို ထိန်းချုပ်ဖို့ ခက်ခဲနေတာကို တွေ့ရမှာပါ။ လာမဲ့ပွဲစဉ်မှာ ဒီဗရီ၊ ဘူချာနန်၊ ဇီလန်စကီးတို့ ဒဏ်ရာ ကြောင့် မပါနိုင်ပေမဲ့ အဲဒီကစားသမားတွေနေရာမှာပါဝင်ကစားနိုင်တဲ့ ကစားသမားတွေရှိနေတာကြောင့် ဂျီနိုအာလိုအသင်းကို ပွဲချိန်ပြည့် ဖိအားပေးနိုင်မှာ သေချာပါတယ်။ ဒါကြောင့် ချန်ပီယံဆုကို ကာကွယ်ဖို့ တိုက်စစ်မြှင့်ကစားလာမဲ့ အင်တာမီလန်အသင်းပဲ အနိုင်ရမှာပါ။

**ဂျီနိုအာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျီနိုအာ | ၂ | - | ဝ | ဘိုလော့နာ |
| ဗီနီဇီယာ | ၁ | - | ၃ | ဂျီနိုအာ |
| ဂျီနိုအာ | ၃ | - | ၂ | မန်တိုဗာ |
| ဘရက်ရှား | ၂ | - | ဝ | ဂျီနိုအာ |
| ဂျီနိုအာ | ၁ | - | ဝ | ရက်ဂျီးနား |

**အင်တာမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အင်တာမီလန် | ၂ | - | ၁ | ပါဂိုလက်တီစီ |
| အင်တာမီလန် | ၃ | - | ဝ | လက်ပါးမက် |
| ပီဆာ | ၁ | - | ၁ | အင်တာမီလန် |
| အင်တာမီလန် | ဝ | - | ၂ | အယ်အီသီဟာတ် |
| ချဲလ်ဆီး | ၁ | - | ၁ | အင်တာမီလန် |

## ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲမေးခွန်းနမူနာပုံစံများအား
## Myawady Webportal နှင့် Myanmar National Portal တွင် လေ့လာနိုင်သည်

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady.net.mm/cadets) နှင့် Myanmar National Portal (www.myanmar.gov.mm/documents) တို့တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)



လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)



## တာဟုန်ဖန်
### လျှပ်စစ်ပစ္စည်းအရောင်းဆိုင်

(၁) ဂိုဒေါင်မှူး အမျိုးသား/အမျိုးသမီး (၁) ဦး
(၂) အရောင်းဝန်ထမ်း အမျိုးသား/အမျိုးသမီး (၄) ဦး
(၃) Marketing အမျိုးသား/အမျိုးသမီး (၄) ဦး
- ကိုယ်ပိုင်ဆိုင်ကယ်၊ (က) လိုင်စင်နှင့် လူလိုင်စင် ရှိရမည်
(၄) တရုတ်စကားပြန် အမျိုးသား/အမျိုးသမီး (၁) ဦး
- လစာ (ညှိနှိုင်း)
(၅) မီးပူတိုက် အမျိုးသမီး (၁) ဦး

အထက်ပါဝန်ထမ်းများသည် အသက် (၁၈) နှစ်မှ (၂၅) နှစ်အတွင်း ဖြစ်ရမည်။ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ CV ဖောင်အပြည့်အစုံနှင့် လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

လိပ်စာ - ၆၂လမ်း၊ ၁၁၀ × ၁၁၁ လမ်းကြား၊ မန္တလေးမြို့။
ဖုန်း - 09-400877900 , 09-400877100



## ခြင်ဆေးခွေသုံးလျှင် သတိယှဉ်
## အောက်တွင်ခံခွက် မမေ့နှင့်



### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အ.ထ.က(၁)၊ Grade-12 (နှင်းဆီ)ခန်းတွင် ပညာသင်ကြားနေသော မောင်လွင်ချမ်းသာ ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဖုန်းကျော် ဖြစ်ပါကြောင်း။ ဦးဖုန်းကျော် (၉/ကဆန(နိုင်)၁၁၁၃၇၅)


# ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၄၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကောလင်း ဩဂုတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၄၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၄၇၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကောလင်းမြို့နယ်တွင် ပဲစင်းငုံ ၃၄၃ ဧက၊ ဝန်းသိုမြို့နယ်တွင် ၇၇ ဧက စုစုပေါင်း ဧက ၄၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ ပဲစင်းငုံ ၄၇၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ် အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၃၉၄ ဧက၊ ဝန်းသိုမြို့နယ်တွင် ၈၁ ဧက စုစုပေါင်း ၄၇၅ ဧက ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကောလင်းခရိုင်တွင် ပဲစင်းငုံ စိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ယူရီးယားနှင့် လက်ချားဓာတ်မြေဩဇာပေါင်းစပ်သုံးစွဲသည့် နည်းပညာများဖြန့်ဝေခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မင်းလှမြို့နယ် တောင်ဦးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

မင်းလှ ဩဂုတ် ၁၅

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးမိုးဝင်း၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ တောင်ဦးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ကွန်ကရစ်လမ်းကို အကျိုးရှိစွာအသုံးပြုကြရန်၊ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့သည်။

မင်းလှမြို့နယ် တောင်ဦးကျေးရွာ၌ အရှည် ၄၈၅ ပေ၊ အကျယ် ၁၅ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေမှ သုံးစွဲခွင့်ရှိသော ငွေကျပ်သိန်း ၁၅၀ ဖြင့် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန် ၂၄ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခြင်းကြောင့် ကျေးရွာရှိ အိမ်ခြေ ၆၄၅ အိမ်မှ လူဦးရေ ၂၉၆၈ ဦးတို့ သွားလာမှု လွယ်ကူနေပြီဖြစ်ကြောင်း သိရသည်။

ကိုညို

**Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။**

- ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
- ငွေသွင်းငွေထုတ်ခြင်း / ငွေလွှဲခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- Gift Card ပေးခြင်း
- Internet Bill ပေးဆောင်ခြင်း
- E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- ဈေးဝယ်ခြင်း

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များ ပေးဆောင်ရာတွင် MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ။



**အငြိမ်းစား** လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# အထူးကျေးဇူးတင်ရှိပါကြောင်း

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟာန်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ် ကြည်ကြည် အသက် (၈၉) နှစ်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၂၆ လမ်း၊ ၈၉ လမ်းထောင့်၊ ဆိုင်းတန်းရပ်နေ ဦးတုန်-ဒေါ်သိန်းရင်(ဦးတုန်-သစ်စက်)တို့၏သမီး၊ ဦးချင်းလှောင်-ဒေါ်ကြင်လှိုင်တို့၏သမီးချွေးမ ဦးကိုကို-ဒေါ်ရီရီ၊ ဦးစိန်ဝင်း-ဒေါ်ရင်မေ တို့၏ညီမ၊ ဒေါ်သန်းသန်း၊ ဦးကျော်စိန်-ဒေါ်ခင်မျိုးသိုက် ဦးခင်မောင်ငွေ-ဒေါ်ခင်စန်းဝေ၊ ဦးခင်မောင်အေး-ဒေါ်နွဲ့နွဲ့သန်း၊ ဦးခင်မောင်ထွေး-ဒေါ်မေဇော်ဦးတို့၏အစ်မ ဦးသိန်းထွန်းအောင်၊ ဒေါ်မိုးမိုးအောင်၊ ဦးအေးမင်းအောင်+Lu Finalay တို့၏ကျေးဇူးရှင်မွေးသမိခင် မောင်အောင်မိုးမြင့်၊ Andrew Aung Moe တို့၏အဖွား

**မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးမြင့်အောင်** ၏ ချစ်လှစွာသောဇနီး **ဒေါ်ကြည်ကြည်** သည် ၁၃၈၆-ခု၊ ဝါခေါင်လဆန်း(၆)ရက်၊ ၁၀-၈-၂၀၂၄ (စနေနေ့) နံနက် (၁:၂၅)မိနစ်အချိန်တွင် ဘဝတစ်ပါးသို့ ပြောင်းသွားကွယ်လွန်အနိစ္စရောက်သွားပါ၍ ၁၃၈၆ ခု၊ ဝါခေါင်လဆန်း(၇)ရက်၊ ၁၁-၈-၂၀၂၄ (တနင်္ဂနွေနေ့)၊ နံနက် (၁၀:၀၀)နာရီအချိန်တွင် အေးရိပ်ငြိမ်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းနှင့် ကွယ်လွန်သူ မိခင် ဒေါ်ကြည်ကြည် နာမကျန်းဖြစ်စဉ်ကာလများတစ်လျှောက် ကုသစောင့်ရှောက် ပေးကြပါသော သမားတော်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ အဖက်ဖက်မှ ဝိုင်းဝန်းကူညီ ပေးကြပါသော သံဃာတော်များ၊ ဆရာသမားများ၊ ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ စာဖြင့်၊ ဖုန်းဖြင့် စိတ်ခွန်အားပေးကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုး၊ သူငယ်ချင်း၊ မိတ်ဆွေများအားလုံး၊ ကွမ်းတုံဘုံကျောင်း (၂၇လမ်း၊ မန္တလေး)မှ လာရောက်ဂါရဝပြုကြသော အသင်းလူကြီးများ၊ ကွယ်လွန်သူမိခင်ကြီး၏ နောက်ဆုံးအချိန်နှင့် ဈာပန၊ ရက်လည်ဆွမ်းကပ်အတွက် စီစဉ်ဆောင်ရွက် ပေးသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျန်ရစ်သူမိသားစုက လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

# စားသောက်ကုန်လုပ်ငန်းမှ ဝန်ထမ်းအမြန်အလိုရှိသည်

၁။ ယာဉ်မောင်း အမျိုးသား (၃) ဦး
- အခြေခံလစာ (၃၀၀,၀၀၀)
- နိုင်ငံသားစိစစ်ရေးကတ်(မှတ်ပုံတင်)မူရင်းရှိရမည်
- အသက် (၁၈) နှစ်မှ (၃၅) နှစ်အတွင်း

၂။ ကွန်ပျူတာ Accounting အမျိုးသမီး (၁) ဦး
- အခြေခံလစာ (၄၅၀,၀၀၀)
- LCCI Level I , II , III အောင်မြင်ပြီးသူဖြစ်ရမည်
- English စာကျွမ်းကျင်သူဖြစ်ရမည်
- အသက် (၁၈) နှစ်မှ (၃၅) နှစ်အတွင်း
- နိုင်ငံသားစိစစ်ရေးကတ်(မှတ်ပုံတင်)မူရင်းရှိရမည်

၃။ ကွန်ပျူတာစာရင်းကိုင် အမျိုးသမီး (၂) ဦး
- အခြေခံလစာ (၃၀၀,၀၀၀)
- ကွန်ပျူတာ Excel ပိုင်း ကျွမ်းကျင်ရမည်
- အသက် (၁၈) နှစ်မှ (၃၅) နှစ်အတွင်း
- အလုပ်ချိန် နံနက် (၈:၀၀) နာရီမှ (၆:၀၀)ထိ

**မှတ်ချက်** - ကျောင်းကိစ္စကင်းရှင်းသူဖြစ်ရမည်။
- အိမ်ထောင်ရှိသူများလည်း လာရောက်လျှောက်ထားနိုင်ပါသည်။ နေစရာပေးသည်။ ထမင်းကျွေးသည်(ဟင်းမပါပါ)။ စိတ်ဝင်စား၍ လာရောက်လျှောက်ထားလိုပါက 71(D) လမ်းနှင့် 111 လမ်းထောင့်၊ မန္တလေးမြို့၊ Ph; 09-451000075 သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

# ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ အ.ထ.က မုံပင်၊ နဝမတန်းတွင် ပညာသင်ကြားနေသော မောင်ဖြိုးဇော်ဦး ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုးခိုင် ဖြစ်ပါကြောင်း။

**ဦးစိုးခိုင်**
**(၉/မလန(နိုင်)၀၆၉၆၃၄)**

# ပျောက်ဆုံးကြောင်း

ရမည်းသင်းမြို့နယ်၊ ကန်ဘဲ့ကျေးရွာနေ မခင်ငြိမ်ထက် (ဘ) ဦးမောင်မောင်မြင့် (၉/ရမသ(နိုင်)၂၅၀၃၅၃)၏ နိုင်ငံကူး လက်မှတ်အမှတ် (MG-515720)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၂၅၉၂၃၀၉၈၈

# ပျောက်ဆုံးကြောင်း

မတ္တရာမြို့၊ ရတနာဘုမ္မိကျေးရွာနေ ဦးဝေယံဦး (ဘ) ဦးတင်လှ (၉/မတရ(နိုင်)၂၂၃၄၃၈) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-651591)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၉၆၁၃၈၀၉၇၀

❖ ခေါင်းဆောင်ဆိုသည်မှာ အကျင့်စာရိတ္တကောင်းရမည်၊သမာသမတ်ရှိရမည်၊လက်အောက်အပေါ် စိတ်ကောင်းစေတနာကောင်းရှိရမည့်အပြင် ကိုယ်ချင်းစာစိတ်နှင့်ကွပ်ကဲအုပ်ချုပ်သွားကြရမည်ဖြစ်...

❖ အကျင့်စာရိတ္တကောင်းမွန်မှသာ လုပ်ဆောင်ပြုမူပြောဆိုချက်များ အောင်မြင်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန်လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ



နေပြည်တော် ဩဂုတ် ၁၅

ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်အမျိုးသား၊အမျိုးသမီးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှ စတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်အမျိုးသား၊အမျိုးသမီးပြိုင်ပွဲ အမျိုးသားပြိုင်ပွဲ အုပ်စုပွဲစဉ်များယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို လေးဂိုးနှစ်ဂိုးဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့

စာမျက်နှာ ၁၇ ကော်လံ ၁ ❖

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ဆရာ၊ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## စစ်တောင်းမြစ်ရေ မဒေါက်မြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၅

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (စင်တီမီတာ ၁၀၇၀) အထက်သို့ ပေဝက်ခန့် (၁၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်လက်မခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

ဥရောပစူပါဖလားဗိုလ်လုပွဲတွင် ရီးရဲလ်မက်ဒရစ်အသင်းက အတ္တလန်တာအသင်းကို အနိုင်ယူကာ ချန်ပီယံဆုဖလား ဆွတ်ခူး စာမျက်နှာ- ၉

တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ စာမျက်နှာ- ၂၂